The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 7 September 2020 ၁၀၁၂၈

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဇွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေဇွာတိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းနှင့် သားဖွားခန်းပါ နှစ်ထပ်တိုးချဲ့ဆောင် ဆောက်လုပ်မှုအား ကြည့်ရှုစစ်ဆေးစဉ်။

ဂန့်ဂေါ စက်တင်ဘာ ၆

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ် (တောင်ပိုင်း)၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မတူပီမြို့မှ ရေဇွာမြို့သို့ရောက်ရှိပြီး ရေဇွာတိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းနှင့် သားဖွားခန်းပါ နှစ်ထပ်တိုးချဲ့ဆောင်ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေဖေက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြသသည်။

အဆိုပါ တိုးချဲ့ဆောင်သည် အလျား ၉၅ ဒသမ ၆ ပေ၊ အနံပေ ၅၀ ရှိပြီး သံကူကွန်ကရစ် နှစ်ထပ်အမျိုးအစားဖြစ်ကာ လုပ်ငန်းတစ်ခုလုံး တန်ဖိုးငွေကျပ် ၄၇၂ ဒသမ ၃၆ သန်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရေဇွာမြို့ လမ်းဦးစီးရိပ်သာသို့ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် (Mission Aviation Fellowship – MAF) Site Manager, Mr. Terry တို့က လိုင်လင်းပီမြို့ လေယာဉ်ကွင်းငယ်ဆိုင်ရာ အချက်အလက်များ၊ လေယာဉ်ကွင်းငယ် တည်ဆောက်လျက်ရှိသည့်အခြေအနေ၊ လေယာဉ်ကွင်းငယ်တည်ဆောက်နေသည့်ပုံစံနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ လိုင်လင်းပီ လေယာဉ်ပြေးလမ်းအတွက်လိုအပ်သည့် ကျောက်ထုတ်ကျောက်ခွဲခြင်းလုပ်ငန်းအခြေအနေ၊ လိုင်လင်းပီလေယာဉ်ကွင်းငယ်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၁၇၃ / ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်)

ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ကြေညာချက် ထုတ်ပြန်ခြင်း

၁။ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြုကြေညာထားသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းသို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးမှုများပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှုရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ **ညွှန်ကြားချက်အမှတ် (၁/၂၀၁၄) ကို ၁-၇-၂၀၁၄ ရက်စွဲဖြင့်** ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ညွှန်ကြားချက်အမှတ်(၁/၂၀၁၄)အား ပြင်ဆင်သည့် ညွှန်ကြားချက်များဖြစ်သည့် မဲဆွယ်စည်းရုံးရေးကာလအဖြစ် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီတစ်ရက်အလိုအထိ ရက်ပေါင်း ၆၀ စည်းရုံးခွင့်ရှိကြောင်း ၂၅-၆-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၄ / ရကပ /ကမရဖြင့် လည်းကောင်း၊ စုဝေးဟောပြောခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ သက်ဆိုင်ရာ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ

ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းအပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းကို ထပ်မံဖြည့်စွက်

စာမျက်နှာ » ၅

ကိုဗစ် - ၁၉ ရောဂါ ကူးစက်နိုင်သည့် နည်းလမ်းများမှ ကာကွယ်ခြင်း

ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

ဥပဒေ၊ စည်းကမ်းလိုက်နာ ဘေးကင်းကွာ

မြန်မာနိုင်ငံတွင် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများ၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များသည် ပြည်သူအားလုံး လိုက်နာရမည့်အချက်များ ဖြစ်သည်။ ထုတ်ပြန်ချက်များသည် အများပြည်သူတို့အား အနေအထိုင်ကျပ်တည်း အခက်အခဲဖြစ်အောင် ထုတ်ပြန်ထားခြင်းမဟုတ်ပေ။ အများပြည်သူတို့ အကျိုးစီးပွားအတွက်၊ ပြည်သူတို့ကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် အခြေအနေအချိန်အခါနှင့်လျော်ညီစွာ ထုတ်ပြန်ထားခြင်း ဖြစ်သည်။

ဥပဒေ၊ စည်းကမ်းအပိုင်းတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ကိုင်တွယ်မှုညင်သာပြီး အသိတရားဖြင့် လိုက်နာမှုကိုလိုလားကာ လိုအပ်မှသာအရေးယူလေ့ရှိသည်။ မြန်မာနိုင်ငံရှိ ပြည်သူများမှာ လွတ်လပ်စွာ နေထိုင်ကြရပြီး ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းကမ်းများကို ဆိုးဆိုးရွားရွား ချိုးဖောက်လျှင်မှ အရေးယူခံကြရသည်။ ကိုဗစ်-၁၉ ကာလတွင် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများအပြင် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။ ထုတ်ပြန်ထားသည့်အချက်များကိုလည်း အကြိမ်ကြိမ် အခါခါ သတိပေးလျက်ရှိသည်။ နှိုးဆော်အသိပေးလျက်ရှိသည်။

ယခုကာလတွင် ပြည်သူများအနေဖြင့် ကပ်ရောဂါနှင့်ပတ်သက်၍ သတိမမူ ပေါ့ဆလာကြပြီး ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာမှုအားနည်းလာကြသည်။ အကျိုးဆက်မှာ မကြာသေးမီရက်သတ္တပတ်မှစတင်၍ ကိုရိုနာဗိုင်းရပ်စ်ပိုး ပြန့်ပွားမှု ပိုမိုများပြားလာခဲ့သည်။ တစ်ရက်နှင့်တစ်ရက် ရောဂါပိုးတွေ့ရှိမှု စံချိန်တင်မြင့်မားလာခဲ့သည်။ ထပ်တိုးသေဆုံးမှုလည်း ရှိလာခဲ့သည်။ ထို့ကြောင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို မလိုက်နာကြသူများအား ဥပဒေအရအရေးယူမှုများ ပြုလုပ်ခဲ့ရသည်။

ရောဂါကပ်ဘေးကာလတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း မလိုက်နာသူများအား ကူးစက်ရောဂါ တားဆီးနှိမ်နင်းရေးဥပဒေ၊ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်မှု၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥပဒေ၊ ရာဇသတ်ကြီးဥပဒေတို့ဖြင့် အရေးယူခဲ့ရသည်။ ကန့်သတ်ထားရှိသည့်နေရာမှ ထွက်ပြေးခြင်း၊ ပြည်ပမှ ပြန်ဝင်လာကြောင်း အသိမပေးခြင်း၊ အခြားနေရာများသို့ သွားလာခြင်း၊ လူစုလူဝေးပြုလုပ်ခြင်း၊ ကျန်းမာရေးစစ်ဆေးရန်ခေါ်ယူရာတွင် လက်မခံဘဲ ထွက်ပြေးခြင်း၊ ပါးစပ်နှာခေါင်းစည်း မတပ်ဘဲ သွားလာခြင်း၊ ကန့်သတ်ထားရှိရမည်ကို မခံယူဘဲ ရှောင်တိမ်းခြင်း ပြုလုပ်ခဲ့ကြသူများအား ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ တစ်နိုင်ငံလုံး၌ အမျိုးသား၊ အမျိုးသမီး ၁၃၉၀၈ ဦးကို အရေးယူခဲ့ရသည်။

ကိုဗစ်-၁၉ စောင့်ကြည့်ကာလအတွင်း အရက်သေစာသောက်စားသူများ၊ စည်းကမ်းသတ်မှတ်ချိန်တွင် စားသောက်ဆိုင်များတွင် ဝိုင်းဖွဲ့စားသောက်ရန် လက်ခံခြင်း၊ လူစုလူဝေးဖြင့် မင်္ဂလာပွဲကျင်းပခြင်း၊ ဆေးရုံတွင် စောင့်ကြည့်လူနာဖြင့် တက်ရောက်နေစဉ် ထွက်ပြေးခြင်း၊ Quarantine စင်တာများကို နှောင့်ယှက်ခြင်း၊ သတင်းမှားများ ဖြန့်ဝေခြင်း၊ ဝတ္တရားနှောင့်ယှက်ခြင်း၊ လူစုလူဝေးဖြင့် ဆန္ဒပြခြင်း၊ ဘာသာရေးအခမ်းအနားများ ကျင်းပခြင်းတို့ပြုလုပ်သူတို့ကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူခဲ့သည်။ ထို့အပြင် KTV၊ Club၊ Bar နှင့် အနှိပ်ခန်းများဖွင့်လှစ်ထားမှုများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရှာဖွေဖော်ထုတ်၍ အရေးယူခဲ့ပြီး ညမထွက်ရအမိန့်ကို မလိုက်နာသည့်အတွက် ဖောက်ဖျက်သူ ၅၅၇၀ ကို ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် အရေးယူခဲ့သည်။

ဤကဲ့သို့ အရေးယူခြင်းသည် ပြည်သူများအား ဖိနှိပ်လိုခြင်းမဟုတ်ဘဲ ပြည်သူအားလုံး ရောဂါဘေးအန္တရာယ် မဖြစ်စေရေး၊ မည်သည့်အတွက်ကြောင့် အရေးယူရသည်ကို နားလည်နိုင်စေရေး၊ ဥပဒေ၊ စည်းကမ်းများကို လိုက်နာစေလိုရေးအတွက် အရေးယူခဲ့ရခြင်းဖြစ်သည်။ ပြည်သူများ ဥပဒေ၊ စည်းကမ်းများကို လိုက်နာမှုလျော့နည်းလာပါက ရောဂါပြန့်ပွားမှု ပိုမိုမဖြစ်လာစေရန် ဟန့်တားကာကွယ်ရသည်။ အထူးသဖြင့် ရန်ကုန်မြို့၌ ပိုမိုရောဂါပျံ့နှံ့လာပါက အန္တရာယ်ကြီးမားလာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ စည်းကမ်းလိုက်နာကြပါက ရောဂါဖြစ်ပွားမှု ကျဆင်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စည်းကမ်းရှိစွာ ဆက်လက်ရင်ဆိုင်နိုင်ပါက ရောဂါနှင့် ဒုက္ခဆင်းရဲများ ကြာရှည်စွာခံစားရမည်မဟုတ်ပေ။ စည်းကမ်းမလိုက်နာသဖြင့် ရောဂါပြန့်ပွားသွားပါက ရောဂါနှင့် ဒုက္ခဆင်းရဲဖြစ်မှုများ ကြာသင့်သည်ထက်ကြာမြင့်သွားမည်ကို သတိချပ်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကမ္ဘောဇဘဏ်က ရေရှားပါးသောဒေသများအတွက် စက်ရေတွင်းများ ဆက်လက်တူးဖော် လှူဒါန်း

ထန်တလန် စက်တင်ဘာ ၆

ကမ္ဘောဇဘဏ်က ရေရှားပါးသောဒေသများအတွက် ပူပြင်းခြောက်သွေ့သော ရာသီတွင် ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် စက်ရေတွင်းများ ဆက်လက်တူးဖော်လှူဒါန်းလျက်ရှိရာ ချင်းပြည်နယ် ထန်တလန်တွင် တူးဖော်နေသော စက်ရေတွင်းသည် ယနေ့ တူးဖော်အောင်မြင်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်က အင်္ဂလန်နိုင်ငံထုတ် အမှတ် (၁) Dando Heavy-duty ရေတွင်းတူးစက်ကြီးဖြင့် အဆိုပါရေတွင်းကို ဩဂုတ် ၁၈ ရက်တွင် စတင်တူးဖော်ခဲ့ရာ အနက်ပေ ၅၂၀ တွင် တစ်နာရီဂါလန် ၅၀၀၀ ဖြင့် ရေအောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းစက်ရေတွင်းသည် ကမ္ဘောဇဘဏ်က နိုင်ငံတစ်ဝန်းတွင် ပြည်သူများအတွက် တူးဖော်လှူဒါန်းလျက်ရှိသော စက်ရေတွင်းများအနက် ၂၇၈ တွင်းမြောက်ဖြစ်ပြီး ထန်တလန်စက်မှုအထက်တန်းကျောင်းတွင်လည်းကောင်း၊ ချင်းပြည်နယ်ရှိ အခြားရေရှားပါးသောဒေသများတွင် လည်းကောင်း တူးဖော်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် အင်္ဂလန်နိုင်ငံထုတ် အမှတ်(၂) Dando Heavy-duty ရေတွင်းတူးစက်ကြီးဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာနတွင် ဩဂုတ် ၃၀ ရက်က တစ်နာရီရေဂါလန် ၁၅၀၀ နှုန်းဖြင့် အောင်မြင်စွာ တူးဖော်လှူဒါန်းခဲ့ပြီး ဝန်ထမ်းဦးရေ ၁၀၀၀ ကျော်ကို အကျိုးပြုနိုင်ခဲ့သည့်အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့တွင် ဆက်လက်တူးဖော်လှူဒါန်းသွားမည်ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကမ္ဘောဇဘဏ်သည် ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိမ်းချုပ်ရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၁၂၀၀ တန်ဖိုးရှိ ရွှေ့လျားကိုယ်အပူချိန်တိုင်းစက် (AI Thermal Body Screening System) ခြောက်လုံးကိုလည်း ပေးအပ်လှူဒါန်းခဲ့သည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ကာ ယနေ့အချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၁၆၄၂ သိန်း လှူဒါန်းထားရှိပြီး ဖြစ်သည်။

ကြေးမုံ

ဝန်းသိုမြို့နယ်၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးဆွေးနွေး

ဝန်းသို စက်တင်ဘာ ၆

နိုင်ငံတော်အစိုးရ၏ တစ်နိုင်ငံလုံးလျှပ်စစ်မီးလင်းရေးအတွက် အမျိုးသားလျှပ်စစ်မီးလင်းရေးစီမံကိန်း NEP (OFF GRID)Solar Home System ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဘုံချောင်းကျေးရွာတွင် ICB-4 ဖြင့် မီးလင်းရေးလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုံချောင်းကျေးရွာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ မြို့နယ်ကျေးလက်ဦးစီးဌာန မီးလင်းရေးဌာနစိတ် တာဝန်ခံ ဒေါ်အိမွန်ဟိန်းနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြရာ မြို့နယ်ဦးစီးမှူးက ဆိုလာဖြင့် TV၊ EVD player၊ ပန်ကာအသုံးပြုပုံအကြောင်း လက်တွေ့တပ်ဆင်အသုံးပြု၍ ရှင်းလင်းပြသခဲ့သည်။

ဘုံချောင်းကျေးရွာတွင် အိမ်ခြေ ၆၇ အိမ်ရှိပြီး ဆိုလာအသုံးပြုရန် အိမ်ခြေ ၃၇ အိမ်ကို တင်ပြထားရာ ဆိုလာ ဝပ် ၁၀၀ တပ်ဆင်အသုံးပြုရန် အိမ်ခြေ ၁၂ အိမ်၊ ဆိုလာ ဝပ် ၆၀ တပ်ဆင်အသုံးပြုရန် ခွင့်ပြုထားပြီးဖြစ်ရာ ယင်းသို့တပ်ဆင်အသုံးပြုမည့်သူများက 100W Solar ကို ပြည်သူထည့်ဝင်ငွေကျပ် တစ်သိန်းခွဲ၊ 60W Solar ကို ပြည်သူထည့်ဝင်ငွေကျပ် ငါးသောင်း အချိုးကျထည့်ဝင်ပြီး ထည့်ဝင်ငွေအား နှစ်ကြိမ် အရစ်ကျထည့်ဝင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူထည့်ဝင်ငွေ ကျခံထည့်ဝင်သည့်အတွက် စီမံကိန်းမှ စာသင်ကျောင်းတစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ ကျန်းမာရေးဆေးခန်းတစ်ခု၊ လမ်းမီးတိုင်များကို အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်ပြီး တစ်အိမ်သုံးဆိုလာစနစ်၌ 100W နှင့် 60 W တို့တွင် ဘက်ထရီပါသော ဆိုလာနှင့်အတူ မီးသီးလေးလုံး၊ မီးချောင်းတစ်ချောင်းတို့ကို အိမ်များ၌ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွေးကြူဇင်(မုံရွာကိုယ်ပွား)

နမ့်စန်မြို့နယ်၌ ငါးသားပေါက်များ ထောက်ပံ့

နမ့်စန် စက်တင်ဘာ ၆

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်မှ ကိုဗစ်-၁၉ ရောဂါကာလ CERP အစီအစဉ်အရ ငါးသားပေါက်များ ပံ့ပိုးလျက်ရှိရာ ငါးမွေးတောင်သူကိုးဦး၏ ငါးမွေးမြူရေးကန် ၅၉ ဒသမ ၃၉ ဧကအတွက် ညောင်ရွှေငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနှင့် မြက်စားငါးကြင်း ငါးသားပေါက်ကောင်ရေ ၁၁၈၇၈၀ ကောင်အား ရှမ်းပြည်နယ်ခေတ္တပြည်နယ်ဦးစီးဌာနမှူး ဦးကျော်သီဟထွေးနှင့် နမ့်စန်မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မုန်တော - ဟာသာ - ဟားခါးလမ်း ဖောက်လုပ်နေမှုနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ဟားခါး) တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေး

ဟားခါး စက်တင်ဘာ ၆

ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးရန် ဂန့်ဂေါမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မုန်တော - ဟာသာ - ဟားခါးလမ်း ဖောက်လုပ်နေမှုနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

နံနက်ပိုင်းတွင် ဒုတိယသမ္မတသည် ဂန့်ဂေါမြို့မှ မုန်တော-ဟာသာ-ဟားခါးလမ်း မိုင်တိုင် ၆၂/၂ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ချင်းပြည်နယ် လမ်းဦးစီးဌာနမှူး ဦးဆန်းလွင်က မုန်တော - ဟာသာ-ဟားခါးလမ်း ၅၄/၅ - ၆၄/၅ အတွင်း ၃၄ ပေအကျယ် မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းသည် အရှည်မိုင် ၆၆ ဒသမ ၇ မိုင်ရှိပြီး ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတို့ရှိ ဒေသခံပြည်သူများ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ချင်းပြည်နယ် ဟားခါးမြို့နယ် ဟာသာကျေးရွာသို့ရောက်ရှိပြီး ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဟာသာကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များဖြစ် သည့် ကျေးလက်ကျန်းမာရေးဌာနနှင့် မူကြိုကျောင်းဖွင့်လှစ်ပေးနိုင်ရေး၊ ဆရာ ဆရာမများ ဖြည့်ဆည်းခန့်ထားနိုင်ရေးနှင့် စိမ့်စမ်းရေသွယ်ယူရရှိနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မုန်တော - ဟာသာ - ဟားခါးလမ်းပေါ်ရှိ ဒေါင်ဗားချောင်းကူးတံတား တည်ဆောက်ပြီးစီးနေမှုအား ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာချုပ် ဦးမျိုးဝင်းက တံတားဆိုင်ရာ အချက်အလက်များနှင့် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက မုန်တော-ဟာသာ-ဟားခါးလမ်း သတ်မှတ်ကာလအမီ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတည်ဆောက်ရေး၊ အန္တရာယ်ကင်းရှင်းစေရန် လမ်းအတက်အဆင်းများ ပြေပြစ်အောင်ဆောင်ရွက်ရေး၊ လိုအပ်သည့် နေရာများတွင် မြေထိန်းနံရံနှင့် ကွန်ကရစ်ရေနုတ်မြောင်း တည်ဆောက်နိုင်ရေး၊ လမ်းတာချဲ့ရန် ကျန်နေရာများအား ဆက်လက်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အဆိုပါ ဒေါင်ဗားချောင်းတံတားသည် အရှည်ပေ ၂၅၀၊ အမြင့် ၃၁ ပေ၊ အကျယ် ၃၀ ဒသမ ၅ ပေရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ရှိကာ လုပ်ငန်းတန်ဖိုး ငွေကျပ်သန်း ၁၃၀၀ ဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အားကစားနှင့် ကာယပညာသိပ္ပံ(ဟားခါး) ဝင်းအတွင်းရှိ အားကစားပြိုင်ပွဲရုံနှင့် လေ့ကျင့်ရေးရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တည်ဆောက်ပြီးစီးမှု

ဆက်လက်၍ ဒုတိယသမ္မတသည် ဟားခါးမြို့ ဟိုင်တလန်ရပ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်က အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) ဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ပြီးစီးမှု၊ ၂၀၂၀-၂၀၂၁ ခု ပြည်ထောင်စုနှင့်ပြည်နယ် ဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပို့ရောင်းချ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အားကစားနှင့် ကာယပညာသိပ္ပံ(ဟားခါး) ကျောင်းဝင်းအတွင်း ရာသီသီးနှံများ၊ နှစ်တိုနှစ်ရှည်သီးနှံများ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီး ကျောင်းအတွင်း စားသုံးရန်သာမက ပတ်ဝန်းကျင်ဒေသများသို့ တင်ပို့ရောင်းချသွားနိုင်ရေး၊ ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားများ သောက်သုံးရေဖူလုံရေးအတွက် လုံငုံဘားချောင်းမှရေသွယ်ယူနိုင်ရေးနှင့် စက်ရေတွင်းတူးဖော်မည့်နေရာ ရှာဖွေရေးတို့ကို မှာကြားသည်။

အဆိုပါ အားကစားနှင့် ကာယပညာသိပ္ပံ(ဟားခါး) ကျောင်းသည် ဟားခါးမြို့၏မြောက်ဘက် တစ်မိုင်ခန့်အကွာ မြို့ဟောင်းရပ်ကွက် ဟိုင်တလန်ရပ်၌တည်ရှိပြီး မြေဧရိယာ ၅၆ ဒသမ ၉၄ ဧက ကျယ်ဝန်းကြောင်း၊ ကျောင်းတည်ဆောက်ခြင်းလုပ်ငန်း ၂၈ ခုအတွက် စုစုပေါင်းငွေကျပ်သန်း ၆၆၃၁ ဒသမ ၁၈၀ ခန့်မှန်းကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဟားခါးတက္ကသိုလ်မုခ်ဦး တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ဒုတိယသမ္မတသည် အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) ဝင်းအတွင်းရှိ အားကစားပြိုင်ပွဲရုံနှင့် လေ့ကျင့်ရေးရုံ တည်ဆောက်နေမှု၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ချင်းပြည်နယ်ခရီးစဉ်အတွင်း လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့ ညနေပိုင်းတွင် ဟားခါးတက္ကသိုလ် မုခ်ဦး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

မုန်တော - ဟာသာ - ဟားခါးလမ်းကို တွေ့ရစဉ်။

✽ ရှေ့ဖုံးမှ
ဝန်းကျင်ပတ်လည်တွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ထားသည့် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုင်လင်းပီမြို့ လေယာဉ်ကွင်းငယ်တည်ဆောက်ရေးကို သတ်မှတ်အချိန်မီ အရည်အသွေးပြည့်မီစွာ ပြီးစီးအောင်ကြိုးပမ်းတည်ဆောက်နိုင်ရေး လမ်းညွှန်မှာကြားသည်။

အဆိုပါ လိုင်လင်းပီ လေယာဉ်ကွင်းငယ်သည် ချင်းပြည်နယ် မတူပီခရိုင် လိုင်လင်းပီမြို့တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၉၅၀ ရှိကြောင်း၊ ပြေးလမ်းအရှည် ပေ ၂၅၀၀၊ အကျယ်ပေ ၅၀ ရှိပြီး ပြေးလမ်းမှာ Flexible Pavement အမျိုးအစားဖြစ်ကြောင်း၊ ပြေးလမ်းခံနိုင်ရည်မှာ ကီလို ၅၇၀၀ ဖြစ်ပြီး Caravan Cessna လေယာဉ်အမျိုးအစားများ ဆင်းသက်နိုင်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်(တောင်ပိုင်း)တွင် နေထိုင်သည့် ဒေသခံပြည်သူများ သွားလာမှုလွယ်ကူစေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပြီး ၇၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လိုင်လင်းပီ လေယာဉ်ကွင်းကို Mission Aviation Fellowship(MAF)၏ ထောက်ပံ့ငွေဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် မတူပီမြို့နယ် ရမ်းစီးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်ဒေါက်တာစိုးဦးတို့ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဂန့်ဂေါမြို့သို့ ရောက်ရှိကြသည်။ **သတင်းစဉ်**

✽ ကျောဖုံးမှ
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရှိစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က UWSA "ဝ"အဖွဲ့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းအထောက်အကူပြုပစ္စည်းများဖြစ်သည့် Surgical Mask ၂၀၀၀၀၊ Personal Protective Equipment (PPE) ဝတ်စုံ ၃၀၀၊ N 95 Mask ၁၀၀၀၊ Face Shield ၂၅၀၊ Sodium Hypochloride (15L) ၆ ပုံး၊ Examination Glove ၁၀၀၀ ၊ Hand Gel ဘူး ၁၅၀၊ Hand Sanitizer ၁၅၀ နှင့် စားသောက်ဖွယ်ရာများ၊ တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဦးညီကပ်နှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး UWSA "ဝ"အဖွဲ့က ဒေသထွက် လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာချီလိတ်မြို့ တပ်နယ်ခန်းမ၌ကျင်းပသည့် တာချီလိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးကို ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ဖမ်းဆီးနိုင်ခဲ့

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ တာချီလိတ်မြို့နယ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် ဘိန်းဖြူ ၂၇ ဒသမ ၆၃ ကီလိုဂရမ်၊ ဘိန်းမဲ ၁ ဒသမ ၅ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၆၉၄၁၉၆ ပြား၊ အိုက်စ် ၁၀၆၄ ဒသမ ၇ ကီလိုဂရမ်၊ ကက်တမင်း ၁၂ ဒသမ ၃၅ ကီလိုဂရမ်၊ အခြားမူးယစ်စေတတ်သော ဆက်စပ်ပစ္စည်းများ ၆၅၈၈ ဒသမ ၆ ကီလိုဂရမ် စုစုပေါင်း မူးယစ်ဆေးဝါးများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၂ ဒသမ ၆ ဘီလီယံကျော်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် Surgical Mask ၂၀၀၀၀၊ Personal Protective Equipment (PPE) ဝတ်စုံ ၃၀၀၊ N 95 Mask ၁၀၀၀၊ Face Shield ၂၅၀၊ Sodium Hypochloride (15L) ၆ ပုံး၊ Examination Glove ၁၀၀၀၊ Hand Gel ၁၅၀၊ Hand Sanitizer ၁၅၀ နှင့် စားသောက်ဖွယ်ရာများ၊ တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တာချီလိတ် မြို့မိမြို့ဖများဖြစ်သည့် ဦးတင်လှိုင်၊ ဦးကြည်မြင့်နှင့် ဦးထွန်းနေဦးတို့က အသီးသီး လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တာချီလိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရာတွင် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ရာ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲနိုင်အောင်က လက်ခံရယူခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

○ **ရွေးကောက်ပွဲဆိုင်ရာမှ**
ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားသည်နှင့် တစ်ပြိုင်တည်း မဲဆွယ်စည်းရုံးခြင်းကို ဆောင်ရွက်နိုင်ကြောင်း ၄-၉-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၅ / နငရ-ကြီးကြပ် (၈)/ ကမရ ဖြင့် လည်းကောင်း ပြင်ဆင်ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၆-၅-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၄/နငရ-ကြီးကြပ် (၂၂)/ကမရဖြင့် နိုင်ငံရေးပါတီများက ဘာသာရေး အဆောက်အအုံများတွင် အစည်းအဝေးကျင်းပပြုလုပ်ခြင်းကို ခွင့်မပြုကြောင်းနှင့် တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လည်း ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၄။ ထို့အပြင် နိုင်ငံရေးပါတီများ၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်(Code of Conduct for Political Parties and Candidates) ကိုလည်း ပြင်ဆင်ပြုစု၍ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုကာလ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ထုတ်ပြန်မည့် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure-SOP)၊ သက်ဆိုင်ရာက အချိန်ကာလ/ နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အထူးအလေးထားပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်၍ တရားမျှတပြီး အေးချမ်းတည်ငြိမ်သည့် ရွေးကောက်ပွဲများ ဖြစ်စေရေးအတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက်လည်းကောင်း အောက်ဖော်ပြပါ ညွှန်ကြားချက်၊ ကျင့်ဝတ်၊ လမ်းညွှန်ချက်များကို အထူးအလေးထားလိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည် -

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၄)နှင့် အဆိုပါညွှန်ကြားချက်ကို ပြင်ဆင်သည့် ညွှန်ကြားချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၆-၅-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်၊

(ခ) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်၊

(ဂ) အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure-SOP)၊

(ဃ) သက်ဆိုင်ရာက အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ အမိန့်များ၊ လမ်းညွှန်ချက်များ။

၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀(**၈-၉-၂၀၂၀ ရက်နေ့ နံနက် ၀၆:၀၀ နာရီမှ ၆-၁၁-၂၀၂၀ ရက်နေ့ ည ၁၂:၀၀ နာရီအထိ**)ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ညောင်တုန်းမြို့နယ်၌ Cash for Work စီမံကိန်းဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ညောင်တုန်း စက်တင်ဘာ ၆
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ Cash for Work စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာ ၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်၊ ညောင်တုန်းမြို့နယ် ကျေး/လက် ဦးစီးမှူး ဦးထက်အောင်နှင့် တာဝန်ရှိသူများက Cash for Work စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော စွန်တနီးကျေးရွာအုပ်စု မနီကုန်းကျေးရွာလမ်း အရှည် ပေ ၃၀၀၀၊ အကျယ် ၁၀ ပေ၊ ဒုရှစ်လက်မ မြေသားလမ်း ပေါင်ခတ်ခြင်း၊ သဲခင်းခြင်းလုပ်ငန်းနှင့် ကျေးရွာအတွင်းလမ်း အရှည် ပေ ၄၈၀၊ အကျယ် ခြောက်ပေ၊ ဒုခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ အရည်အသွေးကောင်းမွန်ပြီး စံချိန်စံညွှန်းများ ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေးခဲ့ကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကန်ကြီးထောင့်မြို့နယ် ပေါ်ဆန်းမွှေးမျိုးစေ့ထုတ်သမဝါယမအသင်း မျိုးစပါးများကို ပေါင်စနစ်ဖြင့် စိုက်ပျိုး

ကန်ကြီးထောင့် စက်တင်ဘာ ၆
သမဝါယမကဏ္ဍမှ စိုက်ပျိုးရေးသွင်းအားစုများ ပိုမိုထုတ်လုပ်နိုင်စေရန်နှင့် တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပေါ်ဆန်းမွှေးမျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းက မြို့နယ်အတွင်းရှိ ကျေးရွာ ခြောက်ရွာမှ အသင်းသား ၄၄ ဦး ပိုင်ဆိုင်သော လယ်ယာမြေ ၁၁၉ ဧကတွင် ယခုနှစ် မိုးရာသီကာလ၌ အရည်အသွေးစံချိန်မီ မျိုးကောင်းမျိုးသန့် မျိုးစပါးများဖြစ်သည့် ဆင်းသုခ၊ သီးထပ်ရင်၊ ပေါ်ဆန်းရင်၊ ပေါ်ဆန်းကြီး၊ ရောမင်း၊ ပခန်းရွှေဝါ စသည့် မျိုးစပါးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီရယူ၍ ပေါင်စနစ်ဖြင့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

သတင်းစဉ်

ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းအပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းကို ထပ်မံဖြည့်စွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၁၀၁ /၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၁၂-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ အရ လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့်ကိစ္စရပ်များတွင် "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (SOP)နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းအပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း" ကိစ္စရပ်ကို ထပ်မံဖြည့်စွက်လိုက်သည်။

၃။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းကိစ္စရပ်အတွက် စုဝေးခြင်းပြုနိုင်သည့်နေရာနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီကွာလျက် နေရာချထားစီမံဆောင်ရွက်ရန်၊

(ခ) နေရာအနေအထား၊ အကျယ်အဝန်းအား တွက်ချက်ရာတွင် အခြေခံအားဖြင့် လူတစ်ဦးအတွက် ၃၆ စတုရန်းပေနှုန်းဖြင့် တွက်ချက်၍ စီမံဆောင်ရွက်ရန်၊

(ဂ) လေဝင်လေထွက်ကောင်းသောနေရာများတွင်သာ စီမံဆောင်ရွက်ရန်၊

(ဃ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးပြင်ပသို့ သွားရောက်ခဲ့ပြီး ပြန်လည်ဝင်ရောက်လာသူများ သိရှိလိုက်နာရန် အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
အမိန့်အမှတ်(၃၀/၂၀၂၀)
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်

မန္တလေးတိုင်းဒေသကြီးသို့လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးပြင်ပသို့ သွားရောက်ခဲ့ပြီး ပြန်လည်ဝင်ရောက်လာသူများ သိရှိလိုက်နာရန် အသိပေးကြေညာချက်

၁။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ဒုတိယပတ်အတွင်း ရခိုင်ပြည်နယ်၌ ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော COVID-19 ရောဂါအတည်ပြုလူနာများတွေ့ရှိခဲ့ရပြီး ၎င်းတို့မှဆင့်ပွားကူးစက်သူအချို့သည် အခြားသောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးနိုင်ရေးအတွက် ရောဂါဖြစ်ပွားလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ ရောဂါဖြစ်ပွားလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အမိန့်အမှတ်(၉၇/၂၀၂၀) နှင့် အမိန့်အမှတ် (၁၀၀/၂၀၂၀) ဖြင့် အောက်ပါမြို့နယ်များကို နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်ရှိမြို့နယ်အားလုံး
(ခ) သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဂ) အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဃ) မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(င) သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(စ) လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဆ) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဇ) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ မန္တလေးတိုင်းဒေသကြီးတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများအား အောက်ပါအချက်များကို စိစစ်ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်လိုက်သည်-

(က) နေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များမှ လာရောက်သူများ

(၁) မည်သည့်အကြောင်းကိစ္စဖြင့်လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာမြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စုများတွင် နေထိုင်ကြောင်းထောက်ခံစာ ယူဆောင်လာရန်၊

(၂) တိုင်း/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦးဦး၏ ခွင့်ပြုချက်မပါရှိဘဲ လာရောက်ပါက သို့မဟုတ် လာရောက်ရန်ခေါ်ယူကြောင်း အကြောင်းကြားစာပြသနိုင်ခြင်းမရှိဘဲ လာရောက်ပါက တိုင်းဒေသကြီးမှ ပြင်ဆင်ထားသော Community Based Facility Quarantine Center များတွင် (၁၄)ရက်နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ (၂)ကြိမ် ရယူစစ်ဆေးမှုကိုခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine သို့မဟုတ် Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်ပြီးမှသာ မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်ရန်၊

(၃) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်ရန် အကြောင်းကြားစာရရှိသူများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင်လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်၊

(၄) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း ၎င်းတို့နှင့်သက်ဆိုင်သောလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင်လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်၊

(၅) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှဝန်ထမ်းများ မန္တလေးတိုင်းဒေသကြီးရှိ ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် လာရောက်လိုပါက သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင်လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်။

(ခ) မန္တလေးတိုင်းဒေသကြီးမှ နေအိမ်တွင်နေထိုင်ရေး (Stay at Home) သတ်မှတ်ထားသည့် မြို့နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများ

(၁) မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာပါက မည်သည့်မြို့နယ်များသို့ သွားရောက်ခဲ့သည်ကို အထောက်အထားဖြင့် တင်ပြရန်၊

(၂) မည်သည့်မြို့နယ်များသို့ သွားရောက်ခဲ့ကြောင်း အထောက်အထားခိုင်လုံစွာ မတင်ပြနိုင်သူများ၊ နေအိမ်တွင်နေထိုင်ရေး(Stay at Home) သတ်မှတ်ထားသောမြို့နယ်များသို့ သွားရောက်ခဲ့သူများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများတွင် (၁၄)ရက် နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ (၂)ကြိမ် ရယူစစ်ဆေးမှုခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇) ရက်နေထိုင်ပြီးမှသာ မန္တလေးတိုင်းဒေသကြီးရှိ သက်ဆိုင်ရာမြို့နယ်ရှိ နေရပ်သို့ သွားရောက်ရန်။

၄။ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သောမြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများအနေဖြင့် မည်သူမဆိုဓာတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့်စရိတ်အားလည်းကောင်း၊ Community Based Facility Quarantine ဝင်ရောက်နေစဉ်ကာလအတွင်း ကုန်ကျစရိတ်အားလည်းကောင်း ကာယကံရှင်မှ ကျခံရမည်ဖြစ်ပါသည်။

၅။ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်လိုသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီးစစ်ဆေးရေးအဖွဲ့များ၏ ကျန်းမာရေးစစ်ဆေးမှုခံယူစေကာ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သော ဆေးကုသမှုကို ခံယူရန်ဖြစ်ပါသည်။

၆။ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လာသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး သံသယဖြစ်ဖွယ်ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သော ဆေးကုသမှုကိုခံယူရန် ဖြစ်ပါသည်။

၇။ နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးမဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးကို ဖြတ်သန်းသွားလာမည့်မော်တော်ယာဉ်များ၊ လူပုဂ္ဂိုလ်များအနေဖြင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ညအိပ်ရပ်နားခြင်းမပြုဘဲ ဖြတ်သန်းသွားရန်ဖြစ်ပါသည်။

၈။ အထက်ပါကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း တင်ပြရန် ငြင်းဆန်သူများနှင့် နေရပ်လိပ်စာလည်ဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာများ မမှန်မကန် ဖြေကြားခြင်း၊ စစ်ဆေးမှုကို ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ (၂၅)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ သို့ဖြစ်ရာ ဤအသိပေးကြေညာချက်အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၇) ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်မီ အချိန်အထိ ဤအသိပေးကြေညာချက်သည် အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်

ကိုဗစ် - ၁၉ ရောဂါ ကူးစက်နိုင်သည့် နည်းလမ်းများမှ ကာကွယ်ခြင်း

ဒေါက်တာခင်စန်းမော်

ကမ္ဘာ့ကပ်ရောဂါကြီး ကိုဗစ်-၁၉ ဖြစ်ပွားခဲ့သည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ ကမ္ဘာပေါ် ရှိ အချို့နိုင်ငံများတွင် နေ့စဉ်ကူးစက်မှု လျော့ကျအောင် ထိန်းချုပ်နိုင်ပြီ ဖြစ်သော်လည်း အချို့နိုင်ငံများ၌ ဒုတိယလှိုင်းကူးစက်မှု ဝင်ရောက်လာမှုနှင့်အတူ အမေရိကန်ပြည်ထောင်စုတွင်လည်း ကူးစက်ရောဂါပျံ့နှံ့မှုကို ယခုတိုင် မထိန်းချုပ်နိုင်သေးကြောင်း တွေ့ရသည်။

အမေရိကန်ပြည်ထောင်စုရှိ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးစင်တာများ (CDC) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီး (WHO) တို့က လူအချင်းချင်း ခြောက်ပေအကွာခန့်မှာနေရန်၊ စက္ကန့် ၂၀ ကြာအောင် လက်ဆေးရန်၊ ထိတွေ့ကိုင်တွယ်မိသည့် အရာဝတ္ထုတို့၏ မျက်နှာပြင်တိုင်းကို ပိုးသန့်စင်ဆေးရည် မကြာခဏဖျန်းရန်၊ နှာခေါင်းနှင့် ပါးစပ်စည်းတို့ကို တပ်ဆင်ရန် ဆက်လက်ညွှန်ကြားထားပါသည်။

သို့ရာတွင် နှာခေါင်းနှင့် ပါးစပ်စည်းကို တပ်ဆင်ပါလျက် မည်သို့မည်ပုံ ရောဂါကူးစက်ခံရကြောင်း နားမလည်နိုင်သောသူများ၏ စကားသံကို နေ့စဉ်နှင့်အမျှ ကြားလာရသည်။

လူတစ်ယောက်မှ လူအများကို ကူးစက်သောဖြစ်ရပ်သည် လူထူထပ်သော အရက်ဆိုင်၊ အရက်ဘား၊ မိသားစု စုဝေးစားသောက်ပွဲ စသည်တို့၌ ဖြစ်ပွားခြင်းဖြစ်သည်။ မြို့တော်အများစု၏ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများကို ပိတ်ထားသော်လည်း အလုံပိတ်အားကစားခန်းမကြီးများ၊ လေအေးပေးစက် တပ်ဆင်ထားသော စားသောက်ဆိုင်ကြီးများကို ပြန်လည် ဖွင့်လှစ်ခွင့်ပေးခဲ့သည်။

ဤဖြစ်ရပ်သည် လူအများစု၏ နားလည်လက်ခံထားမှုကို ရှုပ်ထွေးစေခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်သည့် နည်းလမ်းများဖြစ်ကြသော ရောဂါပိုးရှိသည့်သူက နှာချေချောင်းဆိုးရာမှ ထွက်လာသော အမှုန်အမွှားများ၊ ရောဂါပိုးရှိနေသည့် မျက်နှာပြင်များကို ထိတွေ့ကိုင်တွယ်မိသည့် လက်များမှတစ်ဆင့် ကူးစက်ကြောင်းကို လူအများက ပုံဖော်တွေးဆနိုင်ကြပြီး မည်သို့မည်ပုံ ကာကွယ်ရမည်ဆိုသည်ကိုလည်း နားလည်နိုင်ကြသည်။ သို့သော် ယခုအခါ သိပ္ပံပညာရှင်များက ရောဂါပိုးသည် လေထဲမှ ပျံ့နှံ့ကူးစက်သည်ဆိုသောအချက်ကို လက်ခံယုံကြည်လာကြပါသည်။

အခြားကူးစက်သည့် နည်းလမ်းများထက် လေထဲမှ ပျံ့လွင့်ကူးစက်ခြင်းက ပိုမိုများပြားကြောင်း သက်သေအထောက်အထားများ ရရှိနေပြီဖြစ်သည်။ ဤကပ်ရောဂါကြီးကို ထိန်းချုပ်လိုလျှင် သက်ဆိုင်ရာ တာဝန်ရှိသူများက အမှန်တကယ် ကူးစက်သည့် နည်းလမ်းကို ပိုမိုအလေးပေးဖော်ပြဖို့ လိုအပ်သည်ဟု သိပ္ပံပညာရှင်များက ဆိုကြသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်သည့် နည်းလမ်း သုံးခုရှိသည်။

ယင်းတို့အနက် နည်းလမ်းနှစ်ခုကို WHO နှင့် CDC တို့က ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ပထမနည်းလမ်းမှာ fomites ဟုခေါ်သော ဗိုင်းရပ်စ်များ ကပ်တွယ်နေသော အရာဝတ္ထုများ (လူ့အရေပြား အပါအဝင်) မှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ ကပ်ရောဂါကြီး ဖြစ်ပွားမှု၏ အစောပိုင်းကာလများတွင် အချို့လူများသည် ဈေးမှ ဝယ်ယူလာသော စားသောက်ကုန်များ၊ အထုပ်အပိုးများကို ဆပ်ပြာရည်ဖြင့် ဆေးကြောပြီး fomites များ မပါအောင် ပြုလုပ်ခဲ့ကြသည်။ ယခုအခါ ကူးစက်ရောဂါထိန်းချုပ်ကာကွယ်ရေးစင်တာ(CDC) က fomites မှတစ်ဆင့် ကူးစက်ခြင်းသည် ဖြစ်နိုင်ဖွယ်ရှိသော နည်းလမ်းတစ်ခုဖြစ်သော်လည်း အဓိကကျသော နည်းလမ်းမဟုတ်ဟုဆိုပါသည်။ ဥပမာပြရလျှင် ဗြိတိသျှနိုင်ငံတွင် လက်ဆေးသည့် အစီအစဉ်ဖြင့် အထူးကြပ်မတ်ပေးခဲ့ရာ ရောဂါကူးစက်မှု၏ ၁၆ ရာခိုင်နှုန်းကိုသာ လျှော့ချနိုင်ခဲ့သည်။ ထင်ရှားသိသာသည့်အချက်မှာ SARS-CoV-2 ဟု အမည်ပေးထားသော ကိုဗစ်- ၁၉ ဗိုင်းရပ်စ်သည် အဆီနှင့်ပြုလုပ်ထားသော အခွံအကာ ဖုံးလွှမ်းထားသောကြောင့် လူ၏လက်များပေါ်တွင် ကြာရှည်စွာရှိမနေနိုင်ပါ။ ထိုအခိုက်အတန့်မှာရောဂါပိုးရှိသည့် မျက်နှာပြင်တစ်ခုခုကို ထိတွေ့ကိုင်တွယ်မိသောသူသည် ခဏတာအချိန်အတွင်း ထိုလက်ဖြင့် သူ၏ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို ထိတွေ့ကိုင်တွယ်မိရာမှ ကူးစက်ခြင်းဟု ဆိုလိုပါသည်။

ဖြစ်နိုင်ခြေရှိသည့် ဒုတိယကူးစက်ပုံနည်းလမ်းမှာ ရောဂါပိုးရှိနေသောသူက ချောင်းဆိုး၊ နှာချေ၊ စကားပြောလိုက်စဉ် ထွက်လာသောအမှုန်အမွှားများ၊ တံတွေး၊ သလိပ်အစအနများမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ ဤနည်းလမ်းသည်သာ အဓိကကျသောနည်းလမ်းဟု ပြောကြားခဲ့ကြသည်။ WHO နှင့် CDC တို့၏ အဆိုအရ ချောင်းဆိုး၊ နှာချေလိုက်သောအခါ အစက်အမှုန်အမွှားများသည် လေထဲရောက်သွားသော်လည်း သုံးပေမှ ခြောက်ပေအကွာတွင် မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်ဟု ဆိုကြသည်။ သို့ရာတွင် သုတေသန ပြုလုပ်ရှာဖွေမှုများအရ droplets ဟုခေါ်သော အစက်အမှုန်များသည် ချောင်းဆိုး၊ နှာချေသည့်အခါမှာသာ အရေးကြီးပြီး လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာ စကားပြောခြင်းကဲ့သို့သော လေထဲမှပျံ့နှံ့သည့် နည်းလမ်းသည်သာ ဖြစ်နိုင်ခြေအရှိဆုံး တတိယမြောက်နည်းလမ်း ဖြစ်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

■ ကူးစက်သည့် နည်းလမ်းများထက် လေထဲမှပျံ့လွင့်ကူးစက်ခြင်းက ပိုမိုများပြားကြောင်း သက်သေအထောက်အထားများ ရရှိနေပြီဖြစ်သည်။ ဤကပ်ရောဂါကြီးကို ထိန်းချုပ်လိုလျှင် သက်ဆိုင်ရာ တာဝန်ရှိသူများက အမှန်တကယ် ကူးစက်သည့်နည်းလမ်းကို ပိုမိုအလေးပေးဖော်ပြဖို့ လိုအပ်သည်ဟု သိပ္ပံပညာရှင်များက ဆိုကြသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်သည့် နည်းလမ်းသုံးခုရှိသည်။

Aerosol /Airborne transmission

လေထဲမှ ပျံ့နှံ့ကူးစက်ခြင်း ချောင်းဆိုး၊ နှာချေရာမှ ထွက်လာသော အရည်အစက် အမှုန်အမွှားများသည် အလွန်သေးငယ်ပြီး လေထဲတွင် မိနစ်ပေါင်းများစွာ နာရီပေါင်းများစွာ ရှိနေနိုင်သည်။ သို့သော် aerosol ဟုခေါ်သော လေထဲမှ ပျံ့နှံ့သည့် အမှုန်တို့က အဆပေါင်းများစွာ ပိုမိုသေးငယ်သည်။ ဆံခြည်မျှင်တစ်ပင်၏ အချင်းသည် ၈၀ မိုက်ခရွန်ရှိလျှင် လေထဲမှ ပျံ့လွင့်နိုင်သောအမှုန်၏ အချင်းက ၅၀ မိုက်ခရွန်ထက်သေးငယ်ပြီး လေထဲမှာ ကြာရှည်စွာ လွင့်မျောတည်ရှိနေနိုင်သည်။ SARS-CoV-2 ဗိုင်းရပ်စ်၏ အချင်းက ၀.၁ မိုက်ခရွန်သာရှိရာ လေထဲမှ ပျံ့လွင့်နိုင်သော ၅၀ မိုက်ခရွန် အမှုန်ထဲတွင် ဗိုင်းရပ်စ်များစွာ ပါဝင်နေနိုင်ပေသည်။

ဤအချက်ကို သုတေသနပညာရှင်များက စတင်တွေ့ရှိပြီး တင်ပြခဲ့ကြစဉ် အငြင်းပွားမှုများစွာ ဖြစ်ပွားခဲ့သည်။ သို့ရာတွင် သက်သေအထောက်အထား များပြားလာသည်နှင့်အမျှ အငြင်းပွားမှုများ မပြင်းထန်တော့ပေ။ စကားပြောသည့်အခါ၊ သီချင်းဆိုသည့်အခါ၊ အော်ဟစ်သည့်အခါ ထွက်လာသောအမှုန်များသည် လေထဲတွင် ပိုမိုပျံ့လွင့်နိုင်သည်။

လေဝင်လေထွက်မကောင်းသည့် အလုံပိတ်အခန်းများတွင် လူအများ စုဝေးမိကြပါက အစုလိုက်အပြုံလိုက် ရုတ်တရက် ရောဂါကူးစက်မှု ဖြစ်ပွားတတ်သည်။ ထို့ကြောင့် ကာရာအိုကေပါတီများ၊ အရက်ဆိုင်၊ အရက်ဘားများ၊ အားကစားလေ့ကျင့်ရေးခန်းမများစသော အလုံပိတ်အခန်းများသည် ရောဂါပျံ့နှံ့စေသည့် အဓိက အချက်အချာနေရာများဖြစ်လာကြသည်။

လေထဲမှ ပျံ့လွင့်ကူးစက်မှုကို ရှောင်ကြဉ်လိုလျှင် -

- လူစုလူဝေးများသည့်နေရာ
- အလုံပိတ်ခန်းမများ
- လေဝင်လေထွက် မကောင်းသည့်နေရာ
- နီးကပ်စွာ စကားပြောဆိုခြင်း
- ကြာရှည်စွာ စကားပြောဆိုခြင်း
- မျက်နှာစည်း မတပ်ခြင်း
- သီချင်းဆိုခြင်း၊ အော်ဟစ်ခြင်း

တို့ကို ရှောင်ကြဉ်ပါဟု အကြံပေးကြပါသည်။

ယခုအခါ ကွဲပြားခြားနားသော ကူးစက်နိုင်သည့် နည်းလမ်းအမျိုးမျိုးနှင့်ပတ်သက်ပြီး အရေးကြီးသော ဆက်နွယ်မှုများ၊ လေဝင်လေထွက် မကောင်းသောနေရာများ၌ လေမှတစ်ဆင့် ကူးစက်ပျံ့နှံ့ခြင်း၏ အခန်းကဏ္ဍ၊ ရောဂါကူးစက်ရန် လိုအပ်သည့် ဗိုင်းရပ်စ်ပမာဏ၊ ရုတ်တရက် ရောဂါကူးစက်ဖြစ်ပွားသည့် နေရာများ၏ အခင်းအကျင်းနှင့်အန္တရာယ်များ၊ရောဂါပိုးသယ်ဆောင်ထားသော်လည်း ရောဂါလက္ခဏာမပြသောသူ (Asymptomatic) များနှင့် ရောဂါအစပျိုးနေပြီး ရောဂါလက္ခဏာ မပြသေးသောသူများ (Pre-symptomatic) အကြောင်းတို့ကို အရည်အသွေးမြင့်မားသော သုတေသနစမ်းသပ်ချက်များ အဆောတလျင်ပြုလုပ်ရန် လိုအပ်နေပါသေးသည်။

စက်တင်ဘာလ ၅ ရက်နေ့အထိ စာရင်းများအရ ကမ္ဘာပေါ်တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၆ သန်းကျော် ရှိနေပြီး ရောဂါပိုးကင်းစင်လာသူပေါင်း ၁၇ သန်းကျော် ရှိပါပြီ။ ဤအရေအတွက်များသည် ရောဂါလက္ခဏာပြသောသူများ၊ အတည်ပြုလူနာများနှင့် နီးကပ်စွာ ဆက်နွယ်မှုရှိသောသူများကိုသာ ဦးစားပေးပြီး စစ်ဆေးထားခြင်းဖြစ်ရာ ရောဂါပိုးသယ်ဆောင်ထားသော်လည်း ရောဂါလက္ခဏာမပြသောသူ(Asymptomatic persons) များ ပြည်သူလူထုထဲတွင် ရှိနေနိုင်ပါသည်။

ကာကွယ်တားဆီးရမည့်နည်းလမ်းများ

ကိုဗစ်-၁၉ ရောဂါ မကူးစက်အောင် ကာကွယ်တားဆီးရမည့်နည်းလမ်းများကို WHO က အောက်ပါအတိုင်း ညွှန်ကြားထားပါသည်။

- ❖ ကူးစက်ရောဂါ သံသယရှိသော လူနာများကို အဆောတလျင်စစ်ဆေးပြီး သီးခြားခွဲထားကာ ဆေးရုံတင်ရန်၊ ဆေးရုံများမှာ နေရာမလုံလောက်တော့သည့် နိုင်ငံများ၌ သင့်တော်သည့် နေရာများမှာ ထားရှိရန်၊
- ❖ အတည်ပြုလူနာများနှင့် နီးကပ်စွာ ထိတွေ့မှုရှိခဲ့သောသူများအား သီးခြားခွဲထားပြီး စစ်ဆေးစောင့်ကြည့်ရန်၊
- ❖ ခပ်ခွာခွာနေဖို့ မဖြစ်နိုင်သည့် လူသူထူထပ်သောနေရာများသို့ မဖြစ်မနေသွားရမည့်သူများသည် နှာခေါင်းနှင့် ပါးစပ်စည်းကို တပ်ဆင်သွားပါ။
- ❖ ရောဂါအတည်ပြုလူနာများနှင့် သံသယဖြစ်ဖွယ်လူနာများကိုပြုစုစောင့်ရှောက်ပေးရသည့်ကျန်းမာရေးဝန်ထမ်းများ၊ လူနာများကို သွားရောက်ခေါ်ဆောင်ပေးရသည့်စေတနာ့ဝန်ထမ်းများအားလုံးတို့သည် ရောဂါပိုးလေထဲမှ ပျံ့နှံ့ကူးစက်မှုကို ရှောင်ကြဉ်ရန် တစ်ကိုယ်ရေသုံး အကာအကွယ်ဝတ်စုံများအား တာဝန်ချိန်ပြီးဆုံးသည်အထိ ဝတ်ဆင်ထားရမည်။
- ❖ ပြည်သူလူထုအနေဖြင့် မကြာခဏ လက်ဆေးသည့်အလေ့အကျင့်ကို ပြုလုပ်ပါ။ လူအချင်းချင်း တတ်နိုင်သမျှ ခပ်ခွာခွာနေပါ။ နှာချေ၊ ချောင်းဆိုးသည့်အခါ လိုက်နာရမည့် ကျင့်ဝတ်ကို လိုက်နာပါ။ လူထူထပ်သော နေရာများကို ရှောင်ကြဉ်ပါ။ အလုံပိတ်ခန်းများ၊ လေဝင်လေထွက် မကောင်းသော နေရာများကို ရှောင်ကြဉ်ပါ။ အပြင်ထွက်တိုင်း နှာခေါင်းနှင့် ပါးစပ်စည်းကို တပ်ဆင်ပါ။ အိမ်နှင့် ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် အထူးဂရုပြုဆောင်ရွက်ပါ။ ဆပ်ပြာရည်၊ ပိုးသန့်စင် ဆေးရည်တို့ကို အသုံးပြုပြီး ဆေးကြောသန့်ရှင်းပါ။ နှာခေါင်းနှင့် ပါးစပ်စည်းကို တပ်ဆင်ရာတွင် လျော့ရဲရဲ မတပ်ပါနှင့်၊ မေးစေ့အောက်သို့ လျှောချပြီး မတပ်ပါနှင့်။ အဝတ်အထည်နှင့် ချုပ်ထားသည့် နှာခေါင်းစည်းများကိုလည်း တပ်ဆင်နိုင်ပါသည်။ လိုအပ်ပါက N 95 ကဲ့သို့သော ဗိုင်းရပ်စ်ကို ကာကွယ်ပေးနိုင်စွမ်းမြင့်မားသည့် နှာခေါင်းနှင့် ပါးစပ်စည်းများကို အသုံးပြုပါ။ ။

ဆင်သေရေသောက်စနစ် လက်ဝဲလက်တံ (၂) ရေအသုံးချသူများအသင်းဝင်များ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

ဆင်သေရေသောက်စနစ် လက်ဝဲလက်တံ (၂) ရေအသုံးချသူများ အသင်းဝင်များ တွေ့ဆုံပွဲနှင့် Cash for Workအစီအစဉ်အရဆောင်ရွက်သည့်လုပ်ငန်းများအတွက် ကျသင့်ငွေပေးအပ်ပွဲ အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပူးပေါင်းပါဝင် ဆည်ရေစီမံခန့်ခွဲမှုစနစ်နှင့် ရေအသုံးချသူများအဖွဲ့၏ အခန်းကဏ္ဍနှင့် Cash for work အစီအစဉ်အရ ဆောင်ရွက်သည့် လုပ်ငန်းကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် ဆင်သေရေသောက်စနစ်လက်တံမြောင်းတူးဖော်ခြင်းအတွက် ကျသင့်ငွေကျပ် ၆၈ သိန်းကျော်ကို နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်သူခေါင်းဆောင်များထံ ပေးအပ်ပြီး ရေအသုံးချသူအသင်းဝင်များ၏ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်သည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထက်လျှံ

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရွှေဘို စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းတို့နှင့်အတူ စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက ရွှေဘိုမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး ရွှေဘိုမြို့နယ်အတွင်းရှိကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေ မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့နယ်အတွင်းရှိ မင်းပေး၊ ညောင်ပင်သာ၊ ဆင်အင်းစသည့်ကျေးရွာများတွင် မိုးစပါးများ ပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေနှင့် မင်းပေးကျေးရွာဒေသခံတောင်သူများအတွက် အချိန်မီ စိုက်ပျိုးရေ ဖူလုံစွာရရှိစေရေးကို အလေးထား၍ လျှပ်စစ် မူးမြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခင်ဦးမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့သို့ဆက်သွယ်ဖောက်လုပ်ထားသော ကတ္တရာလမ်း အဆင့်မြှင့်တင် ချဲ့ထွင်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ အမြန်ပြီးစီးရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့် ဆည်းပေးပြီး အားလုံးပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် စလင်းချောင်းကူး နွယ်တမယ်တံတားဖွင့်ပွဲ တက်ရောက်

စလင်း စက်တင်ဘာ ၆

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အပိုင် မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူသွားကားလမ်းမပေါ်ရှိ စလင်းချောင်းကူး နွယ်တမယ်တံတားဖွင့်ပွဲကို ယမန်နေ့ နံနက် ၆ နာရီ မိနစ် ၂၀ က ကျင်းပသည်။

နွယ်တမယ်တံတားမှာ အောက်ခံအုတ်မြစ် ဘိုးပိုင်၊ သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့် ရေလယ်တိုင်၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းအပေါ်ထည်ဖြစ်ပြီး တံတားအရှည် ပေ ၁၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေ၊ ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

တံတားဖွင့်ပွဲတွင် ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်အဖွဲ့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တံတားအား အမွှေးနံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

မောင်လွင်(ပြန်/ဆက်)

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးမှ အဝတ်နှာခေါင်းစည်း တစ်သိန်းနှစ်သောင်းကို ကျောက်ဖြူမြို့ရှိ ဌာနဆိုင်ရာများ၊ အလှူလက်ခံရေးအဖွဲ့နှင့် ပရဟိတအဖွဲ့များအား လှူဒါန်း

ကျောက်ဖြူ စက်တင်ဘာ ၆

ကျောက်ဖြူမြို့ ချမ်းမြေ့သာယာ အဝေးပြေးကားကြီးဝင်းအတွင်းရှိ လေးဝတီကုလရက္ခိတ (ပရဟိတ) အသင်းရုံး၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲက မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးမှ ပေးပို့လှူဒါန်းသော အဝတ်နှာခေါင်းစည်း လူကြီးဝတ် အခု တစ်သိန်းနှင့် ကလေးဝတ် အခု နှစ်သောင်းကို ကျောက်ဖြူခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဌာန ဆိုင်ရာများ၊ အသိပညာပေးရေးနှင့် သတင်းစုဆောင်း ထုတ်ပြန်ရေးကော်မတီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များအား ပေးအပ်လှူဒါန်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်တိုက်ဖျက်ရေးကို ပံ့ပိုးကူညီသည့်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးကိုယ်စား ကျောက်ဖြူခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ညိုညိုမြင့်က တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်း အဝတ်နှာခေါင်းစည်း လူကြီးဝတ် တစ်သိန်းနှင့် ကလေးဝတ် နှစ်သောင်းအား လေးဝတီကုလရက္ခိတ (ပရဟိတ) အသင်းဥက္ကဋ္ဌ၊ ကျောက်ဖြူမြို့ ကိုဗစ်-၁၉ အလှူလက်ခံရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌနှင့် Volunteer များထံပေးအပ်ခဲ့ကာ ပရဟိတအသင်းဥက္ကဋ္ဌနှင့် အလှူလက်ခံရေးကော်မတီဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာ အသီးသီးပြန်လည်ပေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးက လှူဒါန်းသော အဝတ်နှာခေါင်းစည်းများအား ကျောက်ဖြူမြို့ ကိုဗစ်-၁၉ အလှူလက်ခံရေးကော်မတီများ၊ အသိပညာပေးရေးနှင့် သတင်းစုဆောင်း ထုတ်ပြန်ရေးကော်မတီအဖွဲ့၊ ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံ၊ ကိုဗစ်-၁၉ ကာကွယ်ရေးတွင် ကူညီဆောင်ရွက်နေသော Volunteer များ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းမြို့နယ်၊ ဇင်ချောင်းနှင့် လေးတောင်တိုက်နယ်များရှိ လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်းပေးအပ်ခဲ့ကြသည်။ လက်ခံရရှိသော အဝတ် နှာခေါင်းစည်းများအား အခြေခံလူတန်းစားများ၊ ဈေးများတွင် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ မသန်စွမ်းသူများအား ထောက်ပံ့

ပဲခူး စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၏ ရုံးခန်းတွင် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ပဲခူးမြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ပဲခူးမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၁၃၇၈ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၁၃၄၀၀၀၀ အား ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးနှင့် တာဝန်ရှိသူများသည် ပဲခူး၊ ဒိုက်ဦး၊ ကဝ၊ သနပ်ပင်နှင့် ဝေါမြို့နယ်တို့သို့သွားရောက်ပြီး သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့ မသန်စွမ်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ပဲခူးမြို့နယ်မှ ၁၃၇၈ ဦး၊ ဒိုက်ဦးမြို့နယ်မှ ၁၀၇၉ ဦး၊ ကဝမြို့နယ်မှ ၆၅၁ ဦး၊ သနပ်ပင်မြို့နယ်မှ ၈၂၁ ဦးနှင့် ဝေါမြို့နယ်မှ ၈၄၈ ဦးအတွက် ထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ မသန်စွမ်းသူများအား ထောက်ပံ့ငွေများပေးအပ်ရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်၌ မသန်စွမ်းသူဦးရေ ၁၇၈၁၁ ဦးရှိပြီး ထောက်ပံ့ငွေ ကျပ် ၅၃၄၃၃၀၀၀၀ အား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တိုင်းဒေသကြီးအဆင့်ဖွင့်ပွဲကျင်းပ

ထားဝယ် စက်တင်ဘာ ၆

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများအတွက် တိုင်းဒေသကြီးအဆင့်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က မြန်မာနိုင်ငံအတွင်း အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာများ ကာကွယ်ရေး၊ ပြည်သူလူထုအတွင်း အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့များ ပိုမိုထွန်းကားလာရေး စသည့်ရည်မှန်းချက်များချမှတ်ပြီး အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများ အာဟာရပြည့်ဝကျန်းမာနေခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများအား ကဏ္ဍပေါင်းစုံမှ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် ဗီဒီယိုဖိုင်အား ပြသခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

မန္တလေး မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ တိုက်ခန်းပေါင်း ၂၁၀၀ ကျော် ရောင်းချပေးခဲ့

မန္တလေး စက်တင်ဘာ ၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တိုက်ခန်းပေါင်း ၂၁၀၀ ကျော် ရောင်းချပေးခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ဌာနခွဲမှူး ဦးစိုးမင်းသိန်းထံမှ သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ တိုက်ခန်းများအား နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများအား နေထိုင်ရေးအဆင်ပြေစေရန် လက်ငင်းငွေချေစနစ် (သို့) အရစ်ကျစနစ်ဖြင့် တိုက်ခန်းများအား အောင်ဘာလေစနစ်ဖြင့် မဲနှိုက်ကာ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်းများကိုအောင်ဘာလေစနစ်ဖြင့် မဲနှိုက်ကာရောင်းချခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နှစ်ကြိမ်ခွဲကာ တိုက်ခန်းပေါင်း ၁၁၂၈ ခန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နှစ်ကြိမ်ခွဲကာ တိုက်ခန်းပေါင်း ၁၀၀၈ ခန်း ရောင်းချပေးခဲ့ကြောင်း၊ တိုက်ခန်းစုစုပေါင်း ၂၁၃၆ ခန်းရောင်းချပေးခဲ့ကြောင်း ဌာနခွဲမှူး ဦးစိုးမင်းသိန်းက ပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ်အဖြစ် တိုက် ၂၈ လုံးမှ တိုက်ခန်းများ၊ ၂၀၁၉ ခုနှစ်တွင် တိုက် ၁၉ လုံးမှ တိုက်ခန်းများ၊ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် တတိယအကြိမ်အဖြစ် တိုက် ၂၁ လုံးမှ တိုက်ခန်းများ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် စတုတ္ထအကြိမ် တိုက် ၂၁ လုံးမှ တိုက်ခန်းများအား နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းနှင့် ပြည်သူများအား အောင်ဘာလေမဲစနစ်ဖြင့် တိုက်ခန်းနေရာများအား ကိုယ်တိုင်မဲနှိုက်စေပြီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ တိုက်ခန်းများ၏ အကျယ်အဝန်းနှင့် ဈေးနှုန်းများမှာ တိုက်ခန်းတစ်ခန်းလျှင် အကျယ်အဝန်း ၆၆၁ စတုရန်းပေရှိကာ ဈေးနှုန်းများအနေဖြင့် မြေညီထပ်တစ်ခန်းလျှင် ငွေကျပ် ၂၈၈ ဒသမ ၄ သိန်း၊ ပထမထပ်တစ်ခန်းလျှင် ၂၅၇ ဒသမ ၅ သိန်း၊ ဒုတိယထပ်တစ်ခန်းလျှင် ၂၃၁ ဒသမ ၇၅ သိန်း၊ တတိယထပ်တစ်ခန်းလျှင် ၂၁၁ ဒသမ ၁၅ သိန်း၊ စတုတ္ထထပ်တစ်ခန်းလျှင် ၁၉၅ ဒသမ ၇ သိန်းနှင့် အပေါ်ဆုံးထပ်တစ်ခန်းလျှင် ငွေကျပ် ၁၈၀ ဒသမ ၂၅ သိန်းဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း (ပြန်/ဆက်)

စစ်တောင်းမြစ်ကူးတံတား (ရေတာရှည်)အား တွေ့ရစဉ်။

စစ်တောင်းမြစ်ကူးတံတား(ရေတာရှည်) တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး၍ ယာဉ်ကြီးများ မကြာမီဖြတ်သန်းခွင့်ပြုတော့မည်

ရေတာရှည် စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အရှေ့ဘက် ခြောက်မိုင်ခန့်အကွာ၌ စစ်တောင်းမြစ်ကူးတံတား(ရေတာရှည်) အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်နေရာ ယခုအခါ တည်ဆောက်ပြီးစီးမှုရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ယာဉ်ကြီးများအား မကြာမီဖြတ်သန်းခွင့်ပြုသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါတံတားအမျိုးအစားမှာ ကိုယ်ထည် သံကူကွန်ကရစ်၊ အပေါ်ထည် 100 PC Girder နှင့် သံကူကွန်ကရစ်ကြမ်းခင်းဒီဇိုင်းအမျိုးအစားဖြစ်ကြောင်း၊ တံတားအရှည်ပေ ၈၀၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီပါဝင်၍ ရေလမ်းကင်းလွတ်အမြင့် ၁၂ ပေနှင့် အကျယ် ၉၂ ပေ ရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း၊ ဩဂုတ် ၄ ရက်နံနက်အစောပိုင်းက စစ်တောင်းမြစ်ရေတိုးလာသောကြောင့် အထက်ဘက်၌ရှိသည့် ယာယီသစ်သားတံတားမှာ ရေတိုက်စားမှုကြောင့် ရေထဲမျောပါခဲ့ရပြီး ခရီးသွားပြည်သူများ သွားလာရေးအခက်အခဲဖြစ်ခဲ့ရသောကြောင့် သုံးတန်အောက်ယာဉ်ငယ်များအား ဖြတ်သန်းခွင့်ပြုထားကြောင်းလည်း သိရသည်။

စစ်တောင်းမြစ်ကိုဖြတ်သန်း၍ ရေတာရှည်မြို့နှင့် ကရင်ချောင်းကျေးရွာကိုဆက်သွယ်ကာ အဆိုပါစစ်တောင်းမြစ်ကူးတံတား (ရေတာရှည်)အား တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားသစ်ဖွင့်လှစ်ပြီဆိုပါက ရေတာရှည်မြို့မှ ကရင်ပြည်နယ် လိပ်သိုမြို့အထိ ဆက်သွယ်သွားရောက်နိုင်မည်ဖြစ်၍ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိဒေသများမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသရှိပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေတော့မည်ဖြစ်သောကြောင့် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပွင့်သစ္စာ

ဟသ္သာတ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်

ဟသ္သာတ စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့အမှတ် (၈၄) စု ယာဉ်ထိန်းခေတ္တရဲတပ်ဖွဲ့မှူး ရဲအုပ်လူလှခေါင်းဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ပထမပတ်က ဟသ္သာတမြို့မဈေးလမ်းဆုံနှင့် လူစည်ကားရာနေရာများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှု ပြည်ထောင်စုလွှတ်တော်ဥပဒေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် မော်တော်ယာဉ်များဖြင့် လိုက်လံပြီး အသံချဲ့စက်ဖြင့် ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အေးထွန်း (ဟသ္သာတ)

မြိတ်-ထားဝယ်ကားလမ်းပေါ်ရှိ သမုတ်-လွတ်လွတ်တံတား ရာနှုန်းပြည့်တည်ဆောက်ပြီးစီး၍ မကြာမီဖြတ်သန်းနိုင်မည်

မြိတ် စက်တင်ဘာ ၆

မြိတ်-ထားဝယ်ကားလမ်းပေါ်ရှိ သမုတ်-လွတ်လွတ်တံတား ရာနှုန်းပြည့်တည်ဆောက်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ မကြာမီတံတားဖြတ်သန်း အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သမုတ် - လွတ်လွတ်တံတားသည် ၁၂၈၇ ပေရှည်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လူသွားလမ်းတစ်ဖက် သုံးပေစီပါရှိပြီး နှစ်လမ်းသွား တံတားဖြစ်ကာ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ရေအတက်ဆုံးချိန်တွင် ၁၅ ပေရှိသည်။ အဆိုပါတံတားကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) မှ တည်ဆောက်ခဲ့ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းမှ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးပြီဖြစ်သည်။ တံတားချဉ်းကပ်လမ်းနှင့် တံတားအပေါ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"သမုတ်-လွတ်လွတ်တံတားက ပြည်ထောင်စုလမ်းမကြီးပေါ်မှာတည်ရှိတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ တံတားမဆောက်နိုင်ခင်က သမုတ်မြစ်ကိုရှောင်ကွင်းပြီး ဖောက်ထားတဲ့ ရှောင်ကွင်းလမ်းက ပြည်သူတွေ ဖြတ်သန်းသွားလာရတဲ့အတွက် ယာဉ်တွေ ၂၅ မိုင်ခန့် သွားလာရပါတယ်။ တံတားတည်ဆောက်ပြီးစီးသွားမယ်ဆိုရင်တော့ ၁၄ မိုင်သာသွားရမှာဖြစ်ပြီး ၁၁ မိုင် သက်သာသွားမှာဖြစ်ပါတယ်။ ၁၁ မိုင်သက်သာတဲ့အပြင် ယာဉ်မောင်းချိန် ၄၅ မိနစ်ခန့် သက်သာမယ်။ ရှောင်ကွင်းလမ်းကတောင်ကြောပေါ်ကဖောက်ထားတဲ့အတွက် အတက်အဆင်းများပြီး အကွေ့အကောက်များတဲ့အတွက် အမြန်သွားလို့မရဘူး။ သမုတ်-လွတ်လွတ်တံတားလမ်းက ယာဉ်မောင်းချိန် ပိုမြန်သွားမှာဖြစ်ပါတယ်" ဟု တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၄) မှ ညွှန်ကြားရေးမှူး (မြို့ပြ)ဦးကျော်မျိုးထွန်းက ပြောကြားသည်။

အဆိုပါတံတားကို ရန်ပုံငွေစုစုပေါင်း ကျပ်သန်း ၁၁၈၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားချဉ်းကပ်လမ်းနှင့် တံတားပေါ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ပြီးစီးပါက သမုတ်-လွတ်လွတ်တံတားသည် ပြည်ထောင်စုလမ်းမကြီးတွင်တည်ရှိသော တံတားတစ်စင်းဖြစ်သောကြောင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ နေ့စဉ်သွားလာမှု ပိုမိုလွယ်ကူလျင်မြန်စွာဖြင့် ကုန်ကားများ၊ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။

ခိုင်ထူး (ပြန်/ဆက်)

ပေါ်ဦးပေါ်ဖျားဝဥများ မန္တလေးဈေးကွက်၌ အဖွင့်ဈေးကောင်းပြီး အရောင်းသွက်

မန္တလေး စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်၊ ကသာ၊ ထီးချိုင့်ဒေသတို့မှ ဩဂုတ်လကုန်ပိုင်းမှစ၍ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့်ဝဥများ ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်၌ အဖွင့်ဈေးကောင်းမွန်စွာဖြင့် အရောင်းသွက်လျက်ရှိသည်။

အဆိုပါဝဥများမှာ သစ်တောများအတွင်း၌ သဘာဝအလျောက် အလေ့ကျပေါက်ရောက်ထွက်ရှိသည့်အပြင် စီးပွားဖြစ်စိုက်ပျိုးမှုမှထွက်ရှိသည့် ဝဥဟူ၍ အမျိုးအစားကွဲပြားကာ ယခုနှစ်တွင် သဘာဝအလျောက်ပေါက်ရောက်သည့်ဝဥများ အထွက်နှုန်းနည်းပါးသဖြင့် ဈေးကွက်အတွင်း၌ အဝါရောင်ဝဥတစ်ပိဿာလျှင် ကျပ် ၁၀၃၀၀၊ အနီရောင်ဝဥတစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှုန်းများဖြင့် အဖွင့်ဈေးကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) ထံမှ သိရသည်။

"မန္တလေးဈေးကွက်မှာ ပေါ်ဦးပေါ်ဖျားဝဥတွေ တရုတ်နိုင်ငံရဲ့ အဓိကဝယ်လိုအားကြောင့် အရောင်းသွက်နေတယ်။ ချင်းပြည်နယ်ကထွက်တဲ့ ဝဥက အနီရောင်ထွက်ရှိပေမယ့် အရည်အသွေးကောင်းတဲ့အတွက် အဝါရောင်ဈေးနှုန်းအတိုင်းပဲ အရောင်းအဝယ်ဖြစ်နေတယ်။ ဝဥကို စိုက်ပျိုးထွက်ရှိလို့ပဲဖြစ်စေ အလေ့ကျပေါက်ရောက်ထွက်ရှိလို့ပဲဖြစ်စေ တူးဖော်ခွဲခြမ်း အခြောက်ခံပြီး ဈေးကွက်မှာတင်ပို့ရောင်းချနိုင်ကြလို့ ဒီလိုဝဥထွက်တဲ့ရာသီမှာ ဒေသခံတောင်သူတွ ဝဥရှာရင်း အပိုဝင်ငွေရရှိကြတဲ့အချိန်ပါပဲ။ ချင်းပြည်နယ်မှာတော့ တစ်နှစ်ထက်တစ်နှစ် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးထားတဲ့ ဝဥစိုက်ခင်းတွေကို သဘာဝတောတောင်ရှုခင်းအလှတွေနဲ့ တွဲဖက်ပြီးတွေ့မြင်နိုင်မှာပါ" ဟု ၎င်းက ပြောကြားသည်။

လက်ရှိတွင် ပြည်ပနိုင်ငံများသို့ ဝဥများတိုးချဲ့တင်ပို့ရောင်းချနိုင်ရန် မန္တလေးမြို့တွင် ဝဥအခြောက်ခံသည့် စက်ရုံခြောက်ရုံနှင့် ပခုက္ကူမြို့နယ်၌ စက်ရုံတစ်ရုံတည်ဆောက်ကာ ထုတ်လုပ်လျက်ရှိကြောင်းနှင့် ဝဥကို မြစ်ကြီးနား၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ ဝန်းသိုနှင့် မော်လမြိုင်မြို့တို့တွင် နှစ်စဉ် ဩဂုတ်လကုန်ပိုင်းမှ အောက်တိုဘာလအတွင်း တူးဖော်ထွက်ရှိပြီး ချင်းပြည်နယ်တွင်မူ စက်တင်ဘာလမှစတင်စိုက်ပျိုးကာ ဇန်နဝါရီလကုန်ပိုင်းတွင် တူးဖော်ရရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သွေးလှူဒါန်းရာတွင် လုံခြုံစိတ်ချမှုရှိစေရန် သီးသန့်သွေးလှူခန်းများ စီစဉ်ဆောင်ရွက်ထား

ရန်ကုန် စက်တင်ဘာ ၆

ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုကြောင့် သွေးလှူရှင်များအနေဖြင့် လုံခြုံစိတ်ချစွာ လှူဒါန်းနိုင်ရန်အတွက် မိသားစုလိုက်သော်လည်းကောင်း၊ အစုအဖွဲ့အဖြစ်သော်လည်းကောင်း သီးသန့်သွေးလှူဒါန်းနိုင်မည့် အခန်းများကို စီစဉ်ဆောင်ရွက်ထားကြောင်း အမျိုးသားသွေးဌာန(ရန်ကုန်)မှ သိရသည်။

အစီအစဉ်ကောင်းလေးဖြစ်

“မိမိတို့ရဲ့ အသိုင်းအဝိုင်းအချင်းချင်းနဲ့သာ လှူဒါန်းနိုင်ဖို့ သီးသန့်သွေးလှူဒါန်းနိုင်မယ့်အခန်းကို စီစဉ်ထားပါတယ်။ မှတ်ပုံတင်ခြင်းကအစ ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးလှူဒါန်းခြင်း၊ အနားယူခြင်းအထိ မိမိတို့ မိသားစု အသိုင်းအဝိုင်းအချင်းချင်းသာ ထိတွေ့ခွင့်ရှိမယ့် အစီအစဉ်ကောင်းလေးဖြစ်ပါတယ်”ဟု အမျိုးသားသွေးဌာန(ရန်ကုန်) တာဝန်ခံ ဒေါက်တာသီတာအောင်က ပြောသည်။

အဆိုပါအစီအစဉ်တွင် လာရောက်လှူဒါန်းသူ အနည်းဆုံး သုံးဦး ရှိရမည်ဖြစ်ပြီး အဖွဲ့လိုက် ၁၀ ဦးအထိ အခန်းနှင့် လှူဒါန်းနိုင်ရန် စီစဉ်ထားကြောင်း၊ ထိုသို့လှူဒါန်းနိုင်ရန် ရက်ချိန်းရယူရာတွင် အမျိုးသားသွေးဌာနသို့ ဆက်သွယ်၍ တနင်္လာမှ သောကြာနေ့အထိ သီးသန့်လှူဒါန်းနိုင်မည့် ဝန်ဆောင်မှုရယူနိုင်ပြီး အဖွဲ့လိုက်လူဦးရေများပါက အမျိုးသားသွေးဌာနမှ ကားအကြိုအပို့ စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

“ကူးစက်မှုတွေ ပြန်ဖြစ်ကတည်းက သွေးအလှူရှင် ကျသွားတယ်။ စနေ၊ တနင်္ဂနွေနေ့မှာ တစ်နေ့ကို သွေးလှူရှင် ၄၀၀ လောက်ရမှ၊ အခုက ၂၀၀ ရဖို့တောင် မလွယ်ဘူး။ ဒါပေမယ့် လှူဒါန်းပေးတဲ့သူတွေ ရှိနေသေးတော့ တော်သေးတယ်။ ဖြစ်ပေါ်နေတဲ့ ကူးစက်မြန်ရောဂါကြောင့် သွေးလှူဒါန်းသူတွေ ဘေးကင်းဖို့အတွက် အမျိုးသားသွေးဌာန (ရန်ကုန်)အနေနဲ့ ကာကွယ်မှုတွေကို စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင် ပေးနေပါတယ်”ဟု ၎င်းက ပြောသည်။

အမျိုးသားသွေးဌာန(ရန်ကုန်)၏ သွေးလှူဒါန်းမှု မှတ်တမ်းများအရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၁၉ ခုနှစ် လှူဒါန်းမှုနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် လှူဒါန်းမှုဦးရေ ၂၀၆၆၆ ဦး ကျဆင်းခဲ့ကြောင်း သိရသည်။

စီစဉ်ပေးထား

“အခုလိုကာလမျိုးမှာ သွေးလှူဒါန်းသူများ အဆင်ပြေစေဖို့ Online Appointment ယူခြင်းကတော့ အကောင်းဆုံးဖြေရှင်းနည်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် သွေးလာမလှူခင် အမျိုးသားသွေးဌာန Facebook Page ကို ခဏဝင်ကြည့်စေချင်ပါတယ်။ စောင့်ဆိုင်းစရာမလိုဘဲ အဆင်မပြေမှုတွေ လျော့နည်းသွားအောင် စီစဉ်ပေးထားပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

လှူဒါန်းလိုသည့် သွေးလှူရှင်များအနေဖြင့် နေ့စဉ်နံနက် ၈ နာရီမှည ၇ နာရီအထိ အမျိုးသားသွေးဌာန(ရန်ကုန်)သို့ လာရောက်လှူဒါန်းနိုင်ပြီး https://www.donatebloodmyanmar.org/booking ဝက်ဘ်ဆိုက်မှ အွန်လိုင်းဘိုကင်စနစ်ဖြင့် ရက်ချိန်းယူ လှူဒါန်းနိုင်ကြောင်း သိရသည်။

အမျိုးသားသွေးဌာန(ရန်ကုန်)အနေဖြင့် အလှူရှင်များ လှူဒါန်းသည့် သွေးများကို ဆေးရုံပေါင်း ၁၆ ရုံသို့ ပြန်လည်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **အေးမင်းသူ**

သမဝါယမကဏ္ဍမှ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ် ၁၃၂ မြို့နယ်တွင် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်း ၁၆၁ သင်းကို ဖွဲ့စည်း၍ တောင်သူလယ်သမားများအတွက် လယ်ယာလုပ်ငန်း နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရန်နှင့် လူအင်အားအနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်စိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများ၊ သမဝါယမအသင်းစုချုပ်များနှင့် မြို့နယ်သမဝါယမ အသင်းစုများ၏ လုပ်ငန်းခွဲများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် စက်ပစ္စည်း ပိုင်ဆိုင်မှုအနေဖြင့် ထွန်စက် ၄၅၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၁၂ စီး၊ အခြားစက် အမျိုးအစား ၆၄ စီး စုစုပေါင်း ၆၂၈ စီးဖြင့် လယ်ယာမြေများ ထွန်ယက်မှုနှင့် ရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

ယခုနှစ် မိုးစပါးအတွက် လယ်ယာမြေထွန်ယက်မှုလုပ်ငန်းတွင် ဒေသအလိုက် ထွန်ယက်ခနှုန်းထားများကို သင့်လျော်သောဈေးနှုန်းဖြင့် ထွန်ယက်ဧက ၉၃၃၇၃ ဧကအား ဆောင်ရွက်ခဲ့ပြီး ရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းတွင် ရိတ်/ခြွေဧက ၁၈၁၃၈ ဒသမ ၁၈၅ ဧကအား သက်သာသော နှုန်းထားဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သမဝါယမကဏ္ဍမှ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများတွင် ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများထွန်ယက်ခြင်း၊ ကေကွက်များ ဖော်ထုတ်ခြင်း၊ ရေသွင်း/ရေထုတ်မြောင်းများဖော်ထုတ်ခြင်း၊ ကုန်ထုတ်လမ်းများ ပြုပြင်ဖောက်လုပ်ခြင်းတို့ကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမ အသင်းများက သင့်လျော်သောဈေးနှုန်းဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် လုပ်ငန်းဆောင်ရွက်လိုပါက တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၂ ဦးအား မီးရထားခရီးစဉ်ဖြင့် ဆက်လက်ပို့ဆောင်ပေး

လားရှိုး စက်တင်ဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၊ ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှ မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှစတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၂ ဦးတို့ကို ထပ်မံပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၂၂ ဦးတို့တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ လေးဦး၊ မကွေးတိုင်းဒေသကြီးမှ ကိုးဦး၊ မန္တလေးတိုင်းဒေသကြီးမှ လေးဦး၊ ပဲခူးတိုင်းဒေသကြီးမှ ငါးဦး တို့ဖြစ်ကြသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် မေ ၆ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိရာတွင် စက်တင်ဘာ ၆ ရက်အထိ နေရပ်ပြန်ပြည်သူ အမျိုးသား ၉၇၁၃ ဦး၊ အမျိုးသမီး ၆၁၅၃ ဦး စုစုပေါင်း ၁၅၈၆၆ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

သထုံခရိုင်ရှိ မြို့နယ်လေးခုတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

သထုံ စက်တင်ဘာ ၆

ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးကုစားမှု အစီအစဉ်အရ ကျေးလက်ဒေသနေပြည်သူများ၏ မိသားစုဝင်ငွေ လျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးဖြင့် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ၊ တိုးပွားလာသော ရန်ပုံငွေဖြင့် ကျေးရွာပိုင်ဆိုင်မည့် မတည်ရန်ပုံငွေထူထောင်၍ စဉ်ဆက်မပြတ် အရင်းရရှိနိုင်စေရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်လေးမြို့နယ်တွင် Type-1 ၁၄ ရွာ၊ တစ်ရွာလျှင် ကျေးရွာမတည်ရန်ပုံငွေကျပ်သန်း ၃၀၊ Type-2 ကိုးရွာ၊ တစ်ရွာလျှင် ကျေးရွာမတည်ရန်ပုံငွေကျပ်သန်း ၂၀ နှင့် Type-3 ၁၃ ရွာ၊ တစ်ရွာလျှင် ကျေးရွာမတည်ရန်ပုံငွေကျပ် ၁၀ သန်း စုစုပေါင်း ကျေးရွာ ၃၆ ရွာအတွက် ငွေကျပ်သန်း ၇၃၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ချေးငွေများကို ပြည်သူများ လက်ဝယ်အရောက် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

မိုးဝင်း(ကျေးလက်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်

၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID-19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ (၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း- Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ (၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေသတ်မှတ်ရာ၌-

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀)ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀)ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး(Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရလည်းကောင်း၊ လူသားချင်းစာနာသော ရှုထောင့်မှလည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ (Referral Letter)ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သောလူနာများအား နေပြည်တော် အဝင်ဂိတ်များတွင် ခွင်းချက်ဖြင့် လူနာနှင့် လူနာစောင့်(၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆေးရုံများရှိ သီးခြားဆောင် (Isolation Room) တွင် ထားရှိ၍ COVID-19 ဓာတ်ခွဲနမူနာ အခမဲ့ စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၆၆၄၃၃	၁၄၁၉
ရောဂါပိုးကင်းစင်လာသူ	**သေဆုံးသူ**
၃၈၅	၈

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၇၆၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၆၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၆-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၆၄၃၂၂၀၉	၃၇၀၇၁၃၈	၁၉၂၈၆၄
၂။	အိန္ဒိယ	၄၁၃၁၆၉၀	၃၁၉၅၄၅၉	၇၀၈၀၂
၃။	ဘရာဇီး	၄၁၂၃၀၀၀	၃၂၉၆၇၀၂	၁၂၆၂၃၀
၄။	ရုရှား	၁၀၂၅၅၀၅	၈၄၀၉၄၉	၁၇၈၂၀
၅။	ပီရူး	၆၈၃၇၀၂	၅၀၆၄၂၂	၂၉၆၈၇
၆။	ကိုလံဘီယာ	၆၅၈၄၅၆	၅၀၇၇၇၀	၂၁၁၅၆
၇။	တောင်အာဖရိက	၆၃၆၈၈၄	၅၆၁၂၀၄	၁၄၇၇၉
၈။	မက္ကဆီကို	၆၂၉၄၀၉	၄၃၈၇၅၄	၆၇၃၂၆
၉။	စပိန်	၅၁၇၁၃၃	စိစစ်ဆဲ	၂၉၄၁၈
၁၀။	အာဂျင်တီးနား	၄၇၁၈၀၆	၃၄၀၃၈၁	၉၇၃၉

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဖိလစ်ပိုင်	၂၃၇၃၆၅	၁၈၄၆၈၇	၃၈၇၅
၂။	အင်ဒိုနီးရှား	၁၉၄၁၀၉	၁၃၈၅၇၅	၈၀၂၅
၃။	စင်ကာပူ	၅၇၀၂၂	၅၆၂၆၇	၂၇
၄။	မလေးရှား	၉၃၉၇	၉၁၁၅	၁၂၈
၅။	ထိုင်း	၃၄၄၄	၃၂၈၁	၅၈
၆။	မြန်မာ	၁၄၁၉	၃၈၅	၈
၇။	ဗီယက်နမ်	၁၀၄၉	၈၁၅	၃၅
၈။	ကမ္ဘောဒီးယား	၂၇၄	၂၇၂	၀
၉။	ဘရူနိုင်း	၁၄၅	၁၃၉	၃
၁၀။	လာအို	၂၂	၂၁	၀

ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၁၄ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် စက်တင်ဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၁၁ ဦးနှင့် ယနေ့မွန်းလွဲ ၃ နာရီခွဲက သုံးဦး စုစုပေါင်း ၁၄ ဦးတို့အား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၁၄ ဦးမှာ အမျိုးသား ကိုးဦး၊ အမျိုးသမီး ငါးဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ နှစ်ဦး၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်မှ သုံးဦး၊ မိုင်းရယ်မြို့နယ်မှ နှစ်ဦး၊ လောက်ကိုင်မြို့နယ်မှ နှစ်ဦး၊ သိန္နီမြို့နယ်မှ သုံးဦးနှင့် ဟိုပန်မြို့နယ်မှ တစ်ဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျစီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၂၈၂ ဦး၊ အမျိုးသမီး ၆၆၉၀ စုစုပေါင်း ၁၄၉၇၂ ဦး တို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ရန် ပါတီဝင်များ စေလွှတ်မည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပြောကြား

ပြုံယမ်း စက်တင်ဘာ ၆

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အင်အားပြင်း တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ ပြည်နယ်နှစ်ခု၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြုံယမ်းမြို့မှ အာဏာရပါတီအဖွဲ့ဝင် ၁၂၀၀၀ စေလွှတ်ရန် ညွှန်ကြား ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့ ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက အစောပိုင်း၌ ရေကြီးမှုနှင့် တိုင်ဖုန်းမုန်တိုင်းကြောင့် ထိခိုက်မှုများရှိနေဆဲ ဖြစ်သော်လည်း တိုင်ဖုန်းမုန်တိုင်း မေဆတ်ခ် တိုက်ခတ်မှုကြောင့် ယခုသီတင်းပတ်အတွင်း အရှေ့ပိုင်းကမ်းရိုးတန်း၌ ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။ တိုင်ဖုန်းမုန်တိုင်း မေဆတ်ခ် တိုက်ခတ်မှုကြောင့် အိမ်ပေါင်း ၁၀၀၀ ကျော် ပျက်စီးခဲ့ရပြီး ပြည်နယ်နှစ်ခု၌ ပြည်သူပိုင်အဆောက်အအုံများ၊ လယ်ယာမြေများ ရေနစ်မြုပ်ခဲ့ကြောင်း KCNA သတင်းဌာနက ဖော်ပြခဲ့သည်။ ကင်ဂျုံအန်သည် ယမန်နေ့က ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုများကို စစ်ဆေးခဲ့ပြီး ဘေးအန္တရာယ် ကယ်ဆယ်ရေးကြိုးပမ်းမှုများ မူဝါဒဆိုင်ရာ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း ယင်းသတင်းဌာနက ဖော်ပြသည်။

လာမည့် အောက်တိုဘာ ၁၀ ရက်တွင်ကျင်းပမည့် အာဏာရပါတီတည်ထောင်မှု (၇၅) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားမတိုင်မီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ကူညီပေးရန် ပြုံယမ်းမြို့တော်မှ ပါတီဝင် ၁၂၀၀၀ ဝန်းကျင် စေလွှတ်မည်ဟု ကင်ဂျုံအန်က ပြောကြားခဲ့သည်။ ထိခိုက်ပျက်စီးမှုများမှာ ပြန်လည်ထူထောင်ရန်လိုအပ်သည့် အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သော်လည်း မည်မျှဒဏ်ရာရ၊ ပျောက်ဆုံး၊ သေဆုံးသည်ကို မဖော်ပြခဲ့ပေ။ ၂၀၁၆ ခုနှစ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ မြောက်ကိုရီးယား နိုင်ငံသား ၁၃၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ် နွေရာသီကာလအတွင်း မြောက်ကိုရီးယား နိုင်ငံ၌ အင်အားပြင်းထန်သော မိုးသက်မုန်တိုင်း တစ်ခု တိုက်ခတ်မှုကြောင့် လူပေါင်း ၁၆၀ ကျော် သေဆုံးခဲ့သည်။

ကိုးကား- အေအက်ဖ်ပီ
ဘာသာပြန်-ကျော်ထိုက်စိုး

ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၉၂ ဦး တွေ့ရှိပြီး ၃၂ ဦးထပ်မံသေဆုံး

ဒါကာ စက်တင်ဘာ ၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၉၂ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့ပြီးနောက် ရောဂါ ကူးစက်ခံရသူပေါင်း ၃၂၅၁၅၇ ဦး ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၃၂ ဦး ယနေ့ ထပ်မံသေဆုံးခဲ့ရာ ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၇၉ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း၌ လူဦးရေ ၁၁၃၅၄ ဦး တို့အားစမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၂၃ ဦးသည် လွန်ခဲ့သည့် ၂၄ နာရီ အတွင်း ရောဂါ ကင်းစင်ပြီး ဆေးရုံများနှင့် ဆေးခန်းများမှ ဆင်းခဲ့ကြရာ ယခုအခါ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၂၁၂၇၅ ဦး ရှိလာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိ သေဆုံးမှုနှုန်းမှာ ရောဂါကူးစက်ခံရသူ အားလုံး၏ ၁ ဒသမ ၃၈ ရာခိုင်နှုန်းခန့်ရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာမှုနှုန်းမှာ ရောဂါကူးစက်ခံရသူ အားလုံး၏ ၆၈ ဒသမ ၀၅ ရာခိုင်နှုန်းခန့်ရှိသည်။

ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်

ဇူလိုင် ၂ ရက်က ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၁၉ ဦး တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ယင်းနေ့သည် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ် လာခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

ဖိလစ်ပိုင်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၃၉ ဦး တွေ့ရှိပြီး ၈၅ ဦး ထပ်မံသေဆုံး

မနီလာ စက်တင်ဘာ ၆

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၃၉ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၃၇၃၆၅ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

သို့သော် ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၂၃၀၇၄ ဦးသည် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါ ကင်းစင်ခဲ့ကြရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၈၄၆၈၇ ဦး ရှိလာကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၈၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၈၇၅ ဦး ရှိလာခဲ့ကြောင်း သိရသည်။

မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၇၀ ယနေ့တွေ့ရှိခဲ့ခြင်းနှင့်အတူ မနီလာမြို့သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အများဆုံးတွေ့ရှိခဲ့သည့် ပြည်နယ်နှင့် ဒေသငါးခုအနက် ရောဂါကူးစက်မှုနှုန်း အများဆုံးဖြစ်သည်။

ထို့အပြင် နိုင်ငံ၏အလယ်ပိုင်းနီဂရိုးစ်အနောက်တိုင်းဒေသ၌ ၁၉၅ ဦး၊ လာဂူနာပြည်နယ်၌ ၁၉၀၊ ကာဗိုက် ပြည်နယ်၌ ၁၈၂ ဦးနှင့် ရီဇာလ်ပြည်နယ်၌ ၁၅၄ ဦး စသည်ဖြင့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီး ကူးစက်ခံရကြောင်း သိရသည်။

ဖိလစ်ပိုင်ကျန်းမာရေးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါ စမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ လူဦးရေ ၂ ဒသမ ၆ သန်းကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

အိန္ဒိယနိုင်ငံ မဟာရတ်ရှ်ထရာပြည်နယ်၌ တစ်ရက်အတွင်း ရဲတပ်ဖွဲ့ ၅၁၁ ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီး ခုနစ်ဦး သေဆုံး

မွမ်ဘိုင်း စက်တင်ဘာ ၆

အိန္ဒိယနိုင်ငံမဟာရတ်ရှ်ထရာပြည်နယ်တွင် ပြီးခဲ့သော ၂၄ နာရီအတွင်း ရဲတပ်ဖွဲ့ဝင် ခုနစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ပြီး ၅၁၁ ဦး တွင် ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ကြောင်း သိရသည်။

မဟာရတ်ရှ်ထရာပြည်နယ်တွင် လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရဲတပ်ဖွဲ့ဝင် ၁၇၃ ဦး သေဆုံးခဲ့ပြီး ၁၃၇၁၉ ဦး ရောဂါပိုး ကင်းစင်ပြီဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။ ဗိုင်းရပ်စ်ပိုး တွေ့ရှိသူ ရဲတပ်ဖွဲ့ဝင် ၁၆၉၁၂ ဦးအနက် တပ်ဖွဲ့ဝင် ၃၀၂၀ တွင် ပိုးရှိဆဲဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဆိုသည်။ မဟာရတ်ရှ်ထရာပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာ ၈၈၃၈၆၂ ဦးနှင့် ပိုးရှိလူနာ ၂၂၁၀၁၂ ဦးရှိကြောင်း သိရသည်။

မဟာရတ်ရှ်ထရာပြည်နယ်၌ ၆၃၆၅၇၄ ဦး ရောဂါပိုးကင်း စင်ခဲ့ပြီး ၂၆၂၇၆ ဦး ကိုဗစ်-၁၉ ရောဂါကြောင့် ကွယ်လွန်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုးကား- ပီတီအိုင်
ဘာသာပြန်-ကျော်ထိုက်စိုး

တိုင်ဖုန်းမုန်တိုင်း ဟိုင်ရှန်အတွက် ပြင်ဆင်ထားရန် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ညွှန်ကြား

ဆိုးလ် စက်တင်ဘာ ၆
တိုင်ဖုန်းမုန်တိုင်း ဟိုင်ရှန်ချဉ်းကပ်လာမှုအတွက် ကြိုတင်ပြင်ဆင်ထားရန် အစိုးရနှင့် ပြည်နယ်တာဝန်ရှိသူများအား တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ညွှန်ကြားထားကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ တိုင်ဖုန်းမုန်တိုင်းသည် စက်တင်ဘာ ၇ ရက်နံနက်ပိုင်းတွင် ဘူဆန်မြို့တောင်ပိုင်းအနီးသို့ ရောက်ရှိလာမည်ဖြစ်ကြောင်းနှင့် ထို့နောက် ကိုရီးယားကျွန်းဆွယ်ကမ်းရိုးတန်းအရှေ့ပိုင်းသို့ ဦးတည်လာဖွယ်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံ၏ မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည်။

ယင်းမုန်တိုင်းကြောင့် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် မီးရထားလုပ်ငန်းများ ရပ်ဆိုင်းခြင်းအပါအဝင် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ထိခိုက်နိုင်ကြောင်း ခန့်မှန်းထားသည်။

တာဝန်ရှိသူများကလည်း ရေလှောင်တမံများမှ ရေများကို ထုတ်လွှတ်ရန်ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်စေနိုင်သောကြောင့် ဓာတ်အားခွဲရုံများကိုလည်း ကြည့်ရှုစစ်ဆေးမှုများရှိခဲ့ကြောင်း သိရသည်။

သမ္မတမွန်ဂျေအင်းက ပြည်သူများ ဘေးကင်းလုံခြုံရေးသည် အဓိကဦးစားပေးဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့ပြီး ဒေသခံများအား စောစီးစွာ ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးရန် သက်ဆိုင်ရာအေဂျင်စီများအား ညွှန်ကြားခဲ့သည်။

ထို့ပြင် ကမ်းရိုးတန်းဒေသများသို့ သွားရောက်ခြင်းကို ကန့်သတ်တားမြစ်ခြင်းနှင့် သင်္ဘောများကိုလည်း ဘေးကင်းရာသို့ ရွှေ့ပြောင်းထားခြင်းကဲ့သို့သော ကြိုတင်ကာကွယ်ရေးအစီအမံများကို လုပ်ဆောင်ထားရန်လည်း သမ္မတမွန်ဂျေအင်းက ညွှန်ကြားထားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အလင်းသစ်

တရုတ်-အိန္ဒိယနှစ်နိုင်ငံနယ်စပ် အငြင်းပွားမှုအပေါ် ဆွေးနွေးပွဲများမှ အဖြေရှာရန် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများ သဘောတူ

ပေကျင်း စက်တင်ဘာ ၆
တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံ နယ်စပ်အငြင်းပွားမှုများနှင့် ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ကာ အဖြေရှာသွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

တရုတ်ကာကွယ်ရေးဝန်ကြီး ဝီဖန်ဂီနှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာဂျ်နတ်ဆင်းတို့သည် စက်တင်ဘာ ၄ ရက်တွင် မော်စကိုမြို့၌ တွေ့ဆုံခဲ့ပြီး အထက်ပါအတိုင်း သဘောတူညီခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံမှုသည် နှစ်နိုင်ငံနယ်စပ်ပဋိပက္ခဖြစ်ပွားခဲ့သည့် ဇွန်လကစပြီး ပထမဆုံးအကြိမ်ဖြစ်သည်။

နှစ်နိုင်ငံ နယ်စပ်ဒေသအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲများပြုလုပ်ကာ အဖြေရှာသွားမည်ဖြစ်ကြောင်းနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ဆက်လက်ထိန်းသိမ်းသွားရန် နှစ်နိုင်ငံအကြား တင်းမာမှုများကို အတတ်နိုင်ဆုံး ဖြေလျှော့သွားရန် လိုအပ်သည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီး ဝီဖန်ဂီက ပြောကြားခဲ့သည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာဂျ်နတ်ဆင်းက နှစ်နိုင်ငံနယ်စပ်အရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲများ ဆက်လက်ကျင်းပကာ အဖြေရှာခြင်းသည် ကောင်းမွန်သောနည်းလမ်းတစ်ခုဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

သို့သော် ကီလိုမီတာ ၄၀၀၀ ခန့်ရှိသော တရုတ်-အိန္ဒိယနယ်စပ် ဒေသအများအပြားတွင် နယ်ခြားစည်းမျဉ်း သတ်မှတ်ထားခြင်း မရှိသေးသည့်အတွက် အလားတူ ပဋိပက္ခများ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ခန့်မှန်းပြောကြားကြသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

ရုရှား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သန်းကျော်အထိ ရှိလာ

မော်စကို စက်တင်ဘာ ၆
ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ၅၁၉၅ ဦး ရှိခဲ့ခြင်းကြောင့် စုစုပေါင်းကူးစက်ခံရသူ ၁၀၂၅၅၀၅ အထိ ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ယနေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၆၁ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူစုစုပေါင်း ၁၇၈၂၀ အထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှုဗဟိုအခံရဆုံးမြို့ဖြစ်ပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ကူးစက်ခံရသူ ၆၂၀ ရှိခဲ့ကာ စုစုပေါင်း ကူးစက်ခံရသူ ၂၆၆၃၅၇ ဦးအထိရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၈၂၃ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၈၄၀၉၄၉ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ	
ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၂၇၁၁၃၃၂၇ ဦး
သေဆုံးသူ	၈၈၄၅၂၄ ဦး
ပြန်လည်ကျန်းမာလာသူ	၁၉၂၃၀၀၆၉ ဦး

ဗီယက်နမ်၌ ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေစဉ် စာသင်နှစ်သစ်အတွက် ကျောင်းများပြန်ဖွင့်

ဟနွိုင်း စက်တင်ဘာ ၆
ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်းမှာပင် စာသင်နှစ်သစ်အတွက် နိုင်ငံအတွင်းရှိ ကျောင်းများကို ယမန်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသားပေါင်း ၂၃ သန်းနီးပါး စာသင်ကျောင်းများသို့ အသီးသီးတက်ရောက်ခဲ့ကြကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ယခုစာသင်နှစ်အတွင်း မူကြိုအဆင့်ကျောင်းသားပေါင်း ၅ ဒသမ ၄ သန်း နီးပါး၊ မူလတန်းအဆင့် ကျောင်းသားပေါင်း ၈ ဒသမ ၇ သန်းကျော်၊ အလယ်တန်းအဆင့် ကျောင်းသားပေါင်း ၆ သန်းကျော်နှင့် အထက်တန်းအဆင့် ကျောင်းသားပေါင်း ၂ ဒသမ ၈ သန်းကျော်ရှိကြောင်းလည်း အဆိုပါသတင်းအေဂျင်စီ၏ ဖော်ပြမှုအရ သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ယမန်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ခြင်းအခမ်းအနားများကို နိုင်ငံတစ်ဝန်း ကျင်းပခဲ့ပြီး ဗီယက်နမ်နိုင်ငံ ပညာရေးနှင့်လေ့ကျင့်ရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုအောက်တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအစီအစဉ်များနှင့်အတူ ကျောင်းများကို လူမှုဘဝခပ်ခွာခွာ နေထိုင်ခြင်းစည်းမျဉ်းများဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြထားသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ် အလုပ်သမားဝန်ကြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

နယူးဒေလီ စက်တင်ဘာ ၆

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ် အလုပ်သမားဝန်ကြီး အေရှီဗာရမ်းဟက်ဘာက ၎င်းနှင့်ဇနီးဖြစ်သူတို့တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ပြီး နေအိမ်၌သီးခြားခွဲနေ၍ ကုသမှုခံယူမည်ဖြစ်ကြောင်း ယနေ့ ပြောကြားလိုက်သည်။

ပြည်နယ်ဝန်ကြီးချုပ် ဘီအက်ယီဒီယူရတ်ပါက အသက် ၆၃ နှစ်အရွယ် ဝန်ကြီး အေရှီဗာရမ်း အမြန်ဆုံးရောဂါပျောက်ကင်းပါစေကြောင်း ဆန္ဒပြုခဲ့သည်။ "ကျွန်တော်နဲ့ဇနီးတို့ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုပြုလုပ်ရာမှာ ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ပါတယ်။ ရောဂါလက္ခဏာ မပြပေမယ့် ဆရာဝန်တွေရဲ့ အကြံပြုချက်အတိုင်း နေအိမ်မှာ သီးခြားခွဲနေပြီး ကုသမှုခံယူဖို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ပါတယ်" ဟု အေရှီဗာရမ်းက တွစ်တာစာမျက်နှာ၌ ရေးသားခဲ့သည်။ မိမိနှင့်ဇနီးဖြစ်သူတို့ မကြာမီရောဂါမှ သက်သာပျောက်ကင်းမည်ဟု ယုံကြည်ကြောင်း အေရှီဗာရမ်းက ပြောသည်။

ပြည်နယ်ဝန်ကြီးချုပ် ယီဒီယူရတ်ပါ၊ သစ်တောဝန်ကြီး အနန်ဆင်း၊ ခရီးသွားလုပ်ငန်းဝန်ကြီး စီတီရာဗီ၊ ကျန်းမာရေးဝန်ကြီး သီရိရာမူလာ၊ အတိုက်အခံခေါင်းဆောင်နှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဆတ်ဒီရာမိုင်ယာနှင့် ကွန်ဂရက်ပါတီ ပြည်နယ်အကြီးအကဲ ရှီဗာကူးမားတို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး သက်သာပျောက်ကင်းသွားပြီဖြစ်ကြောင်း သိရသည်။

ကိုးကား- ပီတီအိုင်

ဘာသာပြန်- ကျော်ထိုက်စိုး

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးမှုအပေါ် တရုတ်နိုင်ငံ၏ လုပ်ဆောင်ချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျွမ်းကျင်ပညာရှင် ချီးကျူး

ပေကျင်း စက်တင်ဘာ ၆

ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ လုပ်ဆောင်ချက်များအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျွမ်းကျင်ပညာရှင် ဒေါက်တာဂေါင်ဒန်ဂါလီယာက ချီးကျူးစကား ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တရုတ်နိုင်ငံကိုယ်စားလှယ် ဒေါက်တာဂေါင်ဒန်ဂါလီယာ

တရုတ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့ခဲ့စဉ် တရုတ်အစိုးရနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရောဂါကူးစက်မှု အလျင်အမြန် ထိန်းချုပ်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိ ရပါကြောင်းနှင့် ဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းစဉ်များ စနစ်တကျလုပ်ဆောင်ခဲ့သည့်အပေါ် ကျေနပ်အားရမိပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တရုတ်နိုင်ငံကိုယ်စားလှယ် ဒေါက်တာဂေါင်ဒန်ဂါလီယာက ပေကျင်းမြို့၌ ပြုလုပ်သည့် ပြည်သူ့ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာ ကွန်ဖရင့်၌ ပြောကြားခဲ့သည်။

တရုတ်သုတေသီများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မျှဝေပေးခဲ့ပါကြောင်းနှင့် ယင်းသို့မျှဝေခြင်းကြောင့် ဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့အတွက် လွန်စွာ အထောက်အကူ ဖြစ်စေပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တရုတ်နိုင်ငံ ကိုယ်စားလှယ် ဒေါက်တာဂေါင်ဒန်ဂါလီယာက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည့် အဓိကရှေ့ပြေးနိုင်ငံများတွင် ပါဝင်လျက်ရှိပါကြောင်း ဒေါက်တာဂေါင်ဒန်ဂါလီယာက ဆိုသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရာတွင် တစ်နိုင်ငံတည်း ကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တောင်းခံခဲ့ပါကြောင်း ဒေါက်တာဂေါင်ဒန်ဂါလီယာက ဆက်လက်ပြောကြားခဲ့သည်။ **ကိုးကား- ဆင်ဟွာ**

ဘာသာပြန်- အောင်ကျော်ကျော်

အာရှ-ပစိဖိတ်ဒေသ၌ ဗိုင်းရပ်စ်ကူးစက်မှုအခြေအနေ ဆက်လက်မြင့်မားလျက်ရှိ

နယူးဒေလီ စက်တင်ဘာ ၆

အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၌ ဗိုင်းရပ်စ်ကူးစက်မှု အခြေအနေသည် ယခုရက်ပိုင်းအတွင်း ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ယနေ့တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၀၆၃၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး သေဆုံးသူ ၁၀၆၅ ဦးရှိကာ နိုင်ငံတစ်ဝန်း၌ ဗိုင်းရပ်စ်ကူးစက်မှုအမြင့်မားဆုံး အခြေအနေသို့ ရောက်ရှိလျက်ရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၏ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၁၁၃၈၁၁ ဦးရှိပြီး သေဆုံးသူ ၇၀၆၂၆ ဦး ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယနေ့တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၄၄၄ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၉၄၁၀၉ ဦးရှိလာခဲ့ပြီး ၈၅ ဦး ယနေ့ထပ်မံသေဆုံးခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူ ၈၀၂၅ ဦးရှိလာခဲ့ပြီဖြစ်သည်။

ရောဂါပိုးကင်းစင်လာသူ ၂၁၇၄ ဦးရှိလာခဲ့သည့်အတွက် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၃၈၅၇၅ ဦးရှိကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် ယနေ့တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၇ ဦးထပ်မံတွေ့ရှိသည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၁၁၇၇ ဦးရှိလာခဲ့သည်။ ယနေ့တွေ့ရှိသော ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူများအနက် မြို့တော်ဆိုးလ်မှ ၆၃ ဦး၊ ဂျောင်ဂီခရိုင်မှ ၄၅ ဦးဖြစ်ကြောင်း၊ ကျန် ၁၅ ဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူတစ်ဦး ယနေ့ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၃၃၄ ဦးရှိလာခဲ့ပြီဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးမှုနှုန်းသည် ၁ ဒသမ ၅၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

တိုင်ဖုန်း ဟိုင်ရှန်ကြောင့် ပြည်သူ ၁ ဒသမ ၈ သန်းအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဂျပန်ညွှန်ကြား

တိုကျို စက်တင်ဘာ ၆

ဂျပန်နိုင်ငံ ခရိုင် ခုနစ်ခုတွင် နေထိုင်သော ပြည်သူ ၁ ဒသမ ၈ သန်းကို ယနေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲမှစ၍ ချက်ချင်းပြောင်းရွှေ့ရန် တာဝန်ရှိသူများက ညွှန်ကြားနေစဉ် ဟိုင်ရှန်အမည်ရှိ တိုင်ဖုန်းမုန်တိုင်းသည် ဂျပန်နိုင်ငံ အနောက်တောင်ဘက်သို့ ယနေ့ ဦးတည်ရွေ့လျားသွားကြောင်း သိရသည်။

အင်အားပြင်း တိုင်ဖုန်း ဟိုင်ရှန်သည် ကာဂိုရှီးမားခရိုင်ရှိ အမာမီအိုရှီးမားကျွန်းစုနှင့် အိုကီနာဝါခရိုင် တောင်ဘက်အစွန်ဆုံးဒေသများသို့ ချဉ်းကပ်လာလျက်ရှိပြီး စက်တင်ဘာ ၆ ရက် ညပိုင်းမှစ၍ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းအထိ ကျူးရှူးကျွန်း၏ ကမ်းလွန်ပင်လယ် မြောက်ဘက်သို့ ဦးတည်တိုက်ခတ်မည်ဟု ဂျပန်မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ကျူးရှူးကျွန်းတောင်ဘက်ရှိ ဒေသအစိတ်အပိုင်းများသည် တိုင်ဖုန်းဟိုင်ရှန်ကြောင့် စက်တင်ဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်အထိ ၂၄ နာရီအတွင်း မိုးရေချိန်မီလီမီတာ ၆၀၀ အထိရှိသည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများအား သဘာဝဘေးဆိုင်ရာ သတိပေးချက်ထုတ်ပြန်ကာ တိုက်တွန်းထားကြောင်း သိရသည်။

တိုင်ဖုန်းဟိုင်ရှန်ကြောင့် ယနေ့ညနေပိုင်းမှစ၍ အိုကီနာဝါနှင့် ကာဂိုရှီးမားခရိုင်ရှိ အိမ်ထောင်စု ၄၇၀၀၀ ကျော်သည် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြောင်း သိရသည်။

ကျူးရှူးမီးရထားကုမ္ပဏီသည် ဟိုင်ရှန်မုန်တိုင်းကြောင့် ၎င်း၏ ကျည်ဆံရထားလိုင်းများနှင့် ဒေသဆိုင်ရာ ရထားလိုင်းများကို စက်တင်ဘာ ၇ ရက်တွင် ရပ်ဆိုင်းရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အတူ West Japan ရထားကုမ္ပဏီကလည်း ဟီရိုရှီးမားနှင့် ဟာကာတာရထားဘူတာများအကြား ပြေးဆွဲသည့် ရှိန်ကန်ဆင်ကျည်ဆံရထားခရီးစဉ်များကို စက်တင်ဘာ ၇ ရက်တွင် ရပ်ဆိုင်းရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- ဂျေတီ

ကျောက်တော်မြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အရပ်ဝတ်များ ဝတ်ဆင်ထားသည့် AA အကြမ်းဖက် သောင်းကျန်းသူများက မိုင်းဆွဲတိုက်ခိုက်

နေပြည်တော် စက်တင်ဘာ ၆
ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား အရပ်ဝတ်များ ဝတ်ဆင်ထားသည့် AA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ကျောက်တော်မြို့နယ်အတွင်းရှိ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက်တွင် ကျောက်တော်မြို့အတွင်း လုံခြုံရေးဆောင်ရွက်ပြီး အပေါက်ဝရဲကင်းစခန်းတွင် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် ရဲတပ်ဖွဲ့ဝင်များအား ပို့ဆောင်စဉ် ညနေ ၆ နာရီခွဲခန့်၌ ရန်ကုန်- စစ်တွေကားလမ်း တောင်ပေါက်ကျေးရွာအနီးသို့ ရောက်ရှိရာ AA အကြမ်းဖက်သောင်းကျန်းသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရီမုမိုင်း တစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ စစ်သည်အချို့ထိခိုက်ဒဏ်ရာရရှိကြောင်း။

ယင်းဖြစ်စဉ်ဖြစ်ပွားသည့်နေရာတစ်ဝိုက်၌ လုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ကားလမ်း၏အရှေ့ဘက်မှ ရီမုမိုင်းတစ်လုံးဖြင့် ထပ်မံဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ည ၉ နာရီခန့်တွင် ၎င်းနေရာအနီးတစ်ဝိုက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး AA အကြမ်းဖက်သောင်းကျန်းသူများမှာ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း။

ဖြစ်စဉ်တွင် အရပ်ဝတ်ဝတ်ဆင်ထားသည့် AA အကြမ်းဖက်သောင်းကျန်းသူ အလောင်း နှစ်လောင်းအား M-22 သေနတ် တစ်လက်၊ ပလတ်စတစ်ဘူးဖြင့်ပြုလုပ်ထားသည့် အချင်း ၄ လက်မ၊ အမြင့် ၈ လက်မခန့်ရှိ ရီမုမိုင်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အရပ်ဝတ်များ ဝတ်ဆင်၍ အရပ်သားအယောင်ဆောင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

စက်တင်ဘာ ၆ ရက်တွင် နှာခေါင်းစည်း ဝတ်ဆင်သွားလာနိုင်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စေတနာ့ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့ ခုနစ်ဖွဲ့ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် လူစည်ကားရာလမ်းများတွင် နှာခေါင်းစည်းဝတ်ဆင်ရေး အသိပညာပေး ဆောင်ရွက်ကြစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ဘားအံမြို့နယ်နှင့် ရှာငံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၆
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညပိုင်းက ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု တောင်ကလေးကျေးရွာ ဦးဝေါဖိုးလမ်းတွင် ထက်လင်းဦး(ခ)စောချစ်သူ မောင်းနှင်ပြီး စောခင်မြင့် လိုက်ပါလာသည့် ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ အဆိုပါလမ်းအတွင်းရှိ စောခင်မြင့်၏ နေအိမ်အား ရှာဖွေရာ နေအိမ်အတွင်း၌ မစိမ်းမိုးကို တွေ့ရှိရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀ ကိုလည်းကောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ရှာငံမြို့နယ် ယုံတောင်ကျေးရွာအနီး ရှာငံ-ကျောက်ဆည် သွားကားလမ်း၌ ဇော်ဇော်ဦး(ခ)ဇော်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဇော်ဇော်ဦး(ခ)ဇော်ဦး သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

ရဲပြန်ကြား

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၄ စီး၊ သွင်းကုန် ၃၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၁၄၃ သန်းတန်ဖိုးရှိတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Lipo (150 ml x 50 Bot) (11Pkgs) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲကျင်းပရန်

၆၂ ရက်သာ

လိုတော့သည်။

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ (ဃ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း လှုံ့ဆော်ခြင်း ရေးသားခြင်း ဖြန့်ချိခြင်း ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဆ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စု၏ မည်သည့်နေရာတွင် ဖြစ်ပွားသည်ဖြစ်စေ ပြည်ထောင်စုနှင့် သက်ဆိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ မည်သည့်နေရာတွင် နာကျင်သည်ဖြစ်စေ ပြည်ထောင်စုတစ်ခုလုံး နာကျင်ခြင်းဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်ဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ဆောင်ရွက်မှုကို ချဉ်းကပ်ပါကြောင်း၊ မည်သည့်နေရာဟု ခွဲခြားခြင်းမရှိပါကြောင်း၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသားများသည် မြဝတီဘက်မှ ပြန်လည်ဝင်ရောက်လာမှု အများဆုံးဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်ဟုဆိုသော်လည်း ကရင်ပြည်နယ်ပြည်သူလူထုက ယင်းကိစ္စကို ခွဲခြားရပ်တည်ဆက်ဆံခြင်းမရှိပါကြောင်း၊ မိမိတို့ ပြည်သူများပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်ဆိုပြီး အားလုံးက တတ်အားသမျှ ဝိုင်းဝန်းကူညီကြပါကြောင်း၊ ၎င်းတို့အတွက် အတိုင်းအတာတစ်ခုအထိ စိုးရိမ်စိတ်နှင့် အခက်အခဲများရှိသော်လည်း ယင်းကိစ္စများကို အားလုံးကျော်လွှားနိုင်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၆-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၈၄၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၅၀) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၃၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၀၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၆၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၃၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၃၃) ခုနှင့်
- အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၅၆) ခု၊
- စုစုပေါင်း (၂၀၂၀)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၀) ဦး တွေ့ရှိရပါသည်။

၂။ (၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁,၄၁၉) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁၄)ဦး (Case- 206, 238, 239, 383, 446, 447, 459, 470, 584, 596, 597, 598, 600, 602) ရှိသဖြင့် စုစုပေါင်း (၃၈၅) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၆၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

(၆-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၈၄၃) ခု
(၆-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၅၀) ခု
(၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၃၀) ခု
(၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၀၅) ခု
(၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၆၀) ခု
(၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၁) ခု
(၆-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၀) ခု
(၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (လှိုင်ကော်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂) ခု
(၆-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၃၃) ခု
(၆-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၅၆) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၁၀၀) ဦး

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၈)ဦး ရှိပါသည်။

၅။ (၅-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၆-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၄၂) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

	အသစ်	ယနေ့အထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁၀၀) ဦး	(၁,၄၁၉) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၁၄) ဦး	(၃၈၅) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၈) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဂျော်ဒန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၆

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် ဂျော်ဒန်နိုင်ငံရှိ Century Miracle ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား နှစ်ဦး၊ Camel and Vega ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား ၁၆၈ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၇၀ အား တဲလ်အဗီးမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

တာဝန်ယူဆောင်ရွက်ပေး

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဂျော်ဒန်နိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် လေးကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့။

ကိုဗစ်-၁၉ ထုတ်ပြန်ချက်

(၅-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ခရီးသွားရာဇဝင် ရှိ/မရှိ	ဆေးကုသမှုခံယူနေသည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
1217	၂၆ နှစ်	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 989)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1218	၅၂ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	[illegible]	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1219	၈၃ နှစ်	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	[illegible]	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1220	၆၀ နှစ်	ကျား	စစ်တွေမြို့ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1221	၅၅ နှစ်	ကျား	ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case 883)	မရှိ	ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1222	၅၄ နှစ်	မ	ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case 883)	မရှိ	ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1223	၁၈ နှစ်	မ	ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ်	ရှိ (Case 883)	မရှိ	ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1224	၃၉ နှစ်	ကျား	ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1225	၃၉ နှစ်	ကျား	ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1226	၅၅ နှစ်	မ	မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး)
1227	၂၈ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 1024)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး)
1228	၂၈ နှစ်	ကျား	မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 920)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး)
1229	၄၀ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	[illegible]	တွေ့ရှိ	စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
1230	၂၄ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
1231	၂၉ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
1232	၂၈ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1233	၅၂ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 931)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1234	၁၈ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1235	၁၇ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1236	၆၇ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	[illegible]	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1237	၃၇ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1238	၂၅ နှစ်	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1239	၂၅ နှစ်	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1240	၂၈ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1241	၄၆ နှစ်	မ	[illegible]	မရှိ	မရှိ	[illegible]	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1242	၃၄ နှစ်	ကျား	[illegible]	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1243	၅၅ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	ရှိ ([illegible])	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1244	၅၀ နှစ်	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	ရှိ ([illegible])	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1245	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	ရှိ ([illegible])	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1246	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	ရှိ ([illegible])	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1247	[illegible]	ကျား	[illegible]	မရှိ	မရှိ	[illegible]	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1248	၂၈ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1249	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 1132)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1250	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 1061, 1062)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1251	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 1061, 1062)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1252	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 1132)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1253	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 1132)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ ([illegible])
1254	[illegible]	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1255	၄၅ နှစ်	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1256	၁၃ နှစ်	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1257	၆၇ နှစ်	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1258	၃၅ နှစ်	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1128)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1259	၂၃ နှစ်	ကျား	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1141)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1260	၃၂ နှစ်	ကျား	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1261	၃၀ နှစ်	ကျား	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1262	၃၇ နှစ်	ကျား	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1263	၂၁ နှစ်	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1264	၃၀ နှစ်	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1265	၁၈ နှစ်	ကျား	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1266	၁၇ နှစ်	ကျား	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1267	၃၈ နှစ်	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1268	[illegible]	ကျား	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1269	[illegible]	ကျား	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1270	[illegible]	မ	မြိတ်မြို့နယ် တနင်္သာရီတိုင်းဒေသကြီး	ရှိ (Case 1136, 1137)	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး မြိတ်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1271	၂၈ နှစ်	မ	မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး)
1272	[illegible]	မ	ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 885)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1273	၂၈ နှစ်	မ	ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 885)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1274	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1275	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1276	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1277	၅ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1278	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1279	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1280	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 930)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1281	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 930)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1282	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 982)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1283	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1284	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1285	၆၀ နှစ်	ကျား	ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 885)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1286	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1287	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1288	[illegible]	ကျား	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1289	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1290	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1291	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1292	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1293	[illegible]	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1294	၉ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	COVID-19 ကုသရေးဌာန (ဝေဘာဂီ)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1295	၉ နှစ်	မ	[illegible] မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 585)	မရှိ	[illegible]	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ

စာမျက်နှာ ၁၈ သို့

ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၆၆ ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၁၄၁၉ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၆

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၁၆၆ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၄၁၉ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၄၁၉ ဦးအနက် သေဆုံးသူ ရှစ်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၈၅ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၆၆ ဦးနှင့် စက်တင်ဘာ ၅ ရက်မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၄၂ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၅-၉-၂၀၂၀)ရက်နေ့အတွက် COVID-19ရောဂါဓာတ်ခွဲစစ်ဆေးရာတွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၈၉၇)ခု နှင့်
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၂၀၅) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ (ဒုတိယ အသုတ်) ဓာတ်ခွဲနမူနာ (၃၅၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၁၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု နှင့်
- စုစုပေါင်း (၁,၄၇၄)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၆) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၅-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲ နမူနာ (၁၆၄၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၅၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၆၉၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲ နမူနာ (၂၂၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၅၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၃၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၁၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု နှင့်
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၅၂) ခု၊
- စုစုပေါင်း (၃,၁၆၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း (၁၀၃) ဦးတွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာ (၃၇) ဦး တွေ့ရှိကြောင်းအား (၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁,၃၁၉) ဦးရှိပြီ ဖြစ်ပါသည်။

၄။ သင်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အသက် (၆၇) နှစ်အရွယ် ဓာတ်ခွဲအတည်ပြုလူနာ (Case – 1236) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်း၊ နှလုံးရည်ကျောက်ကပ်ပျက်စီးခြင်းနှင့် ဆီးချိုရောဂါအခံရှိခြင်းကြောင့် (၅-၉-၂၀၂၀) ရက်နေ့၊ ညနေ (၂:၅၅) နာရီအချိန်တွင် သေဆုံးသွားပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၈)ဦး ရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

(၅-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၄၇၄) ခုအနက် အတည်ပြုလူနာ (၆၆) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါ သည် -

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော်	မြို့နယ်	အတည်ပြု လူနာ (ဦးရေ)
၁	မန္တလေးတိုင်းဒေသကြီး	မြင်းခြံမြို့နယ်	၁၇
၂	ရန်ကုန်တိုင်းဒေသကြီး	သင်္ဃန်းကျွန်းမြို့နယ်	၁၁
		ကျောက်တံတားမြို့နယ်	၅
		ကြည့်မြင်တိုင်မြို့နယ်	၃
		ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်	၂
		ဒဂုံဆိပ်ကမ်း မြို့နယ်	၁
		မင်္ဂလာဒုံမြို့နယ်	၂
		ပုဇွန်တောင်မြို့နယ်	၄
		လှိုင်သာယာမြို့နယ်	၁
		လှိုင်မြို့နယ်	၁
		ဒေါပုံမြို့နယ်	၁
		မရမ်းကုန်း မြို့နယ်	၄
		အင်းစိန်မြို့နယ်	၃
		ဗဟန်းမြို့နယ်	၂
		သာကေတမြို့နယ်	၁
		ကမာရွတ်မြို့နယ်	၂
၃	ရခိုင်ပြည်နယ်	သံတွဲမြို့နယ်	၁
		တောင်ကုတ်မြို့နယ်	၂
၄	ကရင်ပြည်နယ်	ကော့ကရိတ်မြို့နယ်	၁
၅	ဧရာဝတီတိုင်းဒေသကြီး	ငပုတောမြို့နယ်	၁
		ဖျာပုံမြို့နယ်	၁

COVID-19 ရောဂါအတွက်
ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၅-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၈၉၇) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ (ဒုတိယအသုတ်)စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၀၅) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ(ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၅၇) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး မြဝတီမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၄) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး တောင်ငူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၆၆) ဦး

COVID-19 ရောဂါအတွက်
ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၆၆) ဦး	(၁,၃၁၉) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၀) ဦး	(၃၇၁) ဦး
သေဆုံးလူနာ (death)	(၁) ဦး	(၈) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

☆ စာမျက်နှာ ၁၇ မှ

1296	၄၃ နှစ်	မ	ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 861)	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1297	၁၀ နှစ်	မ	ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 861)	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1298	၈ နှစ်	ကျား	ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 861)	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1299	၄၂ နှစ်	မ	သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 1063)	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1300	၈၆ နှစ်	မ	ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1301	၆၄ နှစ်	မ	ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1302	၃၉ နှစ်	မ	ပုဇွန်တောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1303	၁၃ နှစ်	ကျား	ပုဇွန်တောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1304	၄၁ နှစ်	ကျား	မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	မတွေ့ရှိ	ကူးစက်နိုင်ခြေရှိသူများအား စစ်ဆေးခြင်းဖြင့် သိရသည်
1305	၄၂ နှစ်	ကျား	မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	ကူးစက်နိုင်ခြေရှိသူများအား စစ်ဆေးခြင်းဖြင့် သိရသည်
*1306	၂၀ နှစ်	ကျား	ငပုတောမြို့နယ် ဧရာဝတီတိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ

1307	၃၀ နှစ်	မ	လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး)
1308	၂၁ နှစ်	မ	လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	မတွေ့ရှိ	စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး)
1309	၂၈ နှစ်	မ	ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	ရှိ (မြဝတီ)	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1310	၆၅ နှစ်	မ	ဖျာပုံမြို့နယ် ဧရာဝတီတိုင်းဒေသကြီး	မရှိ	မရှိ	ခရိုင်ပြည်သူ့ဆေးရုံကြီး ဖျာပုံမြို့	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1311	၄၀ နှစ်	ကျား	ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1312	၃၄ နှစ်	မ	မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 986)	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1313	၃၄ နှစ်	ကျား	ကော့ကရိတ်မြို့နယ် ကရင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး ဘားအံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1314	၅၉ နှစ်	ကျား	ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
1315	၂၇ နှစ်	ကျား	မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case 986)	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1316	၅၀ နှစ်	ကျား	ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆေးရုံကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1317	၄၂ နှစ်	ကျား	တောင်ကုတ်မြို့နယ် ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ တောင်ကုတ်မြို့	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1318	၂၆ နှစ်	ကျား	တောင်ကုတ်မြို့နယ် ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ တောင်ကုတ်မြို့	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ
1319	၃၄ နှစ်	ကျား	သံတွဲမြို့နယ် ရခိုင်ပြည်နယ်	မရှိ	မရှိ	ခရိုင်ပြည်သူ့ဆေးရုံ သံတွဲမြို့	မတွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ

* ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ခံရမှုများရှိသော မြို့နယ်များသို့ ခရီးသွားလာခဲ့ခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာကန့်သတ် ထားရှိသူ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဈေးအနောက်မြောက် မျှော်ပါရင်

ဆူးငှက်

၂၆ ဘီလမ်းက အရှေ့ဘက်အတက် ၈၃လမ်းကို ရိုးလ်ကုမ္ပဏီအတက်ဟု ခေါ်ကြသည်။ သည်နေရာက သိသိသာသာမြင့်နေ၏။ ၈၃ လမ်းပေါ်က ၂၆ ဘီလမ်းအတိုင်း အနောက်ဘက်သို့ ကြည့်လိုက်လျှင် သိသိသာသာ နိမ့်ဆင်းသွားသည်ကို တွေ့ရသည်။ အလားတူ အရှေ့ဘက် ၈၂လမ်းအထိ ခပ်ပြေပြေလေး တက်သွားလေတော့ လမ်း၈၀နှင့် ၈၁ လမ်းကြားရောက်မှ ညီညာသွားသည်။ ထိုမြေမျက်နှာပြင် အနိမ့်အမြင့်ကိုကြည့်ပြီး မန္တလေး၏ ပထဝီဆိုင်ရာ ရုပ်ကွက်အခေါ်အဝေါ်တွေလည်း ရှိခဲ့သည်။

ဆိုင်းတန်းသင်္ဘောတန်း၊ ဒေါင်းရိုးသင်္ဘောတန်း

တောင်ဘက်ကျုံးလမ်း၊၂၆ဘီ လမ်းဘေး ၇၆ လမ်းနှင့် ၇၇လမ်းကြားကို အရှေ့ကုန်းရိုးဟု ခေါ်ကြသည်။ အလားတူ ၈၃လမ်းမှ အနောက်ဘက်သို့ နာရီစင်အထိ သိသိသာသာနိမ့်ဆင်းသွားသည်ကိုလည်း ရှေးလူကြီးသူမတွေက '' မန္တလေးမှာရေကြီးရင် ရိုးလ်ကုမ္ပဏီ အတက်ထိ ရေရောက်တာတဲ့။ သာမန်အချိန်ဆိုရင် လှေတွေ သင်္ဘောတွေက နာရီစင်အနောက်ဘက် လေးပြလောက်အကွာ နေရာမှာ ဆိုက်ကြရတာတဲ့။

ဒါကြောင့်မို့ ဆိုင်းတန်းသင်္ဘောတန်းတို့၊ ဒေါင်းရိုးသင်္ဘောတန်းတို့လို့ အခုထက်ထိ ခေါ်နေကြတာ'' ဟု ပြောတော့ (ထိုစဉ်က) ကျွန်တော်မွေးဖွားကြီးပြင်းခဲ့ရာ ဒေါင်းရိုးသင်္ဘောတန်းရပ်ရှိနေရာအသီးသီးကို အညာဆန်လှေကြီးတွေ ဆိုက်ကပ်နေသော ဆိပ်ကမ်းကြီးအသွင် မြင်ယောင်မိတော့သည်။ တကယ်တော့ သင်္ဘောဆိုတာ မန္တလေးရတနာပုံခေတ်က မင်းတုန်းမင်းကြီးပိုင်သည့် သင်္ဘောလောက်သာရှိခဲ့ကြောင်း မှတ်သားရသည်။ ပါတော်မူပြီးနောက် အင်္ဂလိပ်လက်ထက်ရောက်မှသာ သင်္ဘောဆိုတာမန္တလေးသို့ များများစားစားရောက်ရှိလာခြင်း ဖြစ်ပါလိမ့်မည်။

၃၅လမ်းထိပ်မှ အိမ်တော်ရာစေတီ အနောက်မုခ်ထိ အုတ်တံတားကြီး

လူကြီးသူမတွေပြောသကဲ့သို့ဒေါင်းရိုးသင်္ဘောတန်းတို့၊ ဆိုင်းတန်းသင်္ဘောတန်းတို့ နေရာမှာ သင်္ဘောတွေ လှေတွေ ဆိုက်ကပ်တာ သေချာမသေချာ မသိသော်လည်း ထိုနေရာတစ်ဝိုက်သည် ထိုစဉ်က မြေနိမ့်ပိုင်းဖြစ်ပြီး အမြဲတစေ ရွှံ့ညွန်များဖြင့် ထူထပ်နေမှာတော့ သေချာသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ထက်တိုင် ဆိုင်းတန်းသင်္ဘောတန်းရပ်ရှိ နေရာအချို့တွင် မြစ်ရေတက်သည့်ကာလ၌ စိမ့်ရေများ ဒူးဆစ်ပေါင်လယ်ထိ ဝင်လာဆဲဖြစ်သည်။

ဒေါင်းရိုးသင်္ဘောတန်းဟု ခေါ်ဆိုသည့်နေရာတွင် မန္တလေးမြို့မတည်မီ ပုဂံမင်းလက်ထက် အိမ်တော်ရာစေတီ တည်ထားကိုးကွယ်ရာတွင်အမရပူရနေပြည်တော်မှ အိမ်တော်ရာသို့ ဘုရားဖူးလာသည့် မင်းပြည်သူတို့ ရေစပ်စပ်နှင့် ရွှံ့ထဲဗွက်ထဲ ခက်ခက်ခဲခဲ မဖြတ်သန်းရလေအောင် ၃၅လမ်းထိပ်မှ အိမ်တော်ရာစေတီ အနောက်မုခ်ထိ အုတ်တံတားကြီး ခင်းလုပ်ခဲ့သည်။ မိကျောင်းတံတားဟု ယနေ့ထက်တိုင် ခေါ်တွင်ဆဲဖြစ်ပါ၏။ အမရပူရခေတ်က ဗိသုကာလက်ရာနှင့် အုတ်တံတိုင်းလက်ရန်း အကြွင်းအကျန်များကို လွန်ခဲ့သော နှစ်သုံးဆယ်လောက်ကအထိ သိသာထင်ရှားစွာ မြင်တွေ့ခဲ့ရသော်လည်း ယခုအခါ တိုးချဲ့လာသော အိမ်ခြေများကြောင့် စုန်းစုန်းမြုပ် ပျောက်ကွယ်သွားသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ မိကျောင်းတံတား၏ ဝဲယာရှိအိမ်များသည် ယခင်က အောက်သို့ ငါးပေလောက်အထိ ဆင်းရသော်လည်း ယခုတွင်မူ လမ်းမျက်နှာပြင်ထက်ပင် ပိုမိုမြင့်တက်သွားကြသည်ကိုလည်း တွေ့ရ၏။

မန္တလေး၏ အထင်ကရ နေရာကြီး

၂၆ဘီလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း (၈၄လမ်း) ဆုံသည့်နေရာသည် ယခင်က မန္တလေး၏ အထင်ကရနေရာကြီးဖြစ်ခဲ့ပါ၏။ ထိုနေရာ၏ အနောက်တောင်ထောင့်တွင် နာမည်ကျော် ဈေးချိုကြီးရှိသည်။ အရှေ့တောင်ထောင့်တွင် ဈေးချိုတိုက်တန်းကြီး ရှိသည်။ အရှေ့မြောက်ထောင့်တွင် ကုန်တိုက်ရှိသည်။ ကုန်တိုက်က ၁၉၈၀ ဝန်းကျင်မှ ဖွင့်လှစ်ခြင်းဖြစ်၏။ အနောက်မြောက်ထောင့်တွင် ယခင်က ကုန်တိုက်တန်းရှိသည်။ ၁၉၇၀ ဝန်းကျင်ရောက်တော့ ယခုထက်တိုင် မြင်တွေ့နေရဆဲ အဆောက်အအုံဖြစ်သည့် မြို့တော်ခန်းမ တိုက်တန်းကို ဆောက်လုပ်ခဲ့သည်။ ထိုခေတ်ထိုအခါက ခေတ်မီဒီဇိုင်းနှင့် နှစ်ထပ်တိုက်တန်းပေါ့။ အပေါ်ထပ်အရှေ့ဘက်ခြမ်းက မင်္ဂလာခန်းမဖြစ်သည်။ အောက်ထပ်က တိုင်းသမဝါယမ စာအုပ်အရောင်းဆိုင်ကြီးရှိသည်။ အနောက်ဘက်ခြမ်းမှာ နောက်မှတိုးချဲ့ပြီး မင်္ဂလာခန်းမတစ်ခု ထပ်မံဖွင့်လှစ်ခဲ့သည်။ နောက်တော့ ကုန်ပစ္စည်းအရောင်းဆိုင်ဖြစ်သွား၏။

အုတ်ကြွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံလေး

အောက်ထပ်မှာလည်း လှေကားရဲ့အနောက်ဘက်မှာ ဂျီအီးစီကုန်ပစ္စည်းအရောင်းဆိုင် သမဝါယမ ကုန်ပဒေသာဆိုင်များ ဖွင့်လှစ်ခဲ့ဖူးသည်။ အခုတော့ အပေါ်ထပ်က မင်္ဂလာခန်းမမှလွဲ၍ အခြားနေရာများမှာ ပုဂ္ဂလိက မီနီမားကတ်များ၊ စတိုးဆိုင်များအသွင် ပြောင်းလဲသွားသည်။ အနောက်ဘက်ခြမ်းမှာ စည်ပင်သာယာပိုင် ရတနာပုံဘဏ် အဆောက်အအုံဖြစ်သွားသည်။ ထိုအဆောက်အအုံနှင့် ရွှေတချောင်းမြောင်းအကြား ယခု မန်းသီရိဈေးဖြစ်နေသောနေရာသည်တစ်ချိန်က မန္တလေး၏အထင်ကရနေရာ ဖြစ်ခဲ့ဖူးသည်။ အုတ်ကြွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံလေးတစ်လုံး လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ဝန်းကျင်ထိ ရှိခဲ့ဖူးသည်။ ထိုအဆောက်အအုံလေးကို ကျွန်တော်တို့ သိရှိချိန်တွင် ပြန်ကြားရေး စာဖတ်ခန်းဖြစ်နေပါပြီ။

အရင်က ထိုအဆောက်အအုံလေးကား ဘူတာရုံထဲ၊ ဈေးချိုနှင့် မတ္တရာကို ပြေးဆွဲသော မီးရထားလမ်း၏ လမ်းစလမ်းဆုံး ဘူတာရုံဖြစ်သည်။ မတ္တရာရထားက ပုဂ္ဂလိကပိုင်ဖြစ်သတဲ့။ ကုလားသူဌေး မန်နဂျီပိုင်ဆိုင်သည့် ရထားမို့ မြန်မာအသံထွက်ဖြင့် လွယ်လွယ်ကူကူ မနှင်းဆီရထားဟု အမည်တွင် ခေါ်ဝေါ်ခဲ့ကြသတဲ့။ ထိုရထားကို ဆွဲသော ရေနွေးငွေ့စက်ခေါင်းက အရွယ်သေးပြီး ဗိုက်ဖောင်းဖောင်းလေးတဲ့။

မနှင်းဆီရထား

မနှင်းဆီရထားက ဈေးချိုဘူတာမှ နံနက် ၇ နာရီတွင် တစ်ကြိမ်၊ ညနေ ၃ နာရီတွင်တစ်ကြိမ် မတ္တရာသို့ ပြေးဆွဲခဲ့သတဲ့။ မတ္တရာနယ်သည် ကွမ်းရွက်အပါအဝင် သစ်သီးဝလံများ၊ သစ်ဥသစ်ဖုများ ထွက်ရှိသည့်နေရာမို့ ဈေးချိုလက်ကား ဈေးကွက်ကြီးသို့ မတ္တရာကုန်ပစ္စည်းတွေ လွယ်လင့်တကူ ရောက်ရှိရေးတွင် မနှင်းဆီရထားက အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထိုစဉ်က မန္တလေးတွင် မန္တလေး-ရန်ကုန်၊မန္တလေး-မြစ်ကြီးနား၊ မန္တလေး-ပြင်ဦးလွင်-လားရှိုး၊ မန္တလေး-မုံရွာ-ရေဦးမီးရထားလမ်းများအတွက် ၇၈လမ်း၊ ၇၉လမ်းကြားနှင့် ၂၇လမ်း၊ ၃၄ လမ်းကြားတွင် ဘူတာရုံတစ်ရုံရှိသောကြောင့် ထိုဘူတာရုံကို ဘူတာကြီး၊ မနှင်းဆီရထားဘူတာရုံကို ဘူတာလေးဟု သုံးစွဲ ခေါ်ဝေါ်ကြသည်။



ဘူတာကြီးနဲ့ လှည်း

ထို့ကြောင့် တစ်လျှောက်လုံး မန္တလေးဘူတာကို မန္တလေးသားတွေက ဘူတာကြီးဟု အစဉ်အဆက် လက်ဆင့်ကမ်း အမွေခံ ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်ပါသည်။ တကယ်တော့ မန္တလေးသည် သူ့အရပ်နှင့် သူ့ဇာတ် သူ့အတ္တုပ္ပတ်နှင့် သူ့ဗျုပ္ပတ်ရှိပြီးဖြစ်၏။

ဈေးအနောက်မြောက် မျှော်ပါရင်

အလင်္ကာကျော်စွာ ဆရာကြီးမြို့မငြိမ်းကတော့ ထိုနေရာတစ်ဝိုက်ကို ဤသို့ ရေးဖွဲ့မှတ်တမ်းတင်ခဲ့သည်။

"ပျားပန်းခပ်သည်တွင် ရောင်းဝယ်ကူးသန်း ဟိုစဉ်
ချောင်းရွှေလှေလောင်း စည်ဗုံမောင်းငြိမ့်လွင်
မန်းမြို့သူမူချင်ချင်
ဆင်တံတားထိပ် ညောင်ညိုပင်
ခေါင်းလျှော်ရေချိုး တမျိုးကြည့်လို့ယဉ်
အုတ်ကာသွပ်မိုး ဈေးကြီးပြီးမြောက်
ဈေးအနောက်မြောက် မျှော်ပါရင်
အလယ်က ဖောင်းဖောင်း မနှင်းဆီခေါင်းပင်......"

(မြို့မငြိမ်း- မန္တလေး အမှတ် ၂ သီချင်းမှ)

ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ငါးသားပေါက်များ ထောက်ပံ့

ကျောင်းကုန်း စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောင်းကုန်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကိုဗစ်-၁၉ စီးပွားရေး ကုစားမှု အစီအစဉ်အရ နိုင်ငံတော်အစိုးရက ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ငါးမွေးတောင်သူများအား ငါးသားပေါက်ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက လေးအုပ်စုရှိ ငါးမွေးတောင်သူ ၁၃ ဦး၏ ငါးကန် ၇၄၇ ဒသမ ၁၀ ဧက အတွက် ငါးသားပေါက် ၁၄၉၄၂၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ယင်းနေ့နံနက်ပိုင်းက တံခွန်တိုင်အုပ်စုရှိ ငါးမွေးတောင်သူ ၁၁ ဦး၏ ငါးကန် ၇၅ ဒသမ ၇၀ ဧက အတွက် ငါးသားပေါက်ကောင်ရေ ၁၅၁၄၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါငါးသားပေါက် ပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်း၊ ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လွင်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးများ၊ ငါးမွေးတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

လယ်ဝေးမြို့နယ်ရှိ သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

နေပြည်တော် စက်တင်ဘာ ၆

နေပြည်တော်တိုင်းငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်း ငါးသယံဇာတတိုးပွားစေရေး၊ ဒေသတွင်းငါးရိက္ခာဖူလုံစေရေး၊ ငါးစားသုံးမှု အထောက်အကူဖြစ်စေရေးအတွက် ရည်ရွယ်လျက် တိုင်းငါးလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်နီလာကြွယ် ဦးဆောင်၍ ဒုတိယတိုင်းဦးစီးဌာနမှူး ဦးဇော်လင်းမြင့်၊ ခရိုင်ဦးစီးဌာနမှူးများ၊ ရေဆင်းငါးစခန်း တာဝန်ခံနှင့် မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ဒေသခံ ကျေးရွာသူ/သားများနှင့်အတူ ငါးမြစ်ချင်း ငါးသန်ကောင်ရေ ၁၀၀၀၀၀နှင့် ငါးသားပေါက် ၅၅ သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၆ သိန်းအား လယ်ဝေးမြို့နယ် အင်တော်သာကျေးရွာရှိ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

[illegible]

[illegible]

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ									
			သာမန်သုံးငွေ	အရင်းအနှီးသုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		[illegible]	စုဆောင်းငွေ	စုစုပေါင်း
								ထုတ်ချေးငွေ	ချေးယူရငွေအတွက်ပေးဆပ်ငွေ			
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
[illegible]	[illegible]	[illegible]		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း		[illegible]		[illegible]						[illegible]
[illegible]	[illegible]	ယင်း				[illegible]						[illegible]
	ပေါင်း		[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]

[illegible]

[illegible]

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ												
			[illegible]	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ကြွေးမြီ		[illegible]	[illegible]	စုစုပေါင်း
										[illegible]	[illegible]			
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
၁	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ			၁၄၈,၀၀၀.၀၀၀									၁၄၈,၀၀၀.၀၀၀
	ပေါင်း				၁၄၈,၀၀၀.၀၀၀									၁၄၈,၀၀၀.၀၀၀

[illegible]

[illegible]

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ								
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများအတွက် ရန်းပုံငွေ	စုဆောင်းငွေ	စုစုပေါင်း
							ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ			
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ	၅၉,၇၇၃.၂၇၉			၆,၅၇၀.၀၀၀					၆၆,၃၄၃.၂၇၉
	ပေါင်း		၅၉,၇၇၃.၂၇၉			၆,၅၇၀.၀၀၀					၆၆,၃၄၃.၂၇၉

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ပါတီပေါင်း ၂၇ ပါတီ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၆

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီပေါင်း ၂၇ ပါတီရှိကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

"ကျွန်တော်တို့ အရှေ့ပိုင်းခရိုင်မှာတော့ လာမယ့် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့်ပါတီက ၂၇ ပါတီရှိပါတယ်။ စုစုပေါင်းကိုယ်စားလှယ် ၃၀၁ ဦးရှိပါတယ်။ ဒီထဲကမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းက ၉၇ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက ၂၂ ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းက ၁၈၂ ဦး ဖြစ်ပါတယ်" ဟု ရန်ကုန်အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ အတွင်းရေးမှူး ဦးကိုအောင်က ပြောကြားသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း မြို့နယ်ပေါင်း ၁၄ မြို့နယ် ပါဝင်ကြောင်း၊ ဆန္ဒမဲပေးနိုင်သည့်မဲဆန္ဒရှင်ပေါင်း ၁၈ သိန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် မဲရုံပေါင်း ၁၇၆၆ ရုံအထိ ပြင်ဆင်ထားကြောင်း၊ ရွေးကောက်ပွဲအတွက် ပြည်သူများအဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေး လာမည့်သီတင်းပတ်အတွင်း ဆင့်ပွားသင်တန်းများလည်း ပို့ချသွားရန် ပြင်ဆင်ထားကြောင်း သိရသည်။ **မြင့်မောင်**

၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

၃၁။ (က) အောက်ဖော်ပြပါဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး များဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့် အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီ ချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်း ငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး နှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

အခန်း (၈)

ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကို ဖြစ်စေ၊ လက်ဝတ် ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ယင်းတို့နှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန် ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန် များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည်-

(က) ကျောက်မျက်ရတနာများ ရောင်းချခြင်းဖြစ်ပါက အမှန်တကယ် ရောင်းချသည့်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ် ရောင်းချသည့်တန်ဖိုးအပေါ် အခြေပြု၍ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေး တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း၊

(ခ) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုး အပေါ်တွင်လည်းကောင်း။

စဉ်	ကျောက်မျက်ရတနာအမျိုးအစား	အခွန်နှုန်း
၁	ကျောက်စိမ်းအရိုင်းထည်များ။	၁၁ ရာခိုင်နှုန်း
၂	စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြား အဖိုး တန် ကျောက်မျက်ရတနာ အရိုင်းထည်များ။	၉ ရာခိုင်နှုန်း
၃	စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာ အချော ထည်များ၊ စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ များ စွဲကပ်ထားသည့် လက်ဝတ်ရတနာ အချော ထည်များ။	၅ ရာခိုင်နှုန်း
၄	ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများ။	၅ ရာခိုင်နှုန်း

အခန်း (၉)

အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲ ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံ သည့်သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဍ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ဎ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ဒ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ များထံမှ ကောက်ခံရရှိသည့်အခွန်။

အခန်း (၁၀)

အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြု အဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင် ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်း များကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူ ရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက် လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများ နှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့ နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူ စာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများ နည်းတူ အမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန် သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံ များကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်း လွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များ နှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန် ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်း ပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သော ချီးမြှင့်မှု များ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် ပုဒ်မခွဲ(က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာ တွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီး ဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန် ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေ ချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်း အတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအား လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူ အား လည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူမည်သူ မည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်း မပြုရ-

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များ နှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည် ထုတ်လုပ်သူတို့ အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ(စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေး သော အထူးကုန်စည်ကို လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၃၉။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ) တွင် မည်သို့ပင် ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက် အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ် တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီး ဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား တန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှု အကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည်-

(၁) ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ၅ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၅ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၂၀ ။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့် စပ်လျဉ်း၍ သတ်မှတ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိ ပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိ ပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်း ကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေး ငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေ ချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်နိုင်သည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိ သော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေး ရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန်သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ် တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

(ပူးတွဲဇယားများ ဆက်လက်ဖော်ပြပါမည်)

ထိုင်းနိုင်ငံ နို့ထုတ်ကုန်ပစ္စည်းပွဲတော်သို့ အလည်တစ်ခေါက်

ဒေါက်တာအေးအေးမော်
(မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)

ထိုင်းအမျိုးသား နို့ထုတ်ကုန်ပစ္စည်းပွဲတော်(National Dairy Festival) ကို နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလကုန်မှ ဖေဖော်ဝါရီလ ပထမပတ်အတွင်း ခုနစ်ရက်ကြာ ကျင်းပလေ့ရှိသည်။ ထိုပွဲတော်ကို ထိုင်းနိုင်ငံ၏ နို့စားနွား မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Dairy Farming Promotion Organization-DPO) က ဦးဆောင်ကျင်းပပြီး ပွဲတော်ကျင်းပရာနေရာမှာ ဆရာဘူရီခရိုင် (Saraburi Province) အရှေ့မြောက်ပိုင်းရှိ မောက်လပ် (Muaklek) မြို့နယ်တွင်ဖြစ်သည်။ လူဦးရေ အနည်းငယ်သာရှိသော မောက်လပ်မြို့လေး၏ အဓိကစီးပွားရေးလုပ်ငန်းမှာ နို့စားနွား မွေးမြူရေးလုပ်ငန်း ဖြစ်သည်။ ထိုမြို့လေး၏ လမ်းဘေးဝဲ၊ ယာရှိ လမ်းမီးတိုင်များကိုလည်း နို့ပုံးလေးများ၊ နွားရုပ်လေးများဖြင့် အလှဆင်ထားသည်။ ပန်းခြံနှင့် ဈေးကဲ့သို့ နေရာများတွင်လည်း ကောင်းဘွိုင်ရုပ်များ၊ အမျိုးမျိုးသော နွားရုပ်များကို မြင်တွေ့ရသည်မှာ တစ်မူထူးခြားလျက်ရှိသည်။

ဖွင့်လှစ်ရောင်းချ

ခုနစ်ရက်တိုင်တိုင်ကျင်းပသော နို့ထုတ်ကုန်ပစ္စည်းပွဲတော်တွင် လုပ်ငန်းအသီးသီးမှ နွားနို့၊ နို့ခဲ၊ ဒိန်ချဉ် အမျိုးမျိုး၊ ရေခဲမုန့်၊ နွားနို့ဆေးပြား အစရှိသည့် နို့ထွက်ပစ္စည်းများ စုံလင်စွာရရှိနိုင်သကဲ့သို့ မွေးမြူရေးဆိုင်ရာ ဆေးဝါးမျိုးစုံ၊ နဖားကြိုးကအစ မွေးမြူရေးခြံသုံးပစ္စည်းမျိုးစုံ၊ နို့ညှစ်စက်၊ အစာကြိတ်စက် စသည့် စက်ပစ္စည်းများ၊ နွားများလျက်ရန် ဓာတ်ဆားခဲကအစ နွားစာအပင်၊ နွားစာချဉ်ဖတ် အမျိုးမျိုး၊ အာဟာရပြည့် ရောစပ်စာအမျိုးမျိုး စသည့်ဆိုင်ခန်းပေါင်းများစွာ ဖွင့်လှစ်ရောင်းချကြသည်။ မွေးမြူရေးနှင့် ပတ်သက်သည့်အရာမှန်သမျှ ဤပွဲတော်တွင် စုံလင်စွာ ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။ ဤပွဲတော်တွင် အရောင်းဆိုင်များသာမက ထိုင်းဘာသာနှင့် ရေးသားထားသော မွေးမြူရေးပညာရပ်ဆိုင်ရာ သုတေသနအသီးသီး၏ သုတေသန ပိုစတာပြခန်းကိုလည်း ဖွင့်လှစ်ပြသထားသည်။ ထိုပြခန်းတွင် အဆင့်မြင့် နွားမွေးမြူရေးခြံများ၏ နမူနာပုံစံငယ်များ၊ အာဟာရဗေဒဆိုင်ရာ သုတေသနပိုစတာများ၊ မျိုးဗီဇဆိုင်ရာ သုတေသနပိုစတာများ၊ မွေးမြူထုတ်လုပ်မှုဆိုင်ရာ သုတေသနပိုစတာများမှာလည်း ဝင်ရောက်ကြည့်ရှုသူများကို ဗဟုသုတများစွာ ဖြန့်ဖြူးပေးမည်မှာ မလွဲဧကန်ဖြစ်ပါလိမ့်မည်။

အောင်မြင်အောင် စနစ်တကျဆောင်ရွက်

ဤကဲ့သို့ အမျိုးအမည်စုံလင်သော ပွဲတော်ကြီး၏ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးသော အထူးဧည့်သည်တော်မှာ ထိုင်းနိုင်ငံ၏ တော်ဝင်မင်းသမီး မဟာချက်ကရီ သီရိဒုံဖြစ်သည်။ ယခင်ကတော့ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် တက်ရောက်ခဲ့ပြီး ဘုရင်မင်းမြတ် နတ်ရွာစံပြီးသည့်နောက် ဘုရင်မင်းမြတ်၏ အားအကိုးရဆုံး သမီးတော်ကြီးက နှစ်စဉ်တက်ရောက်ခြင်း ဖြစ်ကြောင်း သိရှိရသည်။ မွေးမြူရေးပညာရပ်ဆိုင်ရာ သုတေသနများ၊ မွေးမြူရေးဖွံ့ဖြိုးစေမည့် စီမံချက်များအတွက် အစိုးရထံမှ လိုအပ်သော အထောက်အပံ့များ ရရှိနိုင်ရန်လည်း မင်းသမီးက အကူအညီပေးကြောင်း သိရှိခဲ့ရသည်။ အစိုးရကလည်း ထောက်ပံ့ပေးသလို စီမံချက်ဆောင်ရွက်သူများကလည်း စီမံချက်များကို အောင်မြင်အောင် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ကြကြောင်းကို ထိုင်းနိုင်ငံ၏ အောင်မြင်နေသော နို့စားနွား မွေးမြူရေးက သက်သေပြနေသည်။ ထိုင်းနိုင်ငံ၏ နို့စားနွားမွေးမြူရေးသည် ပြည်တွင်းစားသုံးမှုအတွက် လုံလောက်သည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်နေပြီ ဖြစ်ပါသည်။ ယခုအခါ ချော့ချိုင်းခြံ (Chock Chai Farm) ကဲ့သို့ ထိုင်းနိုင်ငံထုတ် နွားနို့ဘူးများ မြန်မာ့ဈေးကွက်တွင် နေရာယူလာနေပြီ ဖြစ်သည်။ ဤနေရာတွင် ထုတ်လုပ်မှုအရည်အသွေးကောင်းမွန်သော နို့စားနွားများရရှိရန် ထိုင်းနိုင်ငံ၏ နို့စားနွား မျိုးမြှင့်တင်မှု အစီအစဉ် (Dairy Breeding Genetic Improvement Program) အကြောင်းကို အနည်းငယ် တင်ပြလိုသည်။

နို့စားနွား မျိုးမြှင့်တင်မှုအစီအစဉ်

မျိုးမြှင့်တင်မှုအစီအစဉ်တွင် မျိုးဗီဇအရည်အသွေးကောင်းသော မျိုးနွားသိုးကို ရွေးထုတ်နိုင်ရန် စနစ်တကျ စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ပုံတွင် ဖော်ပြထားသည့်အတိုင်း မျိုးဗီဇအရည်အသွေးကောင်းသော နွားသိုး (Superior Sire) ကို ရွေးချယ်ရာတွင် မိဘ၊ ဘိုးဘေးများ၏ ထုတ်လုပ်မှုမှတ်တမ်း (Pedigree) အရ ထုတ်လုပ်မှုအရည်အသွေးကောင်းသည်ဟု အကဲဖြတ်ခံထားရသော နွားထီးနှင့် နွားမမှ ပေါက်ဖွားလာသော နွားကလေးများထဲမှ ရွေးချယ်သည်။ ထိုသို့ မှတ်တမ်းများအရ အကဲဖြတ်ထားသော အထီးနှင့်အမမှ နွားထီးလေး (သို့) နွားမလေး ပေါက်လာသည် ဆိုပါစို့။ နွားထီးကလေးဖြစ်ပါက အထက်တွင် ဖော်ပြခဲ့သည့် နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DPO) က တာဝန်ယူစောင့်ရှောက်ရန် ခေါ်ဆောင်သွားပြီး နွားမလေးကိုမူ ခြံပိုင်ရှင်က စနစ်တကျ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရသည်။ DPO က နွားထီးလေး၏ ကြီးပြင်းမှုတစ်လျှောက် ကြီးထွားဖွံ့ဖြိုးမှု စွမ်းဆောင်ရည် အကဲဖြတ်စစ်ဆေးခြင်း (Growth Performance Test) ပြုလုပ်၍ စွမ်းဆောင်ရည်မကောင်းသော နွားလေးကို ပယ်မည်ဖြစ်သည်။ ကြီးထွားဖွံ့ဖြိုးမှု စွမ်းဆောင်ရည် အကဲဖြတ်မှု အောင်မြင်သော နွားထီးငယ်လေး (Young Bull) ကို အရွယ်ရောက်သောအခါ မျိုးပွားမှု စွမ်းဆောင်ရည် စစ်ဆေးခြင်း (Reproduction Performance Test) ပြုလုပ်သည်။



နို့စားနွား မျိုးမြှင့်တင်မှု အစီအစဉ်ပြပုံ

စွမ်းဆောင်ရည်စစ်ဆေး

မျိုးပွားမှု စွမ်းဆောင်ရည် စစ်ဆေးမှုတွင် လိင်စိတ်ထက်သန်မှုကို စစ်ဆေးခြင်း (Libido Testing)၊ လိင်ဆက်ဆံနိုင်ခြင်း (Success of Copulation)၊ သုက်ရည်၏ ပုံပန်းသဏ္ဌာန်၊ သုက်ရည်ထုတ်နိုင်မှု ပမာဏ၊ အရည်အသွေး(Semen Appearance, Volume, Concentration and Quality)၊ သုက်ပိုး၏ပုံမှန်ဖြစ်မှု၊ ရွေ့လျားမှု၊ အသက်ရှင်သန်နိုင်မှု (Sperm Normality, Movement, Mortality)၊ ကပ်ပယ်အိတ်၏လုံးပတ် (Scrotal Circumference)၊ ခြေထောက်များသန်မာမှုတို့ ပါဝင်သည်။ မျိုးပွားမှု စွမ်းဆောင်ရည် စစ်ဆေးအောင်မြင်ပြီးသော နွားထီးငယ်လေးကို စောင့်ကြည့်ခံနွားသိုး (Proving Sire) ဟု သတ်မှတ်သည်။ စောင့်ကြည့်ခံနွားသိုးအား ကြီးထွားဖွံ့ဖြိုးမှုစွမ်းဆောင်ရည် စစ်ဆေးပြီးသော နွားမတမ်း(Heifer) ဖြင့် မေထုံမဲ့ သားစပ်စေပြီး ရရှိလာသော သားသမီးများ၏ စွမ်းဆောင်ရည်ကို စစ်ဆေးခြင်း (Progeny Test) ပြုလုပ်သည်။

သားသမီးများ၏ စွမ်းဆောင်ရည်ကို စစ်ဆေးခြင်း (Progeny Test) ဆိုသည်မှာ သားသမီး၏ စွမ်းဆောင်မှုအရည်အသွေးကို ကြည့်၍ မိဘတွင် သယ်ဆောင်ထားသော မျိုးဗီဇ၏ အရည်အသွေးကို ဆုံးဖြတ်ခြင်း ဖြစ်သည်။ မျိုးရိုးဗီဇနှင့် သားစပ်ခြင်းပညာရပ်တွင် သားသမီးများသည် မိဘနှစ်ပါး၏ မျိုးဗီဇနမူနာဟူသော ယူဆချက်ရှိသည်။ သားသမီး၏ စွမ်းဆောင်ရည် ညံ့ဖျင်းပါက မိဘ၏ မျိုးဗီဇအရည်အသွေးညံ့သည်ဟု ယေဘုယျ ပြောနိုင်သည်။ ထိုမိဘကို အနာဂတ်မျိုးဆက်များအတွက် မျိုးအနေဖြင့် အသုံးမပြုပါ။ နောင်အနာဂတ်အတွက် မျိုးအဖြစ် သုံးသင့်၊ မသုံးသင့်ကို ဆုံးဖြတ်နိုင်ရန် သားသမီးများ၏ စွမ်းဆောင်ရည်ကို စစ်ဆေးခြင်း ပြုလုပ်ရသည်။ နို့စားနွားဖြစ်သည့်အတွက် မျိုးအဖြစ်ရွေးရာတွင် နို့ထွက်နှုန်းကောင်းသည့် နွားမများကို အဓိကရွေးချယ်ခြင်းဖြစ်သည်ဟု ထင်စရာရှိသည်။ နွားမတစ်ကောင် နို့ထွက်နှုန်းကောင်းခြင်း၊ မကောင်းခြင်းဆိုသည့် မျိုးဗီဇသည် ထိုနွားမ၏ မိခင်ဘက်မှ အမွေဆက်ခံရရှိသော မျိုးဗီဇနှင့် ၅၀ ရာခိုင်နှုန်း သက်ဆိုင်သကဲ့သို့ ထိုနွားမ၏ ဖခင်ဘက်မှ အမွေဆက်ခံရရှိသော မျိုးဗီဇနှင့်လည်း ၅၀ ရာခိုင်နှုန်း သက်ဆိုင်နေသည်။ သက်ရှိသတ္တဝါတိုင်း၏ မျိုးဗီဇ အဖွဲ့အစည်းသည် ဖခင်၏ မျိုးဗီဇ တစ်ဝက်နှင့် မိခင်၏ မျိုးဗီဇတစ်ဝက် ပေါင်းစပ်ထား၍ ဖြစ်သည်။

မျိုးဗီဇ ရွေးချယ်ရန် လိုအပ်

ထို့ကြောင့် အထီးဘက်မှ မျိုးဗီဇကိုလည်း ရွေးချယ်ရန် လိုအပ်သည်။ သို့သော် အထီးများတွင် နို့ထုတ်လုပ်မှုစွမ်းရည်ကို တိုက်ရိုက်စစ်ဆေး၍ မရနိုင်။ နို့ထုတ်လုပ်မှုလက္ခဏာသည် အမတစ်မျိုးတည်းတွင်သာ ဖော်ပြနိုင်သည့် လိင်ကန့်သတ်လက္ခဏာဖြစ်သည်။ ထို့ကြောင့် နို့ထုတ်လုပ်မှု အရည်အသွေးကောင်းသည့် မျိုးဗီဇပါ၊ မပါကို ထိုအထီးမှ ပေါက်ဖွားသော နွားမလေးများ၏ နို့ထုတ်လုပ်မှုစွမ်းရည်ကို စစ်ဆေး၍ အကဲဖြတ်နိုင်သည်။ ထို့ကြောင့် နို့စားနွားအတွက် အထီးကို မျိုးအဖြစ် ရွေးချယ်ရာတွင် သားသမီးများ၏ စွမ်းဆောင်ရည်ကို စစ်ဆေးသောနည်း (Progeny Test) ဖြင့် ရွေးချယ်သည်။ ထို့အပြင် အထီးတစ်ကောင်သည် သူ၏ဘဝသက်တမ်းတစ်လျှောက် အမပေါင်းများစွာဖြင့် သားသမီးပေါင်းများစွာ ထွန်းကားနိုင်သော်လည်း အမများသည် အထီးနှင့်ယှဉ်ပါက ဘဝတစ်လျှောက်လုံးတွင် ထွန်းကားနိုင်သည့် သားသမီးအရေအတွက်မှာ အကန့်အသတ်ရှိသည်။ ထို့ကြောင့် နို့စားနွား မွေးမြူရေးအတွက် အထီး၏ မျိုးကို ဦးစားပေးရွေးချယ်သည်။

အထက်တွင် ဖော်ပြခဲ့သည့် စောင့်ကြည့်ခံ နွားသိုးများကို Progeny Test ပြုလုပ်ရာတွင် ၎င်းတို့၏ မျိုးရည် (Semen) ကို နေရာဒေသအသီးသီးသို့ ပို့ဆောင်ဖြန့်ဖြူးရသည်။ နွားသိုးတစ်ကောင်၏ မျိုးရည်ကို အသီးသီးသော နေရာဒေသရှိ မွေးမြူရေးခြံ နှစ်ခြံ (သို့) သုံးခြံမှ ကြီးထွားဖွံ့ဖြိုးမှုစွမ်းဆောင်ရည် စစ်ဆေးပြီးသော နွားမတမ်းများနှင့် မေထုံမဲ့ သားစပ်ရသည်။ ဤသို့ နေရာဒေသအသီးသီး၊ ခြံအသီးသီးရှိ နွားမတမ်းများနှင့် သားစပ်ခြင်းဖြင့် ရရှိလာသော သားသမီးများ၏ စွမ်းဆောင်ရည်ကို အခြားသက်တူရွယ်တူ စောင့်ကြည့်ခံနွားသိုးများမှ ပေါက်ဖွားသော သားသမီးများ၏ စွမ်းဆောင်ရည်နှင့် နှိုင်းယှဉ်ရသည်။ ထိုသို့ နှိုင်းယှဉ်ရာတွင် နွားသိုး မတူညီခြင်းဆိုသည့် အချက်မှလွဲ၍ ကျန်သောနေရာဒေသ၊ မွေးမြူသည့် စနစ်၊ ကျွေးထားသော အစာ၊ နွားကလေးများ ပေါက်ဖွားသည့် ရာသီ အားလုံးတူညီသည့် အခြေအနေရှိ နွားကလေးများ အချင်းချင်းသာ နှိုင်းယှဉ်ရမည် ဖြစ်ပါသည်။ အမေ နွားမများ၏ အသက်၊ ခန္ဓာကိုယ် အနေအထားများလည်း တတ်နိုင်သရွေ့ အတူတူဖြစ်ရန်လိုသည်။

ထိုကဲ့သို့ အခြေအနေအရပ်ရပ်ကို တူညီအောင်ညှိယူထားသော အခြေအနေတွင် စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ပြီး စွမ်းဆောင်ရည် အကောင်းဆုံးဖြစ်သော နွားမလေးများ၏ ဖခင် စောင့်ကြည့်ခံနွားသိုး(Proving Sire) ကို အနာဂတ်အတွက် အရည်အသွေးမြင့် မျိုးနွားသိုး (Superior Sire) အဖြစ် ရွေးချယ်ခြင်း ဖြစ်သည်။ နို့စားနွားများအတွက် စစ်ဆေးရမည့် အရေးပါသော ထုတ်လုပ်မှုစွမ်းဆောင်ရည် (Productive Performance) များမှာ စုစုပေါင်း နို့ထုတ်လုပ်နိုင်မှုပမာဏ(Total Milk Yield)၊ နို့ပေးကာလ အတိုအရှည် (Lactation Length)၊ သားအောင်နိုင်ခြင်း (Fertility)၊ စောစော အရွယ်ရောက်ပြီး စောစောသားကျနိုင်ခြင်း (Age at First Calving) စသည်တို့ပါဝင်သည်။ သားသမီးစွမ်းဆောင်ရည် စစ်ဆေးအောင်မြင်ပြီးသော စောင့်ကြည့်ခံနွားသိုးကို စောင့်ကြည့်ပြီး နွားသိုး (Proven Sire) ဟု သတ်မှတ်သည်။ ထိုစောင့်ကြည့်ပြီးနွားသိုးကို အနာဂတ်အတွက် မျိုးနွားသိုး (Superior Sire) အဖြစ် ရွေးချယ်သည်။

မျိုးဗီဇအရည်အသွေးမြင့် မိခင်ကိုရွေးချယ်

အမဘက်ကိုလည်း ကြီးထွားဖွံ့ဖြိုးမှု စွမ်းဆောင်ရည် အကဲဖြတ် စစ်ဆေးခြင်း (Growth Performance Test)၊ မျိုးပွားမှု စွမ်းဆောင်ရည် စစ်ဆေးခြင်း (Reproduction Performance Test)၊ ထုတ်လုပ်မှု စွမ်းဆောင်ရည်နှင့် သားသမီးစွမ်းဆောင်ရည် စစ်ဆေးခြင်း (Productive Performance and Progeny Test)များ ပြုလုပ်အောင်မြင်ပြီးသော မျိုးဗီဇအရည်အသွေးမြင့် မိခင် (Superior Dam) ကို ရွေးချယ်ရမည် ဖြစ်ပါသည်။

စာမျက်နှာ ၂၃ သို့❖

မေတ္တာဥယျာဉ် ရှင်သာမဏေပြုစုပျိုးထောင်ရေးနှင့် မိဘမဲ့ကလေးစောင့်ရှောက်ရေး ပရဟိတကျောင်းတိုက်သို့ အမိုးသွပ်ချပ် ၄၀၀ လှူဒါန်း

ရေတာရှည် စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ မေတ္တာဥယျာဉ် ရှင်သာမဏေပြုစုပျိုးထောင်ရေးနှင့် မိဘမဲ့ကလေးစောင့်ရှောက်ရေး ပရဟိတကျောင်းတိုက်သို့ အမိုးသွပ်ချပ် ၄၀၀ ကို တောင်ငူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးရဲသူဟန်နှင့် ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် ထောက်ပံ့လှူဒါန်းခဲ့သည်။

ထောက်ပံ့လှူဒါန်း

မေတ္တာဥယျာဉ် ရှင်သာမဏေပြုစုပျိုးထောင်ရေးနှင့် မိဘမဲ့ကလေးစောင့်ရှောက်ရေး ပရဟိတကျောင်းတိုက်အတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်း MEC ခုနစ်ပေသွပ်များအနက်မှ အမိုးသွပ်ချပ် ၄၀၀ ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ညောင်လေးပင်မြို့နယ်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ညောင်လေးပင် စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ညောင်လေးပင်မြို့နယ်တွင် ကျေးလက်နေ တိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် သစ္စာစီမံချက်ဖြင့် ယမန်နေ့တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်

နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးစောနိုင် ဦးဆောင်ပြီး ဌာနရုံးဝန်ထမ်းများနှင့်အတူ ညောင်လေးပင်မြို့နယ်အတွင်းရှိ မက္ခမူကျေးရွာအုပ်စု၊ ချောင်းရင်းကျေးရွာအုပ်စုနှင့် ထော်နွတ်ကျေးရွာအုပ်စု အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများ၊ ပျောက်ဆုံး၊ ပျက်စီးသူများအား စာရင်းကောက်ယူခြင်း၊ စစ်ဆေးဆောင်ရွက်ခြင်းများ ပြုလုပ်ပြီး အမျိုးသား ၁၀၀ နှင့် အမျိုးသမီး ၁၅၆ ဦး စုစုပေါင်း ၂၅၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

ပိန်းဇလုပ်သိန်းညွန့်

❖ စာမျက်နှာ ၂၂ မှ

Progeny Test အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်အတွက် စောင့်ကြည့်ခံနွားသိုး၊ သူ၏ မိတ်ဖက်ဖော်နွားမနှင့် သူ၏ သားသမီးများကို ဆိုင်ရာဆိုင်ရာ မိသားစုအုပ်စုအလိုက် မှန်ကန်စွာ အမှတ်အသားပြုခြင်း (Animal Identification)နှင့် မိသားစုအုပ်စုများ၏ စွမ်းဆောင်ရည်မှတ်တမ်း(Performance Record) များသည် အဓိကသော့ချက် ဖြစ်သည်။ ထိုင်းနိုင်ငံ၏ နွားမွေးမြူရေးခြံအများစုသည် DPO နှင့် ကန်ထရိုက်ခြံအဖြစ် ချိတ်ဆက်ထားပြီး DPO မှ စွမ်းဆောင်ရည်မှတ်တမ်းတင်ခြင်းဆိုင်ရာ နည်းစနစ်များကို မွေးမြူရေးသမားများအား သင်တန်းများ ပို့ချထားပေးခြင်းဖြင့် နေရာဒေသအသီးသီး၊ ခြံအသီးသီးသို့ မျိုးရည်ဖြန့်ခဲ့သည့် စောင့်ကြည့်ခံ နွားသိုး၏ သားသမီးများဆိုင်ရာ စွမ်းဆောင်ရည်မှတ်တမ်းများကို စနစ်တကျ စုစည်းရရှိနိုင်သည်။ နိုင်ငံနှင့်အဝှမ်း အချက်အလက်များ စနစ်တကျ စုဆောင်းသိမ်းဆည်းနိုင်သည့်စနစ် (Data base System) ကိုလည်း ထူထောင်ထားသည်။

ထိုစွမ်းဆောင်ရည်မှတ်တမ်းများမှ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ မည်သည့်ဒေသတွင် မည်သည့်နွားသိုးကတော့ နို့ပေးကာလအတွက် သားစပ်နိုင်သည့်တန်ဖိုး (Breeding Value) အကောင်းဆုံးဖြစ်သည်၊ မည်သည့် နွားသိုးကတော့ ထုတ်လုပ်မှုအတွက် အသင့်တော်ဆုံးဖြစ်သည် စသည်ဖြင့် အဖြေထုတ်နိုင်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့်လည်း မည်သည့်နွားသိုးကတော့ သားအောင်နှုန်းအတွက် သားစပ်နိုင်သည့်တန်ဖိုး ကောင်းသည်၊ မည်သည့် နွားသိုးကတော့ အရွယ်ရောက်ချိန်အတွက် သားစပ်နိုင်သည့်တန်ဖိုး အကောင်းဆုံးဖြစ်သည် စသည်ဖြင့် ဆုံးဖြတ်နိုင်မည် ဖြစ်သည်။ နို့စားနွားမွေးမြူသူတို့က နို့ပေးကာလအတွက် စွမ်းဆောင်ရည်ကောင်းသည့်မျိုးကို ရချင်ပါက နို့ပေးကာလတွင် သားစပ်နိုင်သည့်တန်ဖိုး အကောင်းဆုံးဖြစ်သည့် နွားသိုး၏ မျိုးရည်ကို ဝယ်မည်၊ ထုတ်လုပ်မှုများများရချင်ပါက ထုတ်လုပ်မှုတွင် သားစပ်နိုင်သည့်တန်ဖိုး အကောင်းဆုံးဖြစ်သည့်နွားသိုး၏ မျိုးရည်ကို ဝယ်မည် စသည်ဖြင့် မိမိတို့ အလိုရှိသော စွမ်းဆောင်ရည်ကိုပေးနိုင်မည့် မျိုးရည်ကို ရွေးချယ်ရရှိနိုင်သည်။

နို့စားနွားမျိုး ထုတ်လုပ်နိုင်ပြီ

ထိုင်းနိုင်ငံ၏ ကောင်ရေ လေးသန်းရှိ နွားအများစုမှာလည်း ဖရီရှန်၊ ဂျာစီ၊ ဘရောင်းဆွစ်၊ ဂန်စီ၊ ဆာဟီဝယ်၊ ဆင်ဒီ စသော နို့စားနွားမျိုး နှစ်မျိုး သို့မဟုတ် သုံးမျိုးကို ရောစပ်ထားသော စပ်မျိုး (Multi-breed Dairy Population) များဖြစ်ကြသည်။ ထိုစပ်မျိုးများထဲမှ မိမိတို့၏ ရေမြေဒေသတွင် အကောင်းဆုံး စွမ်းဆောင်ရည်ပေးသော နို့စားနွားမျိုးကို ကိုယ့်ပြည်တွင်းတွင်ပင် ကိုယ့်မျိုးကိုယ်ထုတ်လုပ်နိုင်ပြီဖြစ်သည်။ နိုင်ငံခြားမှ မျိုးရည်များ တင်သွင်းစရာမလိုတော့ပေ။ ဤကဲ့သို့သော အောင်မြင်မှု အသီးအပွင့်များသည် နေ့ချင်း၊ ညချင်း အချိန်တိုအတွင်း ဖြစ်လာသည်တော့မဟုတ်ပါ။ နွားဆိုသည့် သတ္တဝါသည် ကြက်၊ ဝက်တို့နှင့်ယှဉ်ပါက မျိုးဆက်တစ်ဆက်နှင့်တစ်ဆက်ကြား အချိန်ကာလကြာသည်။ လုံလောက်သော အာဟာရ ရရှိထားသည့် နွားတစ်ကောင်သည် လိင်ပိုင်းဆိုင်ရာ အရွယ်ရောက်ရန် အချိန် တစ်နှစ်နီးပါး ကြာသည်။ ထိုနွားကို သားတင်ပြီးနောက် ရရှိမည့် ဧးကာလသည် နောက်ထပ် ၁၀ လကြာသည်။ ထုတ်လုပ်မှုစွမ်းရည်ကို အကဲဖြတ်နိုင်ရန် အနည်းဆုံး နို့ပေးကာလ တစ်ကြိမ် စောင့်ကြည့်ရန်လိုသည်။ နို့ပေးကာလသည်လည်း တစ်ကြိမ်လျှင် ယေဘုယျ အချိန် ၁၀ လ ကြာမြင့်သည်။ Progeny Test သည် သားသမီး၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ရသော စစ်ဆေးမှုဖြစ်သည့်အတွက် သားသမီးများ အရွယ်ရောက်ပြီး ထုတ်လုပ်မှုပြုလုပ်နိုင်သည့်အချိန်အထိ စောင့်ကြည့်ရမည် ဖြစ်သည်။ ထို့ကြောင့် အချိန်အတော်ယူဆောင်ရွက်ရမည့် စီမံကိန်းဖြစ်သည်။ Progeny Test ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အချိန် ၁၀ နှစ်မျှ လိုအပ်မည် ဖြစ်သည်။ သို့သော် အချိန်ပေးပြီး စနစ်တကျ ဆောင်ရွက်နိုင်ပါက မျိုးဗီဇအရည်အသွေးကောင်းမွန်သည့် မျိုးနွားသိုးကို အမှန်တကယ်ရရှိနိုင်မည် ဖြစ်သည်။

Progeny Test ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တိရစ္ဆာန်အုပ်စုများကို စနစ်တကျအမှတ်အသားပြုသည့်စနစ် (Animal Identification)၊ မှတ်တမ်းမှတ်ရာများ စနစ်တကျ ပြုစုခြင်းစနစ် (Record Keeping)၊ အချက်အလက်များ စုဆောင်းခြင်းစနစ် (Data Collection) များ လိုအပ်သည်။ အချက်အလက်များကို သုံးသပ်အဖြေထုတ်နိုင်ရန် စာရင်းအင်းပညာရပ်ဆိုင်ရာ ဆော့ဝဲလ်များ၊ ကျွမ်းကျင်သူများ လိုအပ်သည်။ နို့စားနွား မွေးမြူသူတို့၏ ပူးပေါင်းပါဝင်မှုများ၊ မှတ်တမ်းများ စနစ်တကျပြုစုနိုင်ရေး ပညာပေးသင်တန်းများလည်း လိုအပ်သည်။ အရေးကြီးသည်မှာ အရွယ်ရောက် နွားထီးများ၏ မျိုးရည် အရည်အသွေးကို စစ်ဆေးနိုင်သည့် အဆင့်မြင့် ဓာတ်ခွဲခန်းများ၊ ဓာတ်ခွဲခန်း အသုံးအဆောင် (Lab Facilities) များ လိုအပ်သည်။ Progeny Test စီမံကိန်းသည် အချိန် ၁၀ နှစ်မှ ၁၅နှစ်အထိ ကြာသည်ဖြစ်သောကြောင့် ဤစီမံကိန်းပြီးဆုံးချိန်တွင် စောင့်ကြည့်ခံနွားထီးသည် သက်ရှိထင်ရှားရှိချင်မှ ရှိပါလိမ့်မည်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် သေဆုံးသွားနိုင်သည့်အတွက် ထိုစောင့်ကြည့်ခံ နွားထီးအသက်ရှင်စဉ် ထုတ်ယူထားသည့် မျိုးရည် (Semen) ကို နှစ်ပေါင်းကြာရှည်စွာ သိမ်းဆည်းနိုင်သည့် အေးခဲလွန်စနစ် (Cryopreservation) ဖြင့် ထိန်းသိမ်းထားရန်လည်း လိုအပ်မည် ဖြစ်သည်။

နို့စားနွားပြိုင်ပွဲ (Dairy Competition)

နို့ထွက်ပစ္စည်းပွဲတော်၏ နောက်ထပ် စိတ်လှုပ်ရှားဖွယ် အစီအစဉ်မှာ နို့စားနွားပြိုင်ပွဲ ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ နို့စားနွား မွေးမြူသူများသည် မိမိတို့၏ နို့စားနွားများကို လာရောက်ပြသကြသည်။ ထိုအထဲမှ ထုတ်လုပ်မှုကောင်းပြီး နို့စားနွား တစ်ကောင်တွင် ရှိသင့်ရှိထိုက်သည့် ကိုယ်နေဟန်ထား အကောင်းဆုံးဖြစ်သည့် နို့စားနွား လေးကောင်ကို ရွေးချယ်၍ ဆုချီးမြှင့်ခြင်း ဖြစ်သည်။ နို့စားနွားများ၏ ထုတ်လုပ်မှုသည် ကျွေးသည့်အစာနှင့် ပတ်ဝန်းကျင်အနေအထားတို့အပေါ် မူတည်၍ အပြောင်းအလဲ ရှိနိုင်သောကြောင့် ပြိုင်ပွဲဝင်နွားများသည် ပွဲမစခင် တစ်လစောပြီး ဤနေရာတွင် ကြိုတင်ရောက်ရှိရန် လိုအပ်သည်။ ဤတစ်လအတွင်း ပြိုင်ပွဲဝင်နွားအားလုံးကို တူညီသော အစာကျွေးပြီး နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နွားနို့ညှစ်၍ ထုတ်လုပ်မှုကို မှတ်တမ်းတင်ထားသည်။ အစာ အတူတူ၊ နေရာအတူတူထားသည့်အထဲမှ ထုတ်လုပ်မှုစွမ်းဆောင်ရည်ကောင်းသောနွားများ၏ ခန္ဓာကိုယ်အနေအထားကို ထပ်မံ၍ အကဲဖြတ်သည်။

နို့စားနွားကောင်းတစ်ကောင်တွင်ရှိရမည့် ကြန်အင်လက္ခဏာများမှာ အကြမ်းအားဖြင့် အရပ်အမြင့် (မြီးညှောင့်ရိုးထိပ်မှ မြေကြီးအထိ) ၁ ဒသမ ၃ မှ ၁ ဒသမ ၅ မီတာ ရှိရမည်။ ရင်အုပ်အကျယ် ၁၃ စင်တီမီတာမှ ၂၉ စင်တီမီတာအတွင်း ရှိရပြီး ခန္ဓာကိုယ် ဖောက်နက်ရမည်။ ခန္ဓာကိုယ်နောက်ပိုင်း ခြစ်ခုံရိုး နှစ်ခုအကြား အကွာအဝေးကျယ်ရမည်။ နောက်မှ ကြည့်ပါက ခြေထောက်များ အတွင်းသို့ခွင်မနေဘဲ တစ်ဖြောင့်တည်း ရှိနေရမည်။ နို့အုံသည် ဝမ်းဗိုက်ကြမ်းပြင်နှင့် ခိုင်မြဲစွာ တွယ်ကပ်နေပြီး နို့သီးတံထိပ်များသည် အပြင်ဘက်သို့ လှည့်မနေရ။ နို့သီးတံ၏အလျားသည် တစ်စင်တီမီတာမှ ကိုးစင်တီမီတာအတွင်း ရှိရမည်။ နို့အုံ၏ ဖောက်အနက်သည် နောက်ခြေ၏ တံကောက်ကွေးအောက်အထိ တွဲမနေစေရ။ နို့အုံရှိ သွေးကြောများ၊ နို့အုံကြားရှိ အက်ကြောင်းများ ထင်ရှားနေရမည်ဖြစ်သည်။

နွားအလှပြိုင်ပွဲ၏ အကဲဖြတ်ဒိုင်အဖွဲ့တွင် တက္ကသိုလ်မှ ဆရာတစ်ဦး၊ DPO၊ မွေးမြူရေးဖွံ့ဖြိုးမှုဌာန (Department of Livestock Development)၊ မွေးမြူရေးသမားများ ကိုယ်စားပြု ကိုယ်စားလှယ် စသည်ဖြင့် နယ်ပယ်အသီးသီးမှ ပါဝင်သည်။ လာရောက်ကြည့်ရှုသူပရိသတ်များကလည်း မိမိတို့ နှစ်သက်ရာနွားကို မဲပေးနိုင်ပြီး ပရိသတ်ပေးသည့် မဲအမှတ်ကိုလည်း ဆုရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားသည်။ ဒိုင်လူကြီးများက ပြိုင်ပွဲဝင်နွားတို့၏ ခန္ဓာကိုယ် ဖွဲ့စည်းမှုနှင့် ကိုယ်နေဟန်ထားများကို လိုက်လံစစ်ဆေးကြည့်ရှု၍ အမှတ်ပေးသည်။ ပထမအဆင့်တွင် အမှတ်မကောင်းသော နွားများ ကွင်းထဲမှ ထွက်သွားရသည်။ ကျန်သည့်နွားများက ကွင်းထဲလှည့်ပြရပြီး ဒိုင်လူကြီးများက ထပ်မံ၍ အကဲဖြတ်သည်။ ဤသို့ဖြင့် ဆန်ခါတင်ကျန်ခဲ့သည့် ချန်ပီယံနွား လေးကောင်ထဲမှ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထကိုအမှတ်ဖြင့် ဆုံးဖြတ်သည်။ နို့စားနွားပြိုင်ပွဲပြုလုပ်ခြင်းဖြင့် အရည်အသွေးကောင်းသော နို့စားနွားကို ရွေးချယ်နိုင်ခြင်း၊ နို့စားနွားတွင် ရှိသင့်ရှိထိုက်သော ခန္ဓာကိုယ်အနေအထားကို မွေးမြူသူများ သဘောပေါက်နားလည်နိုင်ပြီး အရည်အသွေးကောင်းသော နို့စားနွားကို ရွေးချယ်ဝယ်ယူရာတွင် အထောက်အကူဖြစ်စေခြင်းတို့ကြောင့် နို့စားနွားပြိုင်ပွဲသည်လည်း နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု သုံးသပ်ရပါသည်။

မှီဝဲသောက်သုံးသင့်

နွားနို့သည် ကယ်လ်စီယံ၊ ပရိုတိန်း၊ ဗိုက်တာမင်ဒီနှင့် အခြားအာဟာရဓာတ်များ ပါဝင်သည့် အာဟာရရည်ဖြစ်သည်။ နွားနို့၏ ပရိုတိန်းတွင်ပါဝင်သော အရည်အသွေးမြင့် အမိုင်နိုအက်စစ်သည် ကလေးငယ်များ ခန္ဓာကိုယ်ဖွံ့ဖြိုးစေရန်အတွက်လည်းကောင်း၊ ကယ်လ်စီယံနှင့် ဗိုက်တာမင်ဒီသည် အရိုးများ ဖွံ့ဖြိုးစေရန်အတွက်လည်းကောင်း အထောက်အကူပြုသည်။ လူကြီးများအတွက်လည်း အရိုးပွခြင်း၊ အရိုးကျိုးခြင်း စသည်တို့ကို ကာကွယ်ပေးသည့်အတွက် မှီဝဲသောက်သုံးသင့်သည့် အာဟာရ ဖြစ်သည်။

ယနေ့ ဈေးကွက်တွင်လည်း အသင့်သောက်သုံးနိုင်သည့် နွားနို့၊ ဒိန်ချဉ်၊ နို့ပူတင်း စသည့် မြန်မာပြည်တွင်းဖြစ် အရည်အသွေးမြင့် နို့ထွက်ပစ္စည်းများနေရာယူနေပြီမှာ ဝမ်းသာဖွယ်ဖြစ်သည်။ မြန်မာ့နို့စားနွား မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနေသည့်လက္ခဏာ ဖြစ်သည်။ တစ်ဖက်မှာလည်း ပြည်သူလူထု၏ ကျန်းမာရေး အသိပညာ ပိုမိုတိုးတက်လာသည်နှင့်အညီ နို့ထွက်ပစ္စည်း စားသုံးမှုမှာလည်း ရှေ့လျှောက်ပို၍ များလာဖွယ်ရှိနေပါသည်။ ပိုများလာဖွယ်ရှိသည့် စားသုံးမှုကို ဖြည့်ဆည်းပေးနိုင်ရန်မှာ နို့ထွက်ပစ္စည်း ထုတ်လုပ်မှုကို ယခုထက်ပို၍ တိုးမြှင့်သွားရန် လိုအပ်လျက်ရှိသည်။ မြန်မာ့နို့စားနွား မွေးမြူရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်စေရန် ရည်သန်၍ အိမ်နီးချင်းနိုင်ငံ၏ အောင်မြင်နေသော နမူနာကောင်းများကို ရေးသားတင်ပြလိုက်ရပါသည်။ ။

မူရင်း – DPO၊ Department of Animal Science,
Faculty of Agriculture
Kasetsart University, Thailand

နို့စားနွားပြိုင်ပွဲပြုလုပ်ခြင်းဖြင့် အရည်အသွေးကောင်းသော နို့စားနွားကို ရွေးချယ်နိုင်ခြင်း၊ နို့စားနွားတွင် ရှိသင့်ရှိထိုက်သော ခန္ဓာကိုယ်အနေအထား ကို မွေးမြူသူများ သဘောပေါက်နားလည်နိုင်ပြီး အရည်အသွေးကောင်း သောနို့စားနွားကို ရွေးချယ်ဝယ်ယူရာတွင် အထောက်အကူဖြစ်စေခြင်း တို့ကြောင့် နို့စားနွားပြိုင်ပွဲသည်လည်း နို့စားနွားမွေးမြူရေး ဖွံ့ဖြိုး တိုးတက်ရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်...

မင်းတပ်မြို့၌ နှာခေါင်းစည်းများ အခမဲ့ပေးဝေ

မင်းတပ် စက်တင်ဘာ ၆

မင်းတပ်မြို့၌ ပြည်သူများ နှာခေါင်းစည်း ဝတ်ဆင်သွားလာရန် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများအခမဲ့ပေးဝေခြင်းကို Mindat COVID–19 Volunteer အဖွဲ့နှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မင်းတပ်မြို့ရှိ လမ်းဆုံလမ်းခွနေရာများနှင့် မြို့မဈေးရှေ့၌ ပြုလုပ်ကြကြောင်း သိရသည်။

Mindat COVID–19 Volunteer အဖွဲ့က ပြည်သူများ နှာခေါင်းစည်းများဝတ်ဆင်သွားလာကြရန်၊ လက်ကိုမကြာခဏဆေးရန်၊ လူတစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ နေထိုင်သွားလာကြရန်တို့ကို ပြည်သူများစိတ်ပါဝင်စားမှုရှိစေရန် အကဖြင့်သရုပ်ဖော် တင်ဆက်ခြင်း၊ ကိုဗစ်–၁၉ ဖြစ်ပွားနေသည့် အရပ်ဒေသများမှ ပြန်လည်ရောက်ရှိလာသူများအား သတ်မှတ်ထားသည့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် ထားရှိရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ဆက်သွယ်အကြောင်းကြားရန် နှိုးဆော်ခြင်းများပြုလုပ်ကြသည်။

အသိပညာပေးလှုပ်ရှားမှုတွင် Mindat COVID–19 Volunteer အဖွဲ့က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ နှာခေါင်းစည်းများ အခမဲ့ပေးဝေကြကြောင်း သိရသည်။ **ခိုရှိန်းမောင်း(ပြန်/ဆက်)**

ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်ဖြင့် မိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းအတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်

တောင်ကြီး စက်တင်ဘာ ၆

ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ မိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းအတွက် ဒုတိယအကြိမ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် ရပ်စောက်မြို့နယ် အလယ်ချောင်ကျေးရွာအုပ်စု တောင်ကွေးကျေးရွာ ဘက်စုံသုံးကျေးရွာခန်းမ ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မျိုးစေ့ထုတ်တောင်သူ ၇၈ ဦးနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုးစပါးမျိုးစေ့ထုတ်ဧက စုစုပေါင်း ၂၄၇ ဧကအတွက် အထွက်ကောင်းစပါးမျိုးအတွက် မျိုးစေ့ထုတ်တစ်ဧကလျှင် မျိုးစေ့ဖိုး ငွေကျပ် ၈၅၀၀၊ စိုက်ပျိုးစရိတ် ငွေကျပ် ၇၅၀၀၀၊ မျိုးကွဲပယ်ခြင်း ငွေကျပ် ၅၀၀၀၀၊ မျိုးသန့်စင်ခြင်း ငွေကျပ် ၁၅၀၀၀၊ စုစုပေါင်း တစ်ဧကလျှင် ငွေကျပ် ၁၄၈၅၀၀ နှုန်းဖြင့် မျိုးစေ့ထုတ်တောင်သူများ လက်ဝယ်သို့ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ထောက်ပံ့ပေးအပ်ရာတွင် ရပ်စောက်မြို့နယ်မှ မျိုးစေ့ထုတ်ဧက ၂၄၇ ဧက အတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၆ ဒသမ ၆၇၉၅ သန်းထောက်ပံ့ပေးသွားရန်ဖြစ်ပြီး ပထမအကြိမ် ငွေကျပ် ၂၀ ဒသမ ၆၂၄၅ သန်း ထောက်ပံ့ပေးပြီးဖြစ်၍ ယနေ့အခမ်းအနားတွင် ၂၄၇ ဧကအတွက် ဒုတိယအကြိမ် ငွေကျပ် ၁၆ ဒသမ ဝ၅၅ သန်း ထပ်မံထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP)အရ တစ်နိုင်ငံလုံး၌ မိုးစပါး မျိုးစေ့ထုတ် ဧကတစ်သိန်း စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ရာ ရှမ်းပြည်နယ်အတွင်း၌ ၄၃၁၈ ဧက၊ မြို့နယ်ပေါင်း ၅၀၊ ကျေးရွာပေါင်း ၂၅၉ ရွာ၊ တောင်သူပေါင်း ၁၅၈၆ ဦးနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးညွန့်ရွှေ(ပြန်/ဆက်)**

မတ္တရာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းဝတ်ဆင်ရေးကမ်ပိန်း ပြုလုပ်

မတ္တရာ စက်တင်ဘာ ၆

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်သွားလာရေး နှာခေါင်းစည်းဝတ်ဆင်ရေးကမ်ပိန်း ပြုလုပ်ခြင်းကို ယနေ့နံနက် ၇ နာရီက မြို့အဝင်လမ်းနှင့် စည်ပင်သာယာမြို့မဈေးအနီးတို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ နှာခေါင်းစည်းဝတ်ဆင်ရေးကမ်ပိန်း ပြုလုပ်ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်လွင်ထွန်းနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ကော်မတီက နှာခေါင်းစည်း အခု ၂၀၀၀၊ ကြက်ခြေနီတပ်ဖွဲ့က အခု ၅၀၀ စုစုပေါင်း နှာခေါင်းစည်း ၂၅၀၀ ကို ပြည်သူများအား ဝေငှပြီး နေအိမ်ပြင်ပသို့ ထွက်တိုင်း နှာခေါင်းစည်းများ ဝတ်ဆင်ရေး အသိပညာပေးခြင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ဆိုင်ကယ်စီးသူတိုင်း နေ့၊ ည ရှေ့မီးဖွင့်၍ မောင်းနှင်ကြရေးတို့ကို အသိပညာပေးခြင်းများ ဆောင်ရွက်ကြသည်။ **စိုးကျော်သူထွေး(ပြန်/ဆက်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၅၇ ဦး ဆက်လက်ဝင်ရောက်

မြဝတီ စက်တင်ဘာ ၆

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၅၇ ဦးသည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက် မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၆ ရက်အထိ ၃၂၅၇ ဦး စုစုပေါင်း ၇၄၈၇၀ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ပို့ဆောင်ပေးခဲ့

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၀၆ ဦး၊ အမျိုးသမီး ၁၅၁ ဦး စုစုပေါင်း ၄၅၇ ဦး ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

ညောင်ဦးမြို့ အဝင်အထွက် စစ်ဆေးရေးဂိတ်များတွင် အလိုအလျောက်အပူချိန်တိုင်းစက်ဖြင့် စစ်ဆေး

ညောင်ဦး စက်တင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အဝင်အထွက်စစ်ဆေးရေးဂိတ်များတွင် အလိုအလျောက်အပူချိန်တိုင်းစက်တပ်ဆင်စစ်ဆေးခြင်းများကို ယမန်နေ့မှ စတင်တပ်ဆင်ကာ ညောင်ဦးမြို့သို့ဝင်ရောက်လာသည့် ခရီးသွားပြည်သူများအား စစ်ဆေးနေပြီဖြစ်ကြောင်း ညောင်ဦးခရိုင် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း(ခရိုင်အုပ်ချုပ်ရေးမှူး)ထံမှ သိရသည်။

ညောင်ဦးခရိုင်/မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဦးဆောင်ကာ ကျောက်ပန်းတောင်းမြို့နယ်ဘက်မှ ဝင်ရောက်လာသူများအား မြတ်နိုးသူတိုးဂိတ်တွင် အလိုအလျောက်အပူချိန်တိုင်းစက်တစ်လုံး တပ်ဆင်စစ်ဆေးနေခြင်း၊ ချောက်မြို့နယ်ဘက်မှဝင်ရောက်လာသူများအား လောကနန္ဒာမြစ်ရေတင် ဂိတ်တွင် အလိုအလျောက်အပူချိန်တိုင်းစက်တစ်လုံး တပ်ဆင်စစ်ဆေးနေခြင်း၊ မြင်းခြံမြို့၊ ပခုက္ကူမြို့ဘက်မှ ဝင်ရောက်လာသူများအား အလိုအလျောက်အပူချိန် စစ်ဆေးနိုင်သည့်စက် တပ်ဆင်ထားရှိစစ်ဆေးနေကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက ပြောပြသည်။

အဆိုပါ အလိုအလျောက်အပူချိန်တိုင်းစက်တပ်ဆင်အသုံးပြုခြင်းဖြင့်

CCTV ကင်မရာရှေ့ ဝင်ရောက်သွားရုံဖြင့် စောင့်ကြည့်တီဗွီပေါ်တွင် အပူချိန်အလိုအလျောက်တိုင်းပြီးသားဖြစ်ကာ ပုံရိပ်ဖမ်းယူထားရှိ မှတ်တမ်းတင်ထားကြောင်း၊ စစ်ဆေးသည့် လူနှင့်တိုက်ရိုက်ထိတွေ့မှုမရှိခြင်းက အားသာချက်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကိုဗစ်– ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်း(မြို့နယ်အုပ်ချုပ်ရေးမှူး)က ရှင်းပြသည်။

ညောင်ဦးမြို့သို့ဝင်ရောက်လာသည့် ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ်များအား နံပါတ်မှတ်တမ်းယူထားခြင်း၊ ဖုန်းနံပါတ် မှတ်တမ်းယူခြင်းနှင့် လာရောက်သည့် နေရပ်လိပ်စာမှတ်တမ်းထားရှိခြင်းများအား ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မီးသတ်ဝန်ထမ်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက တာဝန်ကျနေ့ရက်များတွင် စစ်ဆေးရေးဂိတ်တွင် ကိုဗစ်–၁၉ ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း သိရသည်။

ညောင်ဦးမြို့သို့ ကိုဗစ်–၁၉ ရောဂါတွေ့ရှိသည့်မြို့မှ လာရောက်ပါက ညောင်ဦး ခရိုင်/မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီက စီစဉ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် ၂၁ ရက် ဝင်ရောက်ရမည်ဖြစ်ကာ မိမိတို့အစီအစဉ်ဖြင့် ဟိုတယ်များတွင် ကန့်သတ်စောင့်ကြည့်ရန် ဝင်ရောက်လိုပါက မိမိ စရိတ်ဖြင့်ဝင်ရောက်နိုင်ကြောင်း ခရိုင်/မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

ကိုထိန်(ပြန်/ဆက်)

မိမိနိုင်ငံဖွံ့ဖြိုးဖို့ မိုဘိုင်းဖုန်းများကို အကျိုးရှိစွာသုံးစွဲကြပါစို့

နိုင်ဦး(DOCA)

○ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော မိုဘိုင်းဖုန်းနှင့်ဆက်စပ်သည့် လူမှုကွန်ရက် အကောင့်စာမျက်နှာများကို အသိတရားလက်ကိုင်ထားကာ ဆင်ခြင်တုံတရားကြီးစွာဖြင့် အကျိုးရှိစွာသုံးစွဲသင့်။

○ ငွေများ၊ အချိန်များစွာ ပေးဆပ်ရင်းနှီးထားမှုနှင့် ထိုက်တန်သော သတင်းအချက်အလက်များကိုသာ ရွေးချယ်ရယူ၍ အကျိုးရှိစွာ အသုံးပြုကြစေချင်၊ မိမိကျန်းမာကြံ့ခိုင်မှု ထိခိုက်နိုင်လောက်အောင် ဆင်ခြင်မဲ့စွာ သုံးစွဲခြင်းများကိုလည်း ရှောင်ကြဉ်စေချင်။

ယနေ့ခေတ်တွင် ဖွံ့ဖြိုးမှုဟူသည့်စကားရပ်သည် နယ်ပယ်စုံတွင် ခေတ်စားလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတိုင်းလိုလိုတွင် တိုးတက်ရေး၊ ဖွံ့ဖြိုးရေးအတွက် နည်းလမ်းပေါင်းစုံကို အသုံးပြုကာ ဆောင်ရွက်လျက်ရှိနေသည်မှာ အားရစရာကောင်းလှသည်။ အောင်မြင်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများရှိသလို ကြိုးစားရုန်းကန်နေရဆဲဖြစ်သော နိုင်ငံများလည်း ရှိနေသည်။ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးစသည့် ဖြစ်စဉ်များနှင့် ချိန်ထိုး၍ ဆောင်ရွက်ကြရသည်။ အဆိုပါ ဖွံ့ဖြိုးမှုများအတွက် ဖြစ်စဉ်အသီးသီးသည် တိုက်ရိုက်ရော သွယ်ဝိုက်၍ပါ ဆက်နွယ်ပါဝင်လျက်ရှိပါသည်။ ဖြစ်စဉ်တစ်ခုခု ချို့ယွင်းအားနည်းမှုဖြစ်ပါက ဖွံ့ဖြိုးမှုဖြစ်စဉ်တစ်ခုလုံးကို ပျက်စီးစေသည်အထိ အကျိုးသက်ရောက်မှု ရှိပါသည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးပြီးနိုင်ငံများရော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော နိုင်ငံများပါ အဆိုပါဖြစ်စဉ်များကို သတိကြီးကြီးထားကာ ချိန်သားကိုက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

မမျှော်မှန်းနိုင်သော အန္တရာယ်များ

ထိုသို့ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံတိုင်းလိုလို၌ အနှောင့်အယှက်၊ အတိုက်အခိုက်ပေါင်းများစွာကို ကြုံတွေ့နေရပြီး ဖြေရှင်းဆောင်ရွက်နေကြသဖြင့် ဖွံ့ဖြိုးမှု အရှိန်အဟုန်များ လျော့ကျလာသည်။ အချိန်နှင့်ငွေများ ကုန်သည်။ ထိုကြုံတွေ့ရသော အခက်အခဲများအနက် လူမှုမီဒီယာများကြောင့် ဖြစ်ပွားမှုများမှာ အပြင်းထန်ဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ထိုလူမှုမီဒီယာများသည် နိုင်ငံဖွံ့ဖြိုးရေးဖြစ်စဉ်များဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးကဏ္ဍများအပြင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများအထိပါ ထဲထဲဝင်ဝင် ပါဝင်စွက်ဖက်၍ အပျက်သဘောဆန်စွာ ဆောင်ရွက်နေမှုများကြောင့် မမျှော်မှန်းနိုင်သော အန္တရာယ်များစွာ ကြုံတွေ့နေကြခြင်းများက သက်သေပင်ဖြစ်သည်။

အများစုသော မီဒီယာနည်းလမ်းပေါင်းစုံသည် မီဒီယာကျင့်ဝတ်များနှင့်အညီ လူသားများအတွက် အကျိုးရှိစေမည့် သတင်းအချက်အလက်များစွာကို အလွယ်တကူ သိရှိစေရေးအတွက်၊ ရယူစေရေးအတွက်၊ အသုံးချစေရေးအတွက် ကောင်းမွန်သော မူဝါဒများ ချမှတ်ကာ စေတနာထား ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူ့အဖွဲ့အစည်းများ၏ စည်းလုံးညီညွတ်ရေး၊ တစ်ဦးချင်းစီ၏ အခွင့်အရေးများကို တန်ဖိုးထားရေး၊ ဟန်ချက်ညီသော သတင်းအချက်အလက်များကို မျှတစွာ ဖြန့်ဝေရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အကြမ်းဖက်မှုကင်းဝေးစေရေးအတွက် အခြေခံအုတ်မြစ်များ ချပေးရေးစသည့် လုပ်ငန်းစဉ်များကို ချမှတ်၍ ပုံစံမျိုးစုံဖြင့် သတင်းအချက်အလက်များကို တင်ဆက်ပေးနေပါသည်။ ဂုဏ်သိက္ခာကြီးမားစွာ နာမည်တစ်လုံးဖြင့် ရပ်တည်ကြံ့ကြံ့ခံကာ ကြိုးစားဆောင်ရွက်ပေးလျက် ရှိနေပါသည်။

ယခုအခါ စက်မှုအတတ်ပညာတိုးတက်မှုနှင့်အညီ ပေါ်ပေါက်လာသော လက်တစ်ဖဝါးစာသာရှိသည့် ခေတ်မီဖုန်းပစ္စည်းများကြောင့် ကမ္ဘာကြီးသည် အိမ်လေးတစ်လုံးပမာ ဖြစ်လာကြသည်။ ယခင်က ဖုန်းတစ်ခါဆက်ရန် အချိန်များစွာပေးခဲ့ကြရသည်၊ တန်းစီစောင့်ခဲ့ကြရသည်၊ ရက်ချိန်းယူခဲ့ကြရသည်။ ယနေ့ခေတ်တွင်မူ မိုဘိုင်းဖုန်းများ တောရော မြို့ပါကျယ်ပြန့်စွာ ကိုင်တွယ်လာနိုင်သည်။ စီးပွားရေး၊ လူမှုရေး၊ သာရေး၊ နာရေးစသည့် ကိစ္စများတွင် အချိန်တိုအတွင်း ဆောင်ရွက်လာနိုင်သည်။ အသုံးရော ရုပ်ပါ မြင်ရကြားရ၍ ခွဲခြားမှု ကွာခြားမှုမရှိတော့ပေ။ ကောင်းမွန်သော တိုးတက်ပြောင်းလဲမှုဖြစ်၍ ဝမ်းသာကျေနပ်စရာပင် ဖြစ်သည်။ သို့သော် ကောင်းတာရှိသလို သတိပြုဆင်ခြင်သင့်သည်များလည်း ရှိပေသည်။

အဟန့်အတား ဖြစ်စေ

သတိပြုသင့်သည့် အချက်များတွင် ငွေကို၊ အချိန်ကို၊ ကျန်းမာရေးကို၊ ဆင်ခြင်တုံတရားကို အလွန်အကျွံ သက်ရောက်မှုမရှိစေရေးအတွက် အသိတရား လက်ကိုင်ထားကာ သတိထားဆင်ခြင်ဆောင်ရွက်ရန် လူတိုင်းလူတိုင်းတွင် တာဝန်တစ်ခုသဖွယ် အရေးကြီးလာပါသည်။ မိမိနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်နေစဉ်ကာလတွင် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမည်၊ ငွေနှင့်အချိန်များ အလဟဿ ဆုံးရှုံးမည်၊ ပူးပေါင်း စုစည်းဆောင်ရွက်မှုများ အားနည်းသွားပါက အဟန့်အတားဖြစ်စေနိုင်၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ခန့်မှန်းလူဦးရေစာရင်းအရ ၅၄ သန်းကျော်ရှိသည်ဟု သိရသည်။ သို့သော် နိုင်ငံရှိ ဆက်သွယ်ရေး အော်ပရေတာများက လူဦးရေ ၆၂ သန်းကျော်ကို ဝန်ဆောင်မှုပေးနေသည်ဟု သိရပြန်သည်။ လူဦးရေထက် ဖုန်းကိုင်ဆောင်သူက ပိုမိုများပြားသည့်သဘောဖြစ်သည်။ ထို ၆၂ သန်းသည် ဖုန်းကို တစ်မိနစ်အသုံးပြုပါက အသုံးပြုခ ၁၀ ကျပ် ဆိုပါစို့။ တစ်မိနစ်ပြည့်တိုင်း ကျပ်သန်း ၆၂၀ ကုန်သည်၊ တစ်နာရီပြည့်တိုင်း ကျပ်သန်း ၃၇၂၀၀ ကုန်သည်၊ တစ်ရက်ပြည့်တိုင်း ကျပ်သန်း ၈၉၂၈၀၀ ကုန်သည်၊ တစ်လ၊ တစ်နှစ်ဆိုပါက တွေးဝံ့စရာပင် မကောင်းတော့ပေ။ လူတိုင်းတော့မဟုတ် ပျမ်းမျှအနေဖြင့် တွက်ချက်ကြည့်မိခြင်းဖြစ်သည်။ ထိုလေထဲတွင် ကုန်သွားသော ငွေကြေးများစွာအတွက် ဘာတွေ အကျိုးအမြတ် ရရှိခဲ့ပြီလဲ၊ မိမိအတွက်ရော မိမိတိုင်းပြည်အတွက်ပါ ဘာတွေ ဆောင်ရွက်နိုင်ခဲ့ပြီလဲ မသိနိုင်။ ငွေကြေးများစွာကတော့ လေထဲတွင် ကုန်နေဆဲပင် ဖြစ်သည်။ ထိုလေထဲတွင် ကုန်သွားသော ငွေကြေးများသည် အခြေခံလူတန်းစား အလုပ်သမားများ၏ တစ်နေကုန် ရုန်းကန်ရှာဖွေရာမှ ရရှိသော ငွေများ၊ ရွှံ့တစ်ပိဿာ ဗိုက်ထဲဝင်မှ ရရှိသော လယ်သမားများ၏ ငွေများ၊ တစ်လကုန်မှ ရရှိမည့် ဝန်ထမ်းများ၏ လစာများ၊ စွန့်စားဆောင်ရွက်ရသော လုပ်ငန်းရှင်များ၏ ငွေများ ပါဝင်ပါသည်။ ဖုန်းများကို သုံးစွဲသည်နှင့် အချိန်များစွာကို ရင်းနှီးမြှုပ်နှံထားရသည်။ အလွန်အကျွံ သုံးစွဲပါက အိပ်ချိန်၊ စားချိန်မမှန်၍ အိပ်ရေးပျက်ခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ အလွယ်တကူ ဒေါသဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အတွေးအခေါ်မမှန်ကန်ခြင်း၊ အကြောထုံးခြင်း၊ ကြွက်သားများကိုက်ခဲခြင်း၊ မှတ်ဉာဏ်များချို့ယွင်းခြင်း၊ အကြားအာရုံချို့တဲ့ခြင်း စသည့် ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ ကျန်းမာရေးကိုထိခိုက်စေသည်။ လက်ရှိခေတ်စားလျက်ရှိသော ဖေ့စ်ဘွတ်လူမှုကွန်ရက်သည် နိုင်ငံအသီးသီးတွင် ကြောက်စရာကောင်းလောက်အောင် ရယူသုံးစွဲနေကြသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူပင် ဖြစ်သည်။ ဤလူမှုကွန်ရက်ကို အသုံးပြု၍ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ စစ်ရေး၊ နိုင်ငံရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သာရေး၊ နာရေး ကိစ္စများနှင့်ပတ်သက်၍ မကျေနပ်ချက်များကို ဖော်ထုတ်ရာ၊ ရေးသားရာ၊ ဝါဒဖြန့်ချိရာ၊ သွေးခွဲလှုံ့ဆော်ရာအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြသည်။ မှန်ကန်သောသတင်းအချက်အလက်များသည် အများအတွက် အကျိုးရှိသော်လည်း ကိုယ်ကျိုးအတ္တ၊ စိတ်ခံစားချက်များကို ရှေ့တန်းတင်၍ ဖော်ပြထားသော သတင်းအချက်အလက်များနှင့် မမှန်သတင်းများသည်၊ အမုန်းပွားစေသည်၊ ချစ်ကြည်ရင်းနှီးမှုများကို ထိခိုက်စေသည်ကတော့ အသေအချာပင် ဖြစ်သည်။

စောင့်ကြည့်စစ်ဆေးရန်

ကမ္ဘာ့နိုင်ငံအသီးသီးက လူတစ်ဦးချင်းစီမှ ငွေများစွာ၊ အချိန်များစွာပေးဆပ်ထားသော်လည်း ကျန်းမာရေးဆိုးကျိုးများ၊ ခြိမ်းခြောက်အနိုင်ကျင့်မှုများ၊ ဝါဒမှိုင်းတိုက်မှုများ၊ အမုန်းစကားဖြန့်ချိမှုများသာ ပြန်လည်ရရှိသဖြင့် မလိုလားအပ်သော သတင်းဖော်ပြမှုများကို ပယ်ဖျက်ပေးရန် တောင်းဆိုလာကြသဖြင့် ဖေ့စ်ဘွတ်တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူ ကြုံတွေ့နေရသဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အကောင့်များ၊ စာမျက်နှာများကို သေချာစွာ စောင့်ကြည့်စစ်ဆေးရန်အတွက် မြန်မာဘာသာစကား ကျွမ်းကျင်ပိုင်နိုင်သော ဝန်ထမ်း ၉၉ ဦးကို ခန့်ထားပြီးဖြစ်ကြောင်း ထိုဝန်ထမ်းများကို လူ့အခွင့်အရေးကျွမ်းကျင်ပညာရှင်များနှင့် ထပ်မံပေါင်းစည်း တာဝန်ပေးအပ်သွားမည်ဟု သိရှိရသဖြင့် ဝမ်းသာရသည်။ မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များကလည်း မလိုလားအပ်သော၊ သတင်းမှား၊ ကောလာဟလ မမှန်သတင်းများ၊ အမုန်းတရားပွားများစေသော သတင်းမှားများ၊ လူတစ်ဦးချင်း၏ ကိုယ်ကျင့်သိက္ခာ၊ အခွင့်အရေးများကိုထိခိုက်စေသော သတင်းမှားများ၊ ဝါဒမှိုင်းတိုက်သော သတင်းမှားများ၊ ပဋိပက္ခဖြစ်ပွားရန် လှုံ့ဆော်သောသတင်းမှားများကို ဖြန့်ချိသော အကောင့်များ၊ စာမျက်နှာများကို ဖယ်ရှားရှင်းလင်းလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ခြင်းသည် မိုဘိုင်းဖုန်းများကို အသုံးပြု၍ အကောင့်များ၊ စာမျက်နှာများကို ဖန်တီး၍ ရရှိသည့် သတင်းအချက်အလက်များကို အကျိုးရှိစွာ ပြန်လည်အသုံးပြုနိုင်ရေး၊ မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေး၊ ကိုယ်စီလူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးပြဿနာများကို တရားမျှတစွာ ဆောင်ရွက်နိုင်ရေး၊ ကိုယ်စီအခွင့်အရေးများကို တန်ဖိုးထားနိုင်ရေး၊ အမုန်းတရားများ ကင်းဝေးရေးနှင့် ကောလာဟလများ ကင်းစင်ရေးအတွက်သာ ရည်ရွယ်ပါသည်။

သတင်းမှားများကို ငြင်းပယ်ရန်လို

ကောလာဟလသတင်းများ၊ သပ်လျှိုသွေးခွဲသော သတင်းများ၊ အမုန်းစကားများကို ရှင်းလင်းဖြေရှင်းဆောင်ရွက်နေခြင်းသည် လွတ်လပ်စွာ ပြောဆိုခွင့်၊ တင်ပြပိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများကို ကန့်သတ်ပိတ်ပင်တားဆီးခြင်း မဟုတ်ပေ။ နိုင်ငံတကာ ဥပဒေများအရ၊ သဘောတူညီချက်များအရ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များအရ တားမြစ်ပိတ်ပင်ထားသော လူအချင်းချင်း ခွဲခြားဆက်ဆံခြင်း၊ ရန်လိုအမုန်းပွားခြင်း အကြမ်းဖက်ခြင်းများကြောင့် ငြိမ်းချမ်းရေး၊ တရားမျှတမှုရှိရေး၊ ချစ်ကြည်ရင်းနှီးမှုရှိရေး၊ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ရေး စသည့်အချက်များကို ထိခိုက်မှုများမှ ကာကွယ်တားဆီးနေခြင်းသာ ဖြစ်ပါသည်။ ဤသည်ကို လူတစ်ဦးချင်းစီမှ နားလည်သဘောပေါက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုပါသည်။ မှန်ကန်တိကျ၍ အကျိုးရှိသော သတင်းများကိုသာ လက်ခံကြရန်လိုသည်။ တိကျသေချာမှုမရှိ၊ စိတ်ခံစားမှု အတ္တများကို အခြေခံသော သတင်းမှားများကို ငြင်းပယ်ရန် လိုပါသည်။

သို့မှသာ ဆက်သွယ်ရေးဖွံ့ဖြိုးမှုမှပေးသော သတင်းအချက်အလက်များကို မျှဝေလာနိုင်မည်၊ ဖြန့်ဝေလာနိုင်မည်၊ အကျိုးရှိစွာ ပြန်လည်အသုံးပြုခြင်းဖြင့် ပိုမိုစည်းလုံးညီညွတ်၍ ပူးပေါင်းဆောင်ရွက်တတ်သော လူသားကမ္ဘာကြီးကို တည်ဆောက်လာနိုင်မည်၊ ဖွံ့ဖြိုးမှုအသီးအပွင့်များကို မျှတစွာခံစားလာနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော မိုဘိုင်းဖုန်းနှင့်ဆက်စပ်သည့် လူမှုကွန်ရက်အကောင့်စာမျက်နှာများကို အသိတရားလက်ကိုင်ထားကာ ဆင်ခြင်တုံတရားကြီးစွာဖြင့် အကျိုးရှိစွာ သုံးစွဲသင့်ပါသည်။ ငွေများ၊ အချိန်များစွာပေးဆပ်ရင်းနှီးထားမှုနှင့် ထိုက်တန်သော သတင်းအချက်အလက်များကိုသာ ရွေးချယ်ရယူ၍ အကျိုးရှိစွာ အသုံးပြုကြစေချင်ပါသည်၊ မိမိကျန်းမာကြံ့ခိုင်မှု ထိခိုက်နိုင်လောက်အောင် ဆင်ခြင်မဲ့စွာ သုံးစွဲခြင်းများကိုလည်း ရှောင်ကြဉ်စေချင်ပါသည်၊ အတ္တ၊ လောဘများကို အခြေခံကာ စိတ်ခံစားမှုများဖြင့် ဝါဒမှိုင်းတိုက်ကာ၊ အမုန်းတရားအခြေခံသော သတင်းယောင်၊ သတင်းမှားများကို ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဆင်ခြင်ပိုင်းခြား၍ ရှောင်ရှားသင့်ပါသည်၊ မိုဘိုင်းဖုန်းနှင့် လူမှုကွန်ရက်အကောင့်များ၊ စာမျက်နှာများကို အသုံးပြုရာမှရရှိသော ကောင်းမွန်သည့် သတင်းအချက်အလက်များကို အသုံးပြု၍ မိမိဘဝတိုးတက်ရေး၊ မိမိတိုင်းပြည် ဖွံ့ဖြိုးရေးအတွက် ကျရာကဏ္ဍများမှ အကျိုးပြုသောသူများအဖြစ် ဂုဏ်ယူကြပါရန် စေတနာထား၍ တိုက်တွန်းအပ်ပါသည်။ ။

အင်းအတွင်း ငါးမျိုးစိုက်ထည့်ရန် ငါးသားပေါက်များ လွှဲပြောင်းပေးအပ်

ကသာ စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ၂၀၂၀-၂၀၂၁ ခုနှစ် အင်းရာသီအတွက် အင်းဝင်ငွေ၏ ငါးရာခိုင်နှုန်းကို ငါးမျိုးစိုက်ထည့်ခြင်း ပြုလုပ်ရန်အတွက် ယမန်နေ့ နံနက် ၇ နာရီတွင် ကသာမြို့ အမှတ် ၁ ရပ်ကွက် ကမ်းနားလမ်း၌ ကသာခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းလှအောင်က သက်ဆိုင်ရာအင်းသူကြီးများထံသို့ ငါးသားပေါက်(ငါးသန်)များ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကသာမြို့တွင် အင်းပေါင်း ၇၆ လုံးရှိရာမှ ယခုပထမအကြိမ်အဖြစ် အင်း ၂၂ လုံးအတွက် ငါးမျိုးစိုက်ထည့်ရန် ငါးသားပေါက်(ငါးသန်)များကို ဖြန့်ဝေပေးခြင်း ဖြစ်ကြောင်း သိရသည်။

အေးမြသက်ထား



ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



မိုင်းလုံမြို့စား ဦးသာမြတ်

သီပေါ၊ မိုင်းလုံ၊ နောင်ချိုမြို့တို့၏ သမိုင်းပုံရိပ်အချို့ကို စာဖတ်သူများသိရှိနိုင်စေရန် စာရေးသူ သီပေါကိုလတ် စီစဉ်ရေးသားသည့် မိုင်းလုံမြို့စား ဦးသာမြတ် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ၈၅ဆက်မြောက် သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်(ခ) စဝ်ကြာခိုင်၊ စော်ဘွားမင်းဆက်များ၊ သီပေါဘုရင်၊ သီပေါစော်ဘွားနှင့် ပုခန်းကြီးစုဖုရား၊ ၈၆ ဆက်မြောက် သီပေါစော်ဘွားကြီး ဆာစောချယ်၊ ပညာရှိကို မြှောက်စားနေရာပေးသော စော်ဘွားကြီး၊ မိုင်းလုံမြို့ ခတ်ပေါင်းစုံဘုရားကြီး ကမ္ဘည်းကျောက်စာ၊ မိုင်းလုံမြို့ရှိ ထူးခြားသောရှမ်းအိုးစည်ကြီး၊ ဦးသာမြတ်လက်ထက်တွင် ကုသိုလ်ဒါန မတည်ပါဝင်နိုးဆော်ကြသော လူကြီးများစာရင်း စသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈ နှင့် ၀၉ ၇၇၇၁၃၉၄၇၇ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။



သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီး၏ နောက်ဆုံးတစ်လ ဩဝါဒ

စာရေးသူ ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း) စီစဉ်ရေးသားသည့် သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီး၏ နေက်ဆုံးတစ်လ ဩဝါဒစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီး၏ အဓိဋ္ဌာန်ကျင့်စဉ်များကို မှန်ကန်သည့်အဓိဋ္ဌာန်ဖြင့် ပွားများအားထုတ်ကြပြီး စားလမ်းမှသည် မဂ်လမ်းသို့တိုင် အောင်မြင်ပြီးမြောက် နိဗ္ဗာန်အထိ ခရီးရောက်စေရန် စာရှုသူများ ကျင့်ကြံပွားများအားထုတ်နိုင်စေရန် စာရေးသူကရည်ရွယ်၍ တစုတစည်းတည်းရေးသားထားသည်။

စာအုပ်ကို ဣစ္ဆိတံစာပေ၊ အမှတ် (2A-514)၊ မုဒိတာအိမ်ရာ(၂)၊ ဖန်ချက်စက်ရုံလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၂၀၁၄၃၈၁၁ နှင့် ၀၉ ၉၆၅၁၄၃၈၁ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။



လူကို အဆိပ်အတောက်မဖြစ်စေသော ကင်ဆာကုထုံးများ

စာရေးသူ ကပ္ပတိန် နေဦး စီစဉ်ရေးသားသည့် လူကို အဆိပ်အတောက်မဖြစ်စေသော ကင်ဆာကုထုံးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် Lemongrassနှင့် Frankincenes oilကို လျှာအောက်တွင် အစက်ချခြင်းအားဖြင့် ရင်သားကင်ဆာကို ပျောက်ကင်းစေသည်။ အသည်းကင်ဆာသည်လည်း Frankincenes oilကို လျှာအောက်တွင် အစက်ချပြီး ခေတ္တငုံထားခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။ သားအိမ်ခေါင်းကင်ဆာကို Frankincenes oilသုံးပြီး ကုသခြင်းဖြင့် ပျောက်ကင်းနိုင်သည်။ ကင်ဆာရောဂါဝေဒနာရှင်များအား Frankincenes oil ဖြင့်လုံးဝပျောက်ကင်းနိုင်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို လောကသရဖူစာအုပ်တိုက်၊ အမှတ်-၂၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။



ဖိနပ်သေးသေးလေးတစ်ရံနှင့် အမှတ်တရ ရသစာစုများ

လေယာဉ်မှူးကြီး သိန်းဇော်ရေးသားသည့် ဖိနပ်သေးသေးလေးတစ်ရံနှင့် အမှတ်တရ ရသစာစုများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ရသစာစုပုဒ်ရေ ၂၇ ပုဒ်ပါရှိပြီး “ဦးလေးတစ်ယောက်အကြောင်း”၊ “တစ်ကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်သည်” စသည့် ဘဝကို အရှုံးမပေးဘဲ မဆုတ်မနစ် ကြိုးစားအားထုတ်မှု စာစုများအပြင် ယောကျ်ားတံခွန်၊ လူရည်ချွန်က၊ မိုးစွန်တမွတ်၊ ကြယ်ကိုဆွတ်၍ မလွတ်စတမ်းရသွားသော ဖြစ်ရပ်မှန်ဇာတ်လမ်းပါရှိပါသည်။

ဤစာအုပ်ကို စာစည်းစိမ်စာပေ၊ အမှတ် (၂၁)၊ လျှော်ရွေးဝင်းလမ်း၊ (၁၄) ရပ်ကွက်၊ လှိုင်မြို့နယ်မှ တန်ဖိုးငွေကျပ် ၂၇၀၀ ဖြင့် ဖြန့်ချိသည်။

အကျဉ်းထောင်၊ ပြည်ပြေးဘဝများနှင့် မြန်မာနိုင်ငံသစ်

စာရေးသူကျော်စွာမိုး စီစဉ်ရေးသားသည့် အကျဉ်းထောင်၊ ပြည်ပြေးဘဝများနှင့် မြန်မာနိုင်ငံသစ်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အမေ့သောကအပြုံး၊ အကျဉ်းခန်းဟူသည်၊ ထောင်ထဲက တက္ကသိုလ်၊ နောက်တန်းစစ်မျက်နှာက သူရဲကောင်း၊ အကျဉ်းထောင်မှ သုသာန်သို့၊ လွတ်မြောက်ခြင်းဒုက္ခ၊ အကျဉ်းခန်းထဲက နောက်ဆုံးည၊ ကြေးစားနှင့် လူ့အခွင့်အရေးသမား၊ သီးခြားကမ္ဘာတစ်ခုဆီသို့၊ အနိုင်မရခဲ့သည့် အောင်ပွဲနေ့၊ တိုက်ပွဲဝင်အမျိုးသမီးများ၊ ရောဝတီ ပြည်တော်ပြန် ခရီးကြမ်း၊ ဒီမိုကရေစီတိုက်ပွဲနှင့် သူ၏ဇာတ်ကောင်များ စသည့်အကြောင်းအရာများကို အပိုင်းလေးပိုင်းခွဲ၍ ရေးသားထားသည်။

စာအုပ်ကို စိတ်ကူးချိုချိုပုံနှိပ်တိုက်မှ ပုံနှိပ်ပြီး တန်ဖိုးငွေကျပ် ၇၅၀၀ သတ်မှတ်ထားသည်။

ကဗျာငှက်ရဲ့ အိပ်မက်ကလေး

စာရေးသူ မောင်ဟန်တင့်(ပင်လည်ဘူး) စီစဉ်ရေးသားသည့် ကဗျာငှက်ရဲ့ အိပ်မက်ကလေးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကဗျာငှက်၊ အနုပညာရှင်များသို့၊ မှော်ရုံတောမှာပွင့်သောကဗျာ၊ ကဗျာဆရာ၏ ရသ၊ မှော်ဆရာ၊ အိပ်မက်ကလေး၊ ပန်းလက်ဆောင်၊ ဖိုးလမင်း၊ အငြိမ့်ကြည့်သောည၊ ပင်လည်ဘူးအထကရဲ့ အလှသရဖူ၊ စကားသံ တောင်ပံခတ်လေတော့၊ သားကောင်းတစ်ယောက်၏ နောက်ဆုံးစက္ကန့်များ၊ မှန်ကန်သောလှုပ်ရှားခြင်း၊ ဆည်းဆာရိပ်ကတံခါးခေါက်သံ စသည့် ကဗျာပုဒ်ရေ ၉၄ပုဒ်ကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၈၁၈၉၁၄၈ နှင့် ၀၉-၇၇၇၁၃၉၄၇၇ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။



STATICS with Python

စာရေးသူ အောင်မြင့် (M.E, Australia) မြန်မာပြန်ဆိုရေးသားသည့် STATICS with Python စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် Physical science တွေက Mechanics အောက်မှာ branch နှစ်ခုခွဲထွက်ပါတယ်။ Fluid Mechanics နဲ့ Solid Mechanics ပါ။ Fluid Mechanics ကနေ Fluid Statics နဲ့ Fluid Dynamics ဆိုပြီး ထပ်ခွဲထွက်ပါတယ်။ Statics က Solid Mechanics ကနေ Dynamics နဲ့အတူ ခွဲထွက်လာတာပါ။ Engineering နဲ့ဆိုင်တဲ့ law တွေ၊ principle တွေဟာ စောစောကဖော်ပြခဲ့တဲ့ အုပ်စုတွေကနေ ပေါ်ထွက်လာတာပါ။ အလွယ်ပြောရရင် Mechanics ရဲ့အဓိကရည်ရွယ်ချက်က ငြိမ်သက်နေတဲ့ body များ၊ လှုပ်ရှားနေတဲ့ body များပေါ်မှာသက်ရောက်နေတဲ့ force များနဲ့ effect တွေကို လေ့လာပါတယ်။ ခုစာအုပ်ကတော့ STATICS ကို PYTHON programming language နဲ့ ဖြေရှင်းထားခြင်းဖြစ်သည်။

စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၅၄၁၇၄၅ နှင့် ၀၁ ၅၅၂၀၃ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။



မုဒိမ်းမှု

စာရေးသူ ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် မုဒိမ်းမှုစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အလိုတူက မုဒိမ်းမှုဖြစ်သလား၊ စွပ်စွဲချက်သာရှိပြီး အခြားအထောက်အထားမရှိခြင်း၊ မယားက လင်ကို မုဒိမ်းမှုနဲ့ တရားစွဲနိုင်သလား၊ လူသေအလောင်းကို လိင်ဆက်ဆံခြင်းသည် မုဒိမ်းမှုဖြစ်လား၊ အမျိုးသမီးက အမျိုးသားကို အဓမ္မကျင့်လျှင် မည်သည့်ပုဒ်မဖြင့် အရေးယူမည်နည်း၊ မုဒိမ်းကျင့်ခံရသူက ပြုကျင့်သူကို သေသည်အထိ ကာကွယ်ခုခံခွင့် ရှိ မရှိ၊ ကလေးသူငယ်နှင့် မုဒိမ်းမှုစသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို မယ်နှင့်မောင် စာပေတိုက်၊ အမှတ်-၁၇၈(ခ)၊ ပထမထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

အမ်ဘတ်ပီရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ဆွီဒင်ကို ပြင်သစ်အနိုင်ရ

ယူအီးအက်ဖ်အေနေရှင်းလိဂ်ပြိုင်ပွဲရဲ့ အုပ်စုအဆင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဆွီဒင်အသင်းနဲ့ ပြင်သစ်အသင်းတို့ရဲ့ပွဲစဉ်မှာ ပြင်သစ်အသင်းက အမ်ဘတ်ပီရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဆိုပါပွဲစဉ်မှာ ဆွီဒင်အသင်းဟာ လင်ဒီလော့ဖ်၊ ဖော့စ်ဘာ့၊ လာဆင် စတဲ့ ကစားသမားကောင်းတွေနဲ့အတူ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး ပြင်သစ်အသင်းကလည်း အမ်ဘတ်ပီ၊ ဂရစ်ဇ်မန်း၊ ဂျရူး၊ ရာဘီယော့၊ ကန်တီ၊ ဗာရာနီ စတဲ့ ကစားသမားတွေနဲ့အတူ ၃-၄-၁-၂ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာ ဖြစ်ပါတယ်။

ဆွီဒင်အသင်းနဲ့ ပြင်သစ်အသင်းတို့ရဲ့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် ၄၁ မိနစ်မှာ သွင်းယူခဲ့တဲ့ အမ်ဘတ်ပီရဲ့ သွင်းဂိုးနဲ့ ပြင်သစ်အသင်းက အနိုင်ရရှိခဲ့ပြီး အခြားသော နေရှင်းလိဂ်အုပ်စုအဆင့်ပွဲစဉ်တွေမှာတော့ အင်္ဂလန်အသင်းက အိုက်စလန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ပေါ်တူဂီအသင်းက ခရိုအေးရှားအသင်းကို လေးဂိုး-တစ်ဂိုး၊ ဂျီဘရော်တာအသင်းက ဆန်မာရီနို အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂျော်ဂျီယာအသင်းက အက်စ်တိုးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လူဇင်ဘတ်အသင်းက အဇာဘိုင်ဂျန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မွန်တီနီဂရိုးအသင်းက ဆိုက်ပရက်စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘယ်လ်ဂျီယံအသင်းက ဒိန်းမတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဖာရိုး ကျွန်းစုအသင်းက အန်ဒိုရာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဝေးလ်အသင်းက ဘူလ်ဂေးရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - စုစည်းသည်

အဲဗာတန်အသင်းက နာပိုလီကွင်းလယ်လူ အယ်လန်းကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူ

အဲဗာတန်အသင်းဟာ အီတလီစီးရီးအေကလပ် နာပိုလီအသင်းရဲ့ ကွင်းလယ်ကစားသမား အယ်လန်းကို ပြောင်းရွှေ့ကြေးပေါင် ၂၁ သန်းဖြင့် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အယ်လန်းဟာ အခု အပြောင်းအရွှေ့ကာလအတွင်း အဲဗာတန်အသင်းရဲ့ ပထမဆုံးစာချုပ် ချုပ်ဆိုခေါ်ယူခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး နာပိုလီအသင်းနည်းပြဟောင်း အန်စလော့တီနဲ့ ပြန်လည်လက်တွဲဖို့ အယ်လန်းအနေနဲ့ အဲဗာတန်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ကွင်းလယ်ကစားသမား အယ်လန်းဟာ နာပိုလီအသင်းမှာ အန်စလော့တီလက်ထက်က ပွဲစဉ် ၆၁ ပွဲ ပါဝင်ကစားပေးခဲ့တာဖြစ်ပြီး အန်စလော့တီကိုယ်တိုင်က အဲဗာတန်အသင်းဆီ ခေါ်ယူဖို့စီစဉ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အယ်လန်းဟာ အူဒီနီးစ်အသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီး နာပိုလီအသင်းနဲ့အတူ ပွဲစဉ်ပေါင်း ၂၀၀ ကျော်အထိ ပါဝင်ကစားပေးခဲ့သူလည်းဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ အယ်လန်းကို ခေါ်ယူခဲ့ပြီးနောက် ဝက်ဖို့ဒ်အသင်းမှ အက်ဘဒူလာယီဒိုကူးနဲ့ ရီးယဲလ်မက်ဒရစ်အသင်းမှ ဂျိမ်းစ်ရိုဒရီဂွက်ဇ် တို့ကိုလည်း ခေါ်ယူဖို့ နီးစပ်နေပြီဖြစ်တယ်လို့လည်း သိရပါတယ်။ အန်စလော့တီရဲ့ အဲဗာတန်အသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၃ ရက်မှာ စပါးအသင်းအိမ်ကွင်းကို သွားရောက်ကစားရမှာလည်း ဖြစ်ပါတယ်။

ဝုလ်ဗက်အသင်းက ပေါ်တိုတိုက်စစ်မှူး ဖေဘီယိုဆေးလ်ဗားကို ပြောင်းရွှေ့ကြေး ပေါင် ၃၅ ဒသမ ၆ သန်းဖြင့် ခေါ်ယူ

ဝုလ်ဗက်အသင်းဟာ ပေါ်တိုအသင်းရဲ့ အသက် (၁၈) နှစ်အရွယ်ရှိ လူငယ်တိုက်စစ်မှူး ဖေဘီယိုဆေးလ်ဗားကို အသင်းရဲ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြစ်တဲ့ ပေါင် ၃၅ ဒသမ ၆ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

ဖေဘီယိုဆေးလ်ဗားဟာ ပေါ်တိုအသင်းမှာလည်း အသက်အငယ်ဆုံးကစားသမားဖြစ်သလို အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ဝုလ်ဗက်အသင်းက ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။ ဖေဘီယိုဆေးလ်ဗားဟာ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်းက ပေါ်တိုအသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး အဲဒီအချိန်က အသက် ၁၇ နှစ်နဲ့ ၂၂ ရက်သာရှိသေးတာဖြစ်ပါတယ်။

ဝုလ်ဗက်အသင်းဟာ ၂၀၁၉ ခုနှစ်အတွင်းက ဘင်ဖီကာအသင်းမှ ရာအူးလ်ဂျေမီနက်ဇ်ကို စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် သန်း ၃၀ နဲ့ခေါ်ယူထားခဲ့တာကြောင့် အခုဘီဖေယိုဆေးလ်ဗားဟာ ရာအူးလ်ဂျေမီနက်ဇ်ရဲ့ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဝုလ်ဗက်အသင်းဟာ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၄ ရက်မှာ ရှက်ဖီးယူနိုက်တက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

အမေရိကန်တင်းနစ်ပြိုင်ပွဲ၏ ၁၆ ဦးအဆင့် ဆရီနာဝီလျံ တက်လှမ်း

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံဟာ တစ်နိုင်ငံတည်းသား တင်းနစ်မယ် စတီဖန်ကို အနိုင်ရပြီး အမေရိကန်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲရဲ့ ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပါတယ်။

ဆရီနာဝီလျံဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အမျိုးသမီးတစ်ဦးချင်းချန်ပီယံအဖြစ် ခြောက်ကြိမ်မြောက် အောင်ပွဲခံနိုင်ခဲ့တဲ့ တင်းနစ်မယ်တစ်ဦးဖြစ်ပြီး စတီဖန်နဲ့ ပွဲစဉ်မှာ ၂-၆၊ ၆-၂၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဆရီနာဝီလျံဟာ အမျိုးသမီးတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားကို ၂၃ ကြိမ်အထိ ရယူထားနိုင်ခဲ့ပြီး ၂၄ ကြိမ်အထိ ရယူ ဆွတ်ခူးနိုင်ဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ ဆရီနာဝီလျံဟာ လာမယ့်ပွဲစဉ်မှာ ဂရိနိုင်ငံရဲ့ အဆင့် ၁၅ ရှိ တင်းနစ်မယ် မာရီယာဆာကာရီနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

World First Aid Day

" ရှေးဦးပြုစုအလေ့အကျင့်များ ကပ်ရောဂါအလိုက်ပြင်ဆင်သွား "

" Adapting First Aid practices to the Pandemic "

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာ ၁၂ ရက်။

COVID-19 ကာလတွင်စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေးအသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်းစိတ်ဖိစီးမှုများ ခံစားနေကြရတယ်ဆိုတဲ့ အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။ ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ အဆင့်သို့ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဒ္ဒာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြုံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံးနေထိုင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်အပါး (၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

၁။ ဆွမ်းပဒေသာပင်တစ်ပင်လျှင်	ကျပ်-၁၀၀၀၀/-	**ပိတ်ရက်**
၂။ ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင်	ကျပ်-၂၀၀၀၀/-	**မရှိ**
၃။ ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင်	ကျပ်-၅၀၀၀/-	**လှူဒါန်း**
၄။ စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင်	ကျပ်-၅၀၀၀/-	**နိုင်**
၅။ ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း	ကျပ်-၇၅၀၀၀/-	**ပါသည်**
၆။ ကျောင်းရှိသံဃာအကုန်နေ့ဆွမ်း	ကျပ်-၁၅၀၀၀၀/-	

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

မှတ်ချက်။ ။အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းနှုန်းထားကို (၆-၈-၂၀၂၀)မှ စတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

၁။ တိ-နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon.A/C No.061-301-06100094501 - ဦးသိန်းလှိုင်
- AGD Bank (MGTN), A/C 3240301000254013

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅၊

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၇၆၇၆၄၁၃၄၄

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက် ၃၇ လမ်းနှင့် ၃၈လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉-၇၉၅၇၉၅၇၉၀

တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ရတနာလမ်း၊ မြေကွက်အမှတ် (၇၅၃)၊ ဦးအောင်ချမ်း အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ (၄၀ x ၆၀)အနက်၊ (မြေကွက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)၊ မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ရင်သိန်း [၁၂/တမန(နိုင်)၀၁၅၅၁၁]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးလှိုင်မင်းဦး- ဒေါ်သဲအိဝင်းတို့မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားသူများ
ဦးလှိုင်မင်းဦး-ဒေါ်သဲအိဝင်း

ညွှန်ကြားချက်အရ
ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး (H.G.P,LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)
ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
Digital Radio (9 Band)များ ဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ Digital Radio(9 Band) (45000 Nos)ကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

Digital Radio(9 Band) 45000 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၃-၉-၂၀၂၀)ရက်နေ့မှ (၁၂-၉-၂၀၂၀)ရက်နေ့ထိ နေ့စဉ် နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၄-၉-၂၀၂၀ ရက်နေ့ နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၃၀) နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ဖုန်းအမှတ်-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
(၉/၂၀၁၉-၂၀၂၀)ကြိမ်မြောက်စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါ ရွှေ့ဆိုင်းကြောင်းကြေညာခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက် ဌာန ၏ ၉/၂၀၁၉-၂၀၂၀ကြိမ်မြောက် သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်း၊ သစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၁/၂၂/၂၃-၉-၂၀၂၀ ရက်များ၌ ကျင်းပမည်ဖြစ်ကြောင်း (၄-၉-၂၀၂၀)ရက် မြန်မာ့အလင်းသတင်းစာနှင့် (၅-၉-၂၀၂၀)ရက် ကြေးမုံသတင်းစာတွင် ကြေညာထားခြင်းအား ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းကြောင်းနှင့် အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့အား ပြန်လည်ကြေညာပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန

လန်ခရူဇာရောင်းမည်။ AXG ၂၀၀၈(၁၄ရုပ်ပြောင်း)
2N/ နံပါတ်အလှ။ ရန်ကုန်လိုင်စင်။ ဓါတ်ဆီ။
အနက်ရောင်။ ကီလို ၁၃၀၀၀၀။
သိန်း(၁၁၀၀) ညှိနှိုင်း :09-43021001

မာ် SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များအထူး
ဈေးကောင်းပေးဝယ်သည်။
09-5089354
09-5180139

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ သပြေကုန်းမြေကွက်အမှတ်(S-187)၊ ဧရိယာ(၀.၂၂၉)ဧကရှိ ဒေါ်ခင်ပြုံးရီအမည်ပေါက် ပါမစ်မြေကွက်အား မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်ခင်ပြုံးရီ(ကိုယ်စား)ဦးအင်ဒရူးဘွိုင်းလျှန်အုပ်(ဘ)ဦးအောင်သောင်း[၁၂/မရက(နိုင်)၁၂၄၂၃၆]မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ စည်ပင်သာယာတရားရုံးကျမ်းကျိန်လွှာအမှတ် (၁၅၃၇/၂၀၂၀) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများ တင်ပြပြီး မြေပေးမိန့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၂)ရပ်ကွက်၊ ဦးလင်းလမ်း၊အမှတ်(၉၂၉)ဟုခေါ်တွင်သောဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၉၂၉)၊ဧရိယာ(၀. ၀၅၅)ဧက၊၂၄၀၀ စ/ပေအကျယ်ရှိ ဦးမင်းလွင်အမည်ဖြင့် မှတ်သားတည်ရှိသောနှစ်(၆၀)ဂရန်မြေနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအားလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဆိုသောဒေါ်အေးမြင့်(၁၂/ဗဟန(နိုင်)၀၄၅၅၀၂)ထံမှဝယ်ယူရန်မြေကွက်၏ တန်ဖိုးအပေါ်ကျွန်ုပ်၏မိတ်ဆွေကငွေတစိတ်တဒေသပေးချေထားပြီးဖြစ်၍ ဤအရောင်းအဝယ်အားကန့်ကွက်လိုသူများရှိပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်၍ကြော်ငြာပါသည့်နေ့ရက်မှ စ၍(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။အကယ်၍သတ်မှတ်ရက်အတွင်းကန့်ကွက်သူတစ်စုံတစ်ရာမရှိပါကမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ -	
ဒေါ်သင်းသင်းခိုင်	ဒေါ်မြသီတာအေး(LL.B)	ဦးရဲဝဏ္ဏဖြိုး(LL.B., D.B.L, D.I.L)
(၁၂/အလန(နိုင်)	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
၀၃၇၃၁၄)	(စဉ်-၃၁၈၁၅/၂၀၀၉)	(စဉ်-၁၃၆၄၀/၂၀၁၇)

အမှတ်(၁၇၈)(ပထပ်)၊အနော်ရထာလမ်းမကြီး၊ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။၀၉ ၄၃၀ ၂၈၉ ၂၀

တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၁၁-၈-၂၀၂၀ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၉-၂၀၂၀** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဖျံ-၅-ကောင် အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

GENEVA GOLD STAR FOR QUALITY

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

INTERNATIONAL STAR FOR QUALITY

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ

တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

LONDON QUALITY CROWN QC 100

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)

Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ်(၁၄/ခ)ဟုခေါ်တွင်သော ဒါဘာ(ခြေရင်းခန်း)၊ အကျယ်အဝန်း ပေ(၁၈x၅၀)ရှိ နေအိမ်အခန်းအပါအဝင် လျှပ်စစ်မီတာ အကျိုးခံစားခွင့်ကို ရောင်းချသူ ဒေါ်ဖြူဖြူခိုင်[၆/မမန(နိုင်)၁၁၆၃၉၁]သည် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိနေ၍ ကိုယ်စား(၂၇-၈-၂၀၂၀)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်စာရသူ ခင်ပွန်း ဦးတင်လတ် [၁၂/မဂဒ(နိုင်)၁၅၁၆၈၄]က ဦးဇော်ဝင်းထံမှဝယ်ယူသော (၆-၁၁-၂၀၁၉)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်၊ ဦးဇော်ဝင်းက ဦးလှဖေထံမှဝယ်ယူသော (၁၈-၂-၂၀၁၆)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကတိစာချုပ်တို့ကို ပိုင်ဆိုင်မှုအထောက်အထားအဖြစ်ပြသပြီး တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လက်ရောက်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ညီဝင်း[၁၀/မဒန(နိုင်)၁၆၈၂၆၂]၊ ဒေါ်ထက်ရင်[၁၀/မဒန(နိုင်)၁၇၆၀၆၀]တို့က စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ဇော်မြတ်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၀၉)
အမှတ်(၁၇၈)၊ ဒုထပ်၊ အခန်း-၅၊ AYA BANK အပေါ်ထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၁၂၇၅၊ ၀၉-၄၃၀၈၂၁၉၂။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန(ရုံးချုပ်) လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန(ရုံးချုပ်) လက်အောက်ရှိ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ အဆောက်အဦဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများ၏ လိုအပ်သော စက်သုံးဆီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ **(နေပြည်တော်တွင် စက်သုံးဆီအရောင်းဆိုင်ရှိသော ကုမ္ပဏီများမှ)** အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

စတင်ရောင်းချမည့်ရက်	- ၉-၉-၂၀၂၀ ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၉-၁၀-၂၀၂၀ ရက် (တနင်္လာနေ့)၊ ညနေ (၁၆:၀၀)နာရီ
တင်ဒါဖွင့်မည့်ရက်	- ၁၃-၁၀-၂၀၂၀ရက်(တင်ဒါဖွင့်လှစ်မည့်အချိန်အား အကြောင်းကြားပါမည်)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ(နေပြည်တော်)၊ ရုံးအမှတ်(၁၁)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
လမ်းဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ
ဖုန်း-၀၆၇-၃၄၀၇၅၈၈

မြင့်စေတနာဆေးတိုက်

ခရုသင်း(သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

ဆရာဦးခင်မောင်မြင့်၊အမှတ်-၃၊ပိတောက်ရိပ်ငြိမ်၊ရန်ကုန်အင်းစိန်လမ်းမကြီး၊ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၆၆၄၇၈၊ ၀၉-၇၉၈၈၆၉၁၀၉
(ဌာနခွဲ)အမှတ်(၂)၊၆၂လမ်း၊၂၈× ၂၉လမ်းကြား၊အောင်တော်မူရပ်၊မန္တလေးမြို့။ဖုန်း-၀၂-၄၀၂၂၅၁၅၊၀၉-၂၅၆၅၆၈၁၈၂

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ မြတ်လေးလမ်း၊ အိမ်အမှတ်(၂၂-A)နေ ဦးတင်ကိုကိုလေး(ဘ) ဦးလေးညွှန့်မောင် [၁၂/သလန(နိုင်)၀၇၃၂၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးတင်ကိုကိုလေးသည် ဒေါ်ထားထားလွင်နှင့် (၁၉၉၆)ခုနှစ်ကပင် အစ္စလာမ်တရားတော်နှင့်အညီ နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ပြီး မောင်မင်းစည်သူ၊ မောင်ကျော်ဇေယျာလင်း၊ မမွေးဂုဏ်ရည်ကျော် ဟူသော သား/သမီး (၃)ဦး ထွန်းကားခဲ့ပါသည်။

ဦးတင်ကိုကိုလေးသည်(၁၉၉၆)ခုနှစ်ကပင် နိုင်ငံခြားသင်္ဘောသားအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ပြီး ရရှိသောလခများကို ဇနီးဒေါ်ထားထားလွင်ထံ ပေးပို့ကာ အထက်ဖော်ပြပါမြေကွက်နှင့် အိမ်ကို ဇနီးဒေါ်ထားထားလွင် အမည်ဖြင့် ဝယ်ယူတည်ဆောက်ခဲ့ပါသည်။ ထိုအိမ်တွင် ယခုအခါ"လင်းမိသားစု သံနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်" တည်ထောင်ထားပါသည်။

ယခုအခါ ကိုဗစ်-၁၉ကြောင့် သင်္ဘောသားများ နားနေရသောကြောင့် ဦးတင်ကိုကိုလေးသည် ကုန်ပစ္စည်းတင်ကားမောင်းနေရ၍ တစ်နေကုန် အပြင်ထွက်နေရပါသည်။

ထို့ကြောင့် ဦးတင်ကိုကိုလေး သိရှိသဘောမတူဘဲ ဒေါ်ထားထားလွင်ကသော်လည်းကောင်း၊ အခြားတစ်စုံတစ်ယောက်ကသော်လည်းကောင်း အထက်ဖော်ပြပါ မြေကွက်၊ အိမ်နှင့်ဆိုင်တို့ကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်းမပြုရန် တားမြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးတင်ကိုကိုလေး
[၁၂/သလန(နိုင်)၀၇၃၂၀၄]
ဖုန်း-၀၉-၂၅၇၆၀၀၇၈၆

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရန်နိုင်(မြောင်းမြ)
LL.B(RASU);C.WIPO(Geneva)
C.Eng:Dip.Eng(U.K):C.Arabic IV(Cairo)
တရားလွှတ်တော်ရှေ့နေ(၂၈၁၉/၈-၁၁-၁၉၈၄)
၅၂-မြေညီ၊ ၁၅၇-လမ်း၊ တာမွေမြို့နယ်။
ဖုန်း-09-250821486

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၆၉၇-က၊ တပင်ရွှေထီးရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်မြို့ မြေစာရင်းတွင် ဒေါ်နန်းခင်ကြည်အမည်ဖြင့် မှတ်သားထားတည်ရှိပါသည်။ ယခုရောင်းသူအမည်ပေါက် ဒေါ်နန်းခင်ကြည်[၁၃/နခန(နိုင်)၀၃၈၀၅၆]က တရားဝင်ဝယ်ယူလက်ရှိ ပိုင်ဆိုင်ကြောင်းဝန်ခံလျက် နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းတို့ကို အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုသန္တာဝင်း(LL.B,LL.M)
(စဉ်-၁၃၅၉၈)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊ ဒုထပ်၊ အခန်း(၅)၊ AYA Bank အပေါ်ထပ်၊
ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း-၀၉-၄၃၀၃၁၁၅၀၊ ၀၉-၉၆၄၃၀၃၁၁၅။

နိုင် ငံ တစ် ဝန်း စိမ်း လန်း ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့

ရေအားလျော့နည်းပြတ်တောက်မည့် အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်နှင့် မြို့တွင်းမြို့နယ်များအား ကုက္ကိုင်းရေလှောင်ကန်မှ အဓိကရေပေးဝေလျက်ရှိရာ ရေဖိအားညီမျှစွာရရှိစေရန်နှင့် အချိန်ပိုင်း ရေပေးဝေရေးစနစ်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကုက္ကိုင်းကန်အဆင်း 42" Ø MS ပိုက်လိုင်းတွင် 42" Ø Butterfly Valve တပ်ဆင်ခြင်းလုပ်ငန်းအား ၉-၉-၂၀၂၀ ရက်၊ (၉:၀၀) နာရီမှ (၂၁:၀၀) နာရီအထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း ဗဟန်း၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် တာမွေမြို့နယ်များတွင် ရေအားလျော့နည်းပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေသုံးစွဲသူပြည်သူများအနေဖြင့် ရေကြိုတင်စုဆောင်းထားနိုင်ပါရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ အမှတ် - (၁၈) (အေ)၊ အင်းစိန်လမ်း၊ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက်သည်အောက်တွင်ဖော်ပြထားသော တံဆိပ်အမှတ်အသားများ၏ တစ်ဦးတည်းမူလပိုင်ရှင်ဖြစ်ပါသည်။

တောင်သူမ
သစ်သီးခြောက် နှင့် ယိုစုံ

Reg.No. IV/8170/2020

အထက်ဖော်ပြပါတံဆိပ်အမှတ်အသားများဖြင့် 'အသီးအရွက်အခြောက်များ၊ အသီးလွှာခြောက်အမျိုးမျိုးအသီးဖြင့်ပြုလုပ်သောဂျယ်လီအမျိုးမျိုး၊ အခွံခွာသောအသီးအမျိုးမျိုး၊ အသီးအမျိုးမျိုးအားသန့်စင်ခြင်း၊ ကြာရှည်ခံအောင်ပြုပြင်ထားခြင်း၊ သစ်သီးအားအခြေခံသောသရေစာမုန့်အမျိုးမျိုး၊ အေးခဲသစ်သီးအမျိုးမျိုး၊ သစ်သီးစည်သွပ်ဘူး အမျိုးမျိုး၊ သစ်သီးယိုအမျိုးမျိုး၊ သစ်သီးဂျယ်လီအမျိုးမျိုး၊ သစ်သီးအနှစ်အမျိုးမျိုး၊ ဟင်းချက်အသီးအရွက်ဖျော်ရည်၊ အသီးအရွက်အမျိုးမျိုးအားပြုပြင်ထားသောဗူးအမျိုးမျိုး၊ အသီးအရွက်ခြောက်အမျိုးမျိုး၊ ခရမ်းချဉ်သီးအရည်၊ ခရမ်းချဉ်သီးစည်သွပ်ဘူးအမျိုးမျိုး၊ အသင့်သုံးခရမ်းချဉ်သီးစည်သွပ်ဘူးအမျိုးမျိုး၊ အားလူးခြောက်အမျိုးမျိုး၊ အားလူးအားပြုပြင်ထုတ်လုပ်သည့်အကြော်အမျိုးမျိုးနှင့် စည်သွပ်ဘူးအမျိုးမျိုး၊ ထောပတ်စည်သွပ်ဘူးအမျိုးမျိုး၊ ဂျင်းယို၊ ပြုပြင်ထား သောကြက်သွန်ဖြူမျိုးစုံ၊ ပြုပြင်ထုတ်လုပ်သောမှိုအမျိုးမျိုး၊ အစေ့အဆန် မျိုးစုံဖြင့်ပြုလုပ်ထားသောယိုမျိုးစုံ၊ ပြုပြင်ထုတ်လုပ်ထားသောအစေ့အဆန်အခြောက်အမျိုးမျိုး၊ မြေပဲယိုအမျိုးမျိုး၊ ပြုပြင်ထုတ်လုပ်ထားသောမြေပဲအမျိုးမျိုး၊ ပြုပြင်ထားသောပဲအမျိုးမျိုးနှင့်စည်သွပ်ဘူးအမျိုးမျိုး၊ ပြုပြင်ထားသောအစေ့အဆံအမျိုးမျိုးနှင့်နှင့်စည်သွပ်ဗူးအမျိုးမျိုး' စသည်ပစ္စည်းများအားထုတ်ကုန်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးအသုံးပြုသည့်စက္ကူထုပ်၊ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ်အစရှိသည်တို့အပေါ် အရောင်အမျိုးမျိုးတို့ဖြင့်တွဲဖက်လျက်အရွယ်အစားအမျိုးမျိုးတို့ကိုပြုလုပ်ထည့်သွင်းဖိနှိပ်၊ ကပ်နှိပ်ရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်တို့၏ တစ်စိတ်တစ်ဒေသ ကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ မည်သည့်တုပမှုမျိုးကိုမဆိုထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ မှာယူတင်သွင်းခြင်း၊ မည်သည့်ချိုးဖောက်မှုမျိုးကိုမဆိုမပြုလုပ်ကြရန်နှင့်အကယ်၍ချိုးဖောက်မှုတစ်စုံတစ်ရာတွေ့ရှိပါကတရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်သတိပေးကြေညာအပ်ပါသည်။

မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ခိုင်ဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၈၅၀)
LL.B, D.B.L, LL.M (Marine Affairs)(UK)
#205/5, Thirimingalar Housing, Strand Road, Ahlone T/S, Yangon, Myanmar.
နေ့စွဲ၊ ၂၀၂၀ ခုနှစ် စက်တင်ဘာလ (၇) ရက်၊

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဒဂုံမြို့နယ်၊တိုက်(၂၃)၊အခန်း -G3၊မဟာမြိုင်အိမ်ရာ(၄၁-တိုးချဲ့ရပ်ကွက်)နေ ဒေါ်မြင့်မြင့်အေး (၁၂/ဥကတ(နိုင်)၁၈၃၀၂၄) ၏ သား မောင်သီဟမျိုး သွင်သည် မိခင်ဖြစ်သူအားအကြိမ်ကြိမ် ကိုယ်စိတ်ဆင်းရဲ အောင် ပြုလုပ်ပါသဖြင့်ယနေ့မှစ၍သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်မြင့်မြင့်အေး (မိခင်)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ၂၅လမ်း(အလယ်)၊ အမှတ်(၁၁၆)နေ ဦးလှမြင့် (ခ)မိုဟာမက်ယူစွမ်[၁၂/ပဘတ(နိုင်)၀၂၉၀၁၄]-ဒေါ်ရှရီဖာဘီ(ခ)ဒေါ်မြင့်မြင့်ထွေး[၁၂/ပဘတ(နိုင်) ၀၃၈၄၂၀]တို့၏ စတုတ္ထသမီး မစန္ဒာအေး(ခ)ဖရ်ဟာနား[၁၂/ပဘတ(နိုင်)၀၃၈၁၇၇]သည် မိဘ၊ မိသားစုနှင့်ဆွေမျိုးသားချင်းများအား ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် စိတ်ဒုက္ခပေးမှုများအကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးလှမြင့်(ခ)မိုဟာမက်ယူစွမ်
ဒေါ်ရှရီဖာဘီ(ခ)ဒေါ်မြင့်မြင့်ထွေး

ရွှေသပင်

အမှတ်တံဆိပ်

"လန်းဆန်းပေါ့ပါး စိတ်လက်ကြည်လင် ကျိုးပေါင်းဘုရင်ရွှေသပင်"

အမှတ်(၂)၊ ကန်သာယာလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-664636, 01-662065

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၃) မြေကွက်အမှတ်- ၄၆၂ စေတနာ (၃) လမ်း၊ (၄၀' x ၆၀') အကျယ်အဝန်းရှိ နှစ် (၆၀) မြေငှားဂရန်အမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် ဒေါ်လှတင် (၁၂/မရက (နိုင်) ၀၇၂၂၅၇) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဦးသန့်ဇင် (၁၂/ပဘတ (နိုင်) ၀၀၂၁၀၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၂၀' x ၆၀') အကျယ်အဝန်းရှိ မြေရှင်းအကွက်ခွဲမြေကို အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါရှိပြီး (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကြည့်မြောက်သည်အထိ ကန့်ကွက်ခြင်း တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးထွန်းမင်းသိန်း *LL.B, D.B.L*
အထက်တန်းရှေ့နေ (စဉ်-၄၅၃၆၃)
အမှတ်-၈၃၊ အခန်း-၁၄ (ဇီ) ဂုဏ်ဝင် ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ၀၉-၆၇၅၅၅၉၀၂၄၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် နေထိုင်သော ဦးသိန်းဝင်း[၇/ကဝန(နိုင်)၀၂၆၈၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဝင်းသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မေယု(၃)လမ်း၊ အမှတ်(၄၆၃)၊ အလျားပေ(၂၀)xအနံပေ(၆၀)မြေကွက်အား ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ နေထိုင်နေပါသည်။ ယခုအခါ အထက်ဖော်ပြပါ နေအိမ်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်၍ ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက နောက်နောင်တွင် ထိုအိမ်မြေနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ ဦးသိန်းဝင်းအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းဝင်း[၇/ကဝန(နိုင်)၀၂၆၈၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေခိုင်မြင့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၄၀)
အမှတ်(၁၇၃၇)၊ မဏိစည်သူလမ်း၊ ၆၉ ရပ်ကွက်၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ ဖုန်း-၀၉-၂၅၀၄၉၉၇၅၉

ယုနိတီအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

Covid ကာလအတွင်း လျှော့ဈေးနှင့်ရောင်းမည့် အိမ်ရာများ

1.သဃန်းကျွန်းလှိုင်ဘွယ်(၃)လမ်း	60'x 40'	(RC 2)	~~7300Ls~~ 7000Ls
2.တောင်ဥက္ကလာ မြသီတာအိမ်ရာ	60' x 40'	(RC 3)	~~6000Ls~~ 5300Ls
3.ကမာရွတ် Grand Royal Sayarsan Condo	1500 sqft	(Con)	~~2500Ls~~ 2180Ls
4.မြောက်ဒဂုံ (၃၀)ရပ်ကွက်	60' x 40'	(PT 1)	~~1300Ls~~ 1100Ls
5.စမ်းချောင်း ပတ္တမြားလမ်း	1200sqft	(Con 4)	~~1800Ls~~ 1350Ls
6.ရန်ကင်း ဗိုလ်ကောင်းလမ်း	34' x 65'	(RC 2)	~~6900Ls~~ 6000Ls
7.တာမွေ ရတနာလမ်း	19' x 54'	(Con 4)	~~900Ls~~ 800Ls

09420027227,09970092988

အစုရှယ်ယာ မ တည်ရင်းနှီးငွေလျှော့ချခြင်း

AICORP MYANMAR COMPANY .,LIMITED ၏ အစုရှယ်ယာ မ တည်ရင်းနှီးငွေအား ကျပ်သိန်း (၅၀၀၀) မှ ကျပ်သိန်း (၁၀၀၀) သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

AICORP MYANMAR COMPANY .,LIMITED

မြောက်ဒဂုံ ၂၈/၆၁၁ အောင်ရတနာလမ်းရှိ မြေနှင့်အိမ် ဝယ်ယူမည်၊ ကန့်ကွက်နိုင်သည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၄၉) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၆၁၁)၊ "ဦးစိုးနိုင်" ၏အနှစ်(၆၀)ဂရန် အမည်ပေါက်မြေအကျယ်(အလျား၄၀ပေ×အနံ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေနှင့်တိုက် အိမ်ကို အမည်ပေါက်ပိုင်ဆိုင်သူ "ဦးစိုးနိုင်" (၁၂/အကန(နိုင်)၀၀၃၄၃၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဦး (၅/ရဥန(နိုင်)၀၈၆၆၁၂)က ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး ဖြစ်သည်။ အဆိုပါ မြေကွက်တိုက်အိမ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်ထံ လာရောက်၍ ဇရန်(မူရင်း)ပြသ ကန့်ကွက်နိုင်သည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဓမ္မရာ – ဦးမြင့်အောင်(မောင်တောင်ဖေ)	**ဦးတင်မောင်မြင့်(ကြယ်နီလေး)**
LL.B.,DML (စဉ် - ၄၉၀၈/၈၉)- Law Firm	LL.B.,DIL (စဉ် - ၇၇၁၅/၁၀)

တရားလွှတ်တော်ရှေ့နေများ
၁၇၆၆၊ ရောက်ဘက်စင်လမ်း(၅၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ - 09 780555924

တစ်ဦးတည်း ဖြစ်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ အမက (၁)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးဝင်း(ခ)ဒေါ်ဌေးဝင်း [၁၂/သခန(နိုင်)၀၄၀၄၃၉]မှတ်ပုံတင် ကိုင်ဆောင်ထားသူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

သွေးသည်အသက်

သင့်သွေးဖြင့် အသက်ကယ်ပါ

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၁) ဒသမတန်း၊ အတွဲ(၁)(D)ခန်းနေ နော်ဖဲရီချား၏ ဖခင်အမည်မှန်မှာ စောခြားရိန်းထယ်[၁၄/ဘကလ(နိုင်)၁၅၁၉၃၂] ဖြစ်ပါကြောင်း။ **စောခြားရိန်းထယ်**

မွေးသက္ကရာဇ်အမှန်

ပဲခူးခရိုင်၊ ရွှေကျင်မြို့နယ်၊ ကြေး/ရှမ်းရပ်ကွက်နေ ဦးမောင်ဝင်း၏သမီး မဝင်းလဲ့မွန်[၇/ရကန(နိုင်)၀၇၁၁၇၇]၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၈-၂၀၀၁ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အေးလမ်း၊ အမှတ်(၉)ဒု-ခေါင်းရင်းခန်းပိုင်ဆိုင်သူ ဦးမြင့်သိန်း[၁၂/အလန(နိုင်)၀၁၈၈၃၉]ထံမှ အဆိုပါတိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ လက်ရောက်ဝယ်ယူရန် ထိုတိုက်ခန်း၏ ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို တိုက်ခန်းပိုင်ရှင် ဦးမြင့်သိန်းထံသို့ လက်ရောက်ပေးအပ်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ကြော်ငြာပါပြီး (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ မူရင်းစာချုပ်များနှင့်တကွ လာရောက်ပြသ ကန့်ကွက်ကြပါရန် ကန့်ကွက်ရက်ကျော်ပါက ကျန်ရောင်းဖိုးငွေများ ပေးအပ်လျက် အပြီးအပိုင် စာချုပ်ချုပ်ဆိုသွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၇၈၂၁၆၁၅၉၃၊ ၀၉-၂၅၄၂၁၄၄၂၉

"ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ"

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၄၃၈)ဟုခေါ်တွင်သော အကျယ်အဝန်း(၀.၀၅၅)ဧက၊ ၂၄၀၀၈/ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်[ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၄၃၈)]ကို အမည်ပေါက်ပိုင်ဆိုင်သည်ဟု အဆိုပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်ဆန်လှ(ခ)ဒေါ်ခင်မဆိုင်[၁၂/ဒဂန(နိုင်)၀၀၃၅၆၀]ထံမှ ဝယ်ယူရန် သဘောတူညီခဲ့ပါသဖြင့် ယင်းမြေကွက်၏ တန်ဖိုးငွေများအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများကို ယူဆောင်၍ ယခု ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်း ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်အိအိအောင် (LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၆၄)
တိုက်(၃)၊ အခန်း(၂၉)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၅၆၅၉၂၈၁၊ ၀၉-၇၃၁၃၆၀၁၉၊ ၀၉-၄၄၁၁၃၆၀၁၉

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိတ်တားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘတ်စ်ဂိတ်၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာအနီး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484

MAEX
MYANMAR AGRO EXCHANGE PUBLIC CO., LTD.
မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်

စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (4th Annual General Meeting)အား Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို COVID-19 ဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုအား တားဆီးနိုင်ရန်အတွက် လူမှုရေးအကွာအဝေး လမ်းညွှန်ချက်များနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လမ်းညွှန်ချက်များနှင့်အညီ Onlineအသုံးပြုပြီး ၆-၁၀-၂၀၂၀ ရက် (အင်္ဂါနေ့)၊ နံနက်(၁၀:၀၀)နာရီတိတိတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	- ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ(၆)ရက် (အင်္ဂါနေ့)
ကျင်းပမည့်အချိန်	- နံနက်(၁၀:၀၀)နာရီတိတိ
ကျင်းပမည့်ပုံစံ	- Livestream at MAEX Facebook Page

၂။ အစုရှယ်ယာရှင်များအနေဖြင့် MAEX Website ဖြစ်သော www.maex.com.mm သို့ ဝင်ရောက်၍ MAEX မှ အသိပေးထားသည့် အချက်အလက်များအား ဝင်ရောက်ကြည့်ရှုဖြည့်သွင်းနိုင်ပါသည်။

(က) ဒါရိုက်တာအရည်အချင်း ပြည့်မီသူများအနေဖြင့် ဒါရိုက်တာအဖြစ် အဆိုပြုလိုပါက အဆိုပြုလွှာနှင့် ကိုယ်ရေးမှတ်တမ်းတို့ကို Download ပြုလုပ်ဖြည့်စွက်၍ ho@maex.com.mm သို့လည်းကောင်း၊ MAEX ရုံးသို့ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ၂၅-၉-၂၀၂၀ ရက်၊ (သောကြာနေ့)၊ ညနေ (၄:၃၀)နာရီထက် နောက်မကျဘဲ နောက်ဆုံးထား ပေးပို့ပေးရန်။

(ခ) အဆိုပြုသည့် ဒါရိုက်တာအဖွဲ့ဝင်သစ်များအား ပြန်လည်ရွေးချယ်ခန့်အပ်ရန် လိုအပ်ခဲ့ပါက အစုရှယ်ယာရှင်များ၏ ဆန္ဒဖြင့် ဆုံးဖြတ်နိုင်ရန်အတွက် Online Registration Formဖြင့် မှတ်ပုံတင်ခြင်းအား ၂၅-၉-၂၀၂၀ရက်(သောကြာနေ့) ညနေ(၄:၃၀)နာရီထက် နောက်မကျဘဲ နောက်ဆုံးထား ပြုလုပ်ပေးရန်။

၃။ ဒါရိုက်တာအဖွဲ့၏ ၂၀၁၉ ဘဏ္ဍာနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာအား အစုရှယ်ယာရှင်များ သိရှိနိုင်ရန်အတွက် ၉-၉-၂၀၂၀ ရက်တွင် www.facebook.com/maexplc နှင့် www.maex.com.mm တို့တွင် တင်ထားပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၄။ အစုရှယ်ယာရှင်များအနေဖြင့် အကြံပြုချက်/မေးမြန်းလိုသည့်အချက်များရှိပါက ၂၉-၉-၂၀၂၀ ရက် (အင်္ဂါနေ့)၊ ညနေ ၄:၃၀ နာရီ နောက်ဆုံးထားပြီး ဒါရိုက်တာအဖွဲ့ထံသို့ လိပ်မူ၍ ho@maex.com.mm သို့ ပေးပို့နိုင်ပါသည်။

၅။ အကြောင်းအမျိုးမျိုးကြောင့် Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MAEX Share Department ၏ Viber Phone Number;09-794539565သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက်ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် မိုဘိုင်းဖုန်းနံပါတ်တစ်ခုဖြင့်သာ အစုရှယ်ယာရှင်ကိုယ်တိုင် စာရင်းပေးသွင်းနိုင်ပါသည်။

၆။ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အောက်ဖော်ပြပါ အခမ်းအနားအစီအစဉ်အတိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(က) ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက် ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား အတည်ပြုခြင်း။

(ခ) အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုခွဲဝေခြင်းအား ကြေညာခြင်း။

(ဂ) ဒါရိုက်တာအဖွဲ့၏ ၃ ပုံ ၁ ပုံရှိသော ဒါရိုက်တာများ နုတ်ထွက်ခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သစ်များ ခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း။

(ဃ) ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ပြင်ပစာရင်းစစ် Win Thin & Associate Audit Firm ကို ခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း။

၇။ အွန်လိုင်းမှ အစည်းအဝေးတက်ရောက်မည့် အစုရှယ်ယာရှင်များဆန္ဒပြုနိုင်ရေး၊ မှတ်ပုံတင်ရန်နှင့် မေးခွန်းများ မေးမြန်းနိုင်ရေးစနစ်များကိုလည်း ကုမ္ပဏီ၏ Website, Facebook Page နှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့် ဆက်လက်အသိပေးသွားပါမည်။

၈။ ရှယ်ယာရှင်များထံသို့ SMS ပေးပို့နိုင်ရန်အတွက် MAEX ရှယ်ယာဌာနနှင့် အဆက်အသွယ် မရသေးသော ရှယ်ယာရှင်များမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ပုံတင်ထားသော တယ်လီဖုန်းနံပါတ်တို့အား MAEX ရှယ်ယာဌာန၏ Viber Phone Number; 09-794539565 သို့ အချိန်မီ ပေးပို့ပါရန် လိုအပ်ပါမည်။

ဒါရိုက်တာအဖွဲ့
မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(MAEX)

ဦးမြင့်ကြည် (ကျိုက္ခမီ)
အသက် (၈၄) နှစ်

ကျိုက္ခမီမြို့နေ ဦးချစ်ခိုင်-ဒေါ်မမိတို့၏သား၊ ကျိုက္ခမီမြို့နေ ဦးဘဇံ-ဒေါ်စောငွေ့တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၉၁)၊ ဝဲ၊ ဒုထပ်နေ (ဒေါ်တင်ရီ)၏ ချစ်လှစွာသောခင်ပွန်း၊ တာမွေမြို့နယ်နေ ဦးအောင်မြင့်စိန်-ဒေါ်မြင့်မြင့်ခိုင်၊ ဒဂုံမြို့နယ်နေ ဦးအေးငွေ-ဒေါ်အေးအေးခိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဇော်ထွန်း-ဒေါ်စိုးမိုးခိုင်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၅-၉-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၂၀ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

တပ်ကြပ်ကြီးသိန်းနိုင် (တပ်မတော်-ရေ)
အသက် (၅၁) နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၂) ရပ်ကွက်၊ ပေါ်ဆန်းမွှေး(၂) လမ်းနေ (ဦးလှငွေ-ဒေါ်လှကြွယ်)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဒေါ်သန်းမြင့်)၊ ဦးမြသိန်း-ဒေါ်နှင်းရွှေ၊ ဦးကျော်ဝင်း၊ ဒေါ်ခင်ကြိုင်တို့၏တူ၊ Dr.ပြုံးယဉ် (ပါမောက္ခ၊ သမိုင်းဌာန၊ လှိုင်ကော်တက္ကသိုလ်)၏မောင်၊ တပ်ကြပ် ကျော်ထွန်းမိုး(တပ်မတော်-လေ)-ဒေါ်အေးအေးမူ၊ ဦးခင်ဇော်-ဒေါ်ခင်မြနှင်း၊ ဦးရဲလင်းအောင်-ဒေါ်စောသန္တာမြင့်တို့၏အစ်ကို၊ ရဲလင်းထွန်း၊ ရွှေယမင်းဦး၊ သူရရှိန်းတို့၏ဦးလေး၊ ဒေါ်မြဝင်း၏ချစ်လှစွာသောခင်ပွန်း တပ်ကြပ်ကြီး သိန်းနိုင်သည် ၂-၉-၂၀၂၀ ရက်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လမ်းမတော်ရွာသုသာန်၌ စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်ပြီးကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မောင်သက်ပိုင်စိုး
အသက် (၂၅) နှစ်

ရန်ကုန်မြို့နေ (ဦးစောလှအောင်-ဒေါ်ဖွားစိန်)၊ ဦးခင်မောင်သန်း-(ဒေါ်ညွန့်ကြည်)တို့၏မြေး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၅၁)၊ ပထမထပ်နေ (ဦးလှမင်း)-ဒေါ်သိင်္ဂီသန်းတို့၏တစ်ဦးတည်းသောသား၊ (ဦးကျော်သိန်း)၊ (ဒေါ်အေးသန်းကြည်)၊ ဦးမြင့်သိန်း-ဒေါ်သီတာဦး၊ ဦးဝင်းမြင့်သန်း-ဒေါ်သူဇာအောင်သန်းတို့၏တူ၊ ကိုလွင်ဟန်၏ညီ၊ မယမင်းဖြိုး၊ မမေမျိုးသူတို့၏အစ်ကို မောင်သက်ပိုင်စိုးသည် ၅-၉-၂၀၂၀ (စနေနေ့) ညနေ ၆:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈:၂၅ နာရီတွင် တောင်ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အနိစ္စ

ဦးဖုန်းရွှေ
အ.ထ.က (၁)၊ စမ်းချောင်း (ငြိမ်း)

အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ တိုက်(၂)၊ အခန်း(၅)၊ လေးလွှာနေ အငြိမ်းစားအိမ်တော်ဝန်(ဝဏ္ဏကျော်ထင် ဦးမောင်ကလေး-ဒေါ်သိန်းသိန်း)တို့၏ သား၊ (ဦးဘဦး-ဒေါ်စီစီ)တို့၏ သမီး၊ ဒေါ်မြမြ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မောင်ကြီး-ဒေါ်ခင်လှလှ)၊ (ဒေါ်ခင်စိန်စိန်)၊ (ဦးမြရွှေ-ဒေါ်ခင်ခင်အုန်း)၊ (ဒေါ်မာလာဦး)၊ (ဒေါက်တာဦးတင်မောင်မောင်)-ဒေါ်အေးအေးသောင်းတို့၏ညီ/မောင်/အစ်ကို၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးသော်ဇင်၊ ဦးဝေလင်းတို့၏ချစ်လှစွာသောဖခင်သည် ၄-၉-၂၀၂၀ (သောကြာနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၅-၉-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်ဝင်း(ခ)ဖွမ်ခီကျင်
အသက် (၈၀)

မော်လမြိုင်မြို့၊ အမှတ်(၁၁)၊ သာယာကုန်းလမ်းနေ (ဦးစန်-ဒေါ်ဟန်)တို့၏ တစ်ဦးတည်းသော သမီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ် (၁၄၉)နေ (ဦးမောင်ငွေ-ဒေါ်လှ)တို့၏ သမီးချွေးမ၊ (ဦးမောင်ကောင်း)၏ ချစ်လှစွာသောဇနီး၊ (မောင်ကောက်ဝါ)၊ မမီလန်း၊ (မောင်ကောက်ဟုန်)၊ (မောင်ကောက်ခင်)တို့၏ချစ်လှစွာသောမွေးသမိခင် ဒေါ်ကျင်ဝင်း (ခ) ဖွမ်ခီကျင်သည် ၃-၉-၂၀၂၀ (ကြာသပတေးနေ့) ည ၈:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၂၀ (သောကြာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

စဝ်မြအေး
သမိုင်းပါမောက္ခ (ငြိမ်း)၊ တောင်ကြီးတက္ကသိုလ်

အသက် (၈၅) နှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပွေးလှစော်ဘွား (ဦးစဝ်စံမြ-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးစဝ်ထွန်းစိန်-ဒေါ်မိမိလေး)၊ (ဦးစဝ်ထွန်းအုံ)၊ (ဦးစဝ်ထွန်းခေါင်-ဒေါ်တင်အေး၊ ဒေါ်မြရီ)၊ (ဦးခွန်စိုးမင်း-ဒေါ်စဝ်ခင်လှကြည်)၊ (ဦးစဝ်ညွန့်အောင်)-ဒေါ်ခင်ကြည်၊ (ဦးဘို-ဒေါ်စဝ်မြရီ)တို့၏ညီမ၊ (ဒေါ်စဝ်မြငွေး)၏အစ်မ စဝ်မြအေး (သမိုင်းပါမောက္ခ-ငြိမ်း၊ တောင်ကြီးတက္ကသိုလ်)သည် ၆-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါ၍ ၇-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ပွေးလှ၊ စော်ဘွားသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပွေးလှ၊ ပင်းတယမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ဘုရား၊ ကျောင်း၊ အလှူဒါယိကာမကြီး

ဒေါ်ဦးသန်းမေ (ခ) ဒေါ်သန်းမေ (စစ်တွေ)
အသက် (၇၄) နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရွှေပြားမြောက်ရပ်ကွက်နေ (ဦးကျော်သာ-ဒေါ်စိန်မြ)တို့၏ သမီးကြီး၊ (ဦးကျော်လှအောင်-ဒေါ်ဦးကြာ)တို့၏ သမီးချွေးမ၊ ဦးစံဘော်-ဒေါ်စောညွန့်၊ ဦးလှထွန်း-ဒေါ်သန်းရီ၊ ဒေါ်သိန်းနု၊ ဦးအောင်ကျော်ညွန့်-ဒေါ်အေးသိန်းနု၊ ဦးကျော်ဝင်း၊ ဦးသိန်းထွန်း-ဒေါ်သွယ်သွယ်၊ ဦးကျော်မြင့်တို့၏ ချစ်လှစွာသောအစ်မကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၄)လမ်း၊ အမှတ်(၇၀)၊ ပထမထပ်နေ Captain. တင်လှ၏ ချစ်လှစွာသောဇနီး၊ ဦးတင်ဦး (Chief Officer, F.G)-ဒေါက်တာမာလာဝင်း၊ ဒေါ်ခင်စန်းသန္တာ (ကထိက၊ ရှေး/သုပညာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးတင်သန်းနိုင် (Third Officer)-ဒေါ်ခင်စုလှိုင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မစုမြတ်သန္တာ၊ မောင်လင်းတင်ဘုန်းပြည့်၊ မောင်ကျော်ဇင်ဘုန်းသန့်၊ မောင်သစ်ထူးဇော်၊ မောင်အာကာဘုန်းမြတ်တို့၏အဘွားသည် ၆-၉-၂၀၂၀ ရက် ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အုန်း (ကသာမြို့)
အသက် (၆၂) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နေ (ရှေ့နေကြီး ဦးအုန်းဘော-ဒေါ်ဇင်)တို့၏မြေး၊ ရပ်ကွက်(၄)နေ [ပညာအုပ်ဦးဘ-ဒေါ်သန်းမေ(စာတိုက်မှူး)]တို့၏သမီး၊ ရပ်ကွက်(၃)နေ (ဦးကံထူး-ဒေါ်အေးမှို)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်မြမြသန်း(ပညာရေးမှူး-ငြိမ်း)၊ (ဒုတိယဗိုလ်မှူးကြီးရွှေမိုး)-ဒုတိယဗိုလ်မှူးကြီးစန္ဒာတင်(ငြိမ်း)၊ (ဦးလှပို)-ဒေါ်ခင်လေး၊ (ဦးအာကာစိုး)၊ [ဦးကျော်သန်း-ဒေါ်ဆုရ(လယ်အုပ်)]၊ ဒေါက်တာခင်ဆုံ (ပါမောက္ခ-ငြိမ်း)တို့၏ညီမ၊ ဦးသန့်ဇင်-[ဒေါ်မေခလှိုင်(စည်ပင်)]၊ ဒုရဲမှူးအောင်လှိုင်စိုး-ဒေါ်မွန်းမွန်းလှိုင်(သစ်ထုတ်လုပ်ရေး-ပြင်ဦးလွင်)တို့၏မိခင်၊ တူ/တူမ လေးယောက်တို့၏အဒေါ်၊ မြေး သုံးယောက်တို့၏အဘွား၊ (ဦးထွန်းလှိုင်)၏ ချစ်လှစွာသောဇနီးသည် ၅-၉-၂၀၂၀ (စနေနေ့) နံနက် ၁၀:၂၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၉-၂၀၂၀ (သောကြာနေ့)တွင် R-9Dပန်းချယ်ရီလမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)၊ မင်္ဂလာဒုံမြို့နယ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအောင်ထွေးတင့်
အသက် (၅၀)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးစံတင်-ဒေါ်အေးရှင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်ဝင်း)-ဒေါ်စိုးစိုးဦးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ ဆင်မလိုက်၊ အောင်သုခလမ်း၊ တိုက်(92/94)၊ အခန်း(006)နေ ဒေါ်ဥမ္မာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မရွှေသကြာ်နံ၊ မောင်ဟန်ထူးဇော်တို့၏ ချစ်လှစွာသောဖခင်သည် ၅-၉-၂၀၂၀ (စနေနေ့) ညနေ ၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၌ ကွယ်လွန်သွားပါ သဖြင့် ၇-၉-၂၀၂၀ (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး နေဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဣန္ဒက
သိက္ခာတော် (၆၀)၊ သက်တော် (၈၁)နှစ်

၁။ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဘရုပ်ကလင်ရပ် လောကချမ်းသာဘုရားကျောင်း၊ ၂။ အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်၊ မနာလပန်မြို့၊ မဟာစည်သတိပဋ္ဌာန်ရိပ်သာကျောင်းတိုက်၊ ၃။ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ မဟာစည်သတိပဋ္ဌာန်ရိပ်သာကျောင်းတိုက်၊ ၄။ မြန်မာနိုင်ငံ ရှမ်းပြည်နယ် တာချီလိတ်မြို့ ငွေတောင်ဦး ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ၅။ မြန်မာနိုင်ငံ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးရေးအထူးဇုန်(၂)၊ ညောင်ကန်အေးလောကချမ်းသာပရဟိတကျောင်းတိုက်၊ ၆။ မြောင်းမြမြို့နယ် ဒရယ်ပေါက်အုပ်စု အညာစုကျေးရွာ ရွာဦးကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တဣန္ဒက မထေရ်မြတ် သာသနဓဇဓမ္မာစရိယ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ B.A (Religion) U.S.A သိက္ခာတော် (၆၀)၊ သက်တော် (၈၁) နှစ်ရှိ ဆရာတော်ကြီးသည် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်) ၅-၉-၂၀၂၀ (စနေနေ့) ဒေသစံတော်ချိန် ညနေ ၄:၄၁ နာရီတွင် နယူးယောက်မြို့ Presbyterian Brooklyn Methodist Hospital ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီဖြစ်ကြောင်း ပြည်တွင်းပြည်ပရှိ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့် သံဃာတော်များနှင့် ABBA တပည့်ဒါယကာ၊ ဒါယိကာမများ

NY, U.S.A

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တပါရဂူ (မဟာဂန္ထဝါစက ပဏ္ဍိတ)
သိက္ခာတော် (၅၅)ဝါ၊ သက်တော် (၇၅)နှစ်

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ဈေး(၂) ရပ်ကွက်၊ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ပဓာနနာယကနိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပါရဂူ ဆရာတော်အရှင်သူမြတ်ကြီးသည် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်) ၄-၉-၂၀၂၀ (သောကြာနေ့) ညနေ ၅:၄၅ နာရီတွင် တစ်ဘဝခန္ဓာဇာတ်ချုပ်ငြိမ်း၍ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်) ၉-၉-၂၀၂၀(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ပေါင်းတည်မြို့၊ မြောက်သုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင် ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ဦးဝေဖြိုးအောင်
အထက(၁)၊ ဒဂုံကျောင်းသားဟောင်း

အသက် (၄၁) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၂၄)နေ ဦးထွန်းအောင် (အဖွဲ့ဝင်-ခုံသမာဓိကောင်စီ)-ဒေါ်အုံးရီ(အထက-၁၊ ဒဂုံ-ငြိမ်း)တို့၏သားထွေး၊ ဦးသန်းစိုး-ဒေါ်စန်းစန်းမူတို့၏သားသမက်၊ ဦးနေမျိုးအောင်-ဒေါ်စောမြတ်နွယ်၊ ဦးသူရအောင်-Atsuko Suzuki၊ ဦးစည်သူအောင်-ဒေါ်ဝင့်ဝင့်မိုးတို့၏ ညီ၊ ဒေါ်ခင်လေးမူ၊ ဦးထင်လင်းအောင်-ဒေါ်အေးအေးတို့၏အစ်ကို/မောင်၊ ဒေါ်ခင်သက်ထားမူ(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး ဦးဝေဖြိုးအောင်သည် ၆-၉-၂၀၂၀ ရက် နံနက် ၁ နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
စံရွှေမြင့် (ဖိုးစံ/ကျော်ဇေယျ)

အသက် (၄၃) နှစ်

ဘဝဟူသည်ဖြစ်ပြီး ပျက်သောအိပ်မက်နှင့်အလားသဏ္ဌာန်တူသည့်သံ်ရဖြစ်ကြောင်း ဦးစွာတရားပြသွားသော၊ ဩဂုတ်လ ၇ ရက်၊ ၂၀၂၀ ခုနှစ်၊ (သောကြာနေ့၊ နံနက် ၁:၁၅ နာရီ)က ဘဝတစ်ပါးပြောင်းရွှေ့ ကွယ်လွန်သွားသည့် "စံရွှေမြင့်"အားရည်စူး၍ ကောင်းမှုကုသိုလ်များနေ့စဉ်မှန်းဆပြုလုပ်ပေးလျက်ရှိပါသည်။ မြင့်မြတ်ရာ ဘုံဘဝမှ သာခုခေါ်နိုင်ပါစေကြောင်း၊ ဆန္ဒနှင့်ဘဝထပ်တူကျပြီး လောကီလောကုတ္တရာ ကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းပါသည်။

(ဈာပနအခမ်းအနားကို ဆောင်ရွက်ပေးသော ဦးကျော်သူ(ဥက္ကဋ္ဌ-နာရေးကူညီမှုအသင်း) ဇနီး ဒေါ်ရွှေဇီးကွက်၊ နာရေးကူညီမှုအသင်း၊ ရန်ကုန်အဖွဲ့သားများ)၊ ဒေါ်သန်းမြင့်အောင်(ဒု-ဥက္ကဋ္ဌ၊ ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ ဗဟိုနာယက-ရန်ကုန်)၊ သရုပ်ဆောင် ထွန်းကိုကိုနှင့် စွမ်းထက်၊ ပန်းချီ ဦးကျော်သူရိန်(ရန်ကုန်ပန်းချီ/ပန်းပုကျောင်း)၊ ပန်းချီဒေါ်စန်းလတ်နှင့် ပန်းချီဝင်းသန္တာတို့အားလည်းကောင်း၊ ဈာပနသို့ ပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကာတွန်းဦးမြေဇာနှင့် ဇနီး ဒေါ်မြအေး၊ ဦးမောင်မောင်အေး(အလင်္ကာဝတ်ရည်ဂီတနှင့် စာပေ)၊ စာနယ်ဇင်းနှင့် မီဒီယာမှ မိတ်ဆွေများ၊ ဘောက်ထော်နှင့်သန်လျင်မှ သူငယ်ချင်းမိတ်ဆွေနှင့် ရပ်ဆွေရပ်မျိုးများ၊ အထက(၂) ဗဟန်းနှင့် အလက(၄)ရန်ကင်းမှ သူငယ်ချင်းများ၊ အနယ်နယ် အရပ်ရပ်မှ သတင်းမေးကြသောမိတ်ဆွေများအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု- မိဘများဖြစ်သော ကာတွန်းဦးမြင့်သိန်း-ဒေါ်တူးတူးမြင့်သိန်း၊
ယောက္ခမ-ဒေါ်တင်စိန်၊ ချစ်ဇနီး-ဝင်းလှဲ့လှဲ့ဖြိုး(ငယ်ငယ်)၊
ချစ်သားနှင့်ချစ်သမီး-စိုင်းသူရအောင်၊ သိမ့်သိမ့်ထက်အောင်၊
အစ်မ-ရည်မွန်(နော်ကူးမ)-ကိုမျိုး(မြန်မာစာ)၊
ညီမ-ဂျူးဂျူးမြင့်သိန်း-ချစ်ကိုလင်း၊ ချစ်တူမများ-မြတ်ပန်းဖွေး၊ သိမ်မွေ့သူ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် UWSA "ဝ"အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် UWSA "ဝ" အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

နေပြည်တော် စက်တင်ဘာ ၆

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် UWSA "ဝ"အဖွဲ့မှ တာဝန်ရှိသူများနှင့် ယမန်နေ့ မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တာချီလိတ်တပ်နယ်အောင်ပြည်ဟိုန်းရိပ်သာ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် UWSA "ဝ" အဖွဲ့မှ ဦးညီကပ်နှင့် အဖွဲ့ဝင်များက UWSA "ဝ" ဒေသအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်း အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းသည်မှာ နှစ်ကြိမ်ရှိပြီဖြစ်သဖြင့် ယခုကဲ့သို့ ပေးအပ်လှူဒါန်းမှုများအပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဒေသအတွင်း၌ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဝင်ထွက်သွားလာမှုများကို ကန့်သတ်စစ်ဆေးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

ဩဂုတ် ၁၀ ရက်မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများ နီးစပ်ရာကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့ရန် တိုက်တွန်းနှိုးဆော်

နေပြည်တော် စက်တင်ဘာ ၆

ဩဂုတ် ၁၀ ရက်မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများစာရင်းကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့၌ အချပ်ပို စာမျက်နှာများဖြင့် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်သည်။

ကာယကံရှင်များအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှုခံယူရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးနှိုးဆော်ပန်ကြားထားသဖြင့် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သတင်းစဉ်

နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်

နမ့်ခမ်း စက်တင်ဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေးလမ်းညွှန်ချက်များကို ပြည်သူများ စနစ်တကျလိုက်နာရန်အတွက် ယနေ့ နံနက်ပိုင်းတွင် အသံချဲ့စက်များဖြင့် အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါအသိပေးနှိုးဆော်ခြင်းကို လူစည်ကားသည့် နမ့်ခမ်းမြို့ ရပ်ကွက်(၁၄) မြို့မစည်ပင်သာယာဈေးနှင့် အမှတ်(၂) အောင်မေတ္တာဈေးတို့တွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်အတိုင်း ပြည်သူများအနေဖြင့် မဖြစ်မနေအိမ်ပြင်ပသို့ သွားလာပါက နှာခေါင်းစည်းဝတ်ဆင်ပြီး သွားလာကြရန်၊ လူစု လူဝေးရှောင်ကြဉ်ကြရန်၊ လက်များကို မကြာခဏ ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောသန့်စင်ကြရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေထိုင်ကြရန်၊ ကိုယ်အပူချိန်မြင့်တက်မှုများခံစားရပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်ပြသပြီး ကုသမှုခံယူကြရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများလည်း စည်းကမ်းစနစ်တကျလိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်တို့ကို အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်လျက်ရှိသည်။

ဘဦး(ပြန်/ဆက်)

ကြေးမုံ ယနေ့ ဖတ်စရာ

ဖိလစ်ပိုင်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၃၉ ဦး တွေ့ရှိပြီး ၈၅ ဦး ထပ်မံသေဆုံး

စာမျက်နှာ » ၁၁

ရုရှား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သန်းကျော်အထိ ရှိလာ

စာမျက်နှာ » ၁၂

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တားဆီးမှုအပေါ် တရုတ်နိုင်ငံ၏ လုပ်ဆောင်ချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျွမ်းကျင်ပညာရှင် ချီးကျူး

စာမျက်နှာ » ၁၃

အမ်ဘတ်ပီရဲ့ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ဆီဗီဒင်ကို ပြင်သစ်အနိုင်ရ

စာမျက်နှာ » ၂၇

WLC-14 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စက်တင်ဘာ ၂၅ ရက်တွင် ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာလက်ခမောင်းကုမ္ပဏီက စီစဉ်သည့် WLC-14 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် ပရိသတ်မပါဘဲ ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂၈ ရက်တွင် WLC-12 ပြိုင်ပွဲ ကျင်းပပြီးနောက် တစ်လနီးပါးအကြာတွင် WLC-14 ပြိုင်ပွဲ ထပ်မံကျင်းပခြင်းဖြစ်သည်။ ပုံမှန်အရ ယခုပြိုင်ပွဲကို WLC-13 အမည်ဖြင့် ကျင်းပရမည်ဖြစ်သော်လည်း ၁၃ ဂဏန်းကိုကျော်ကာ WLC-14 အမည်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် လိုက်ဝယ်လ်တာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ အန်တိုနီယိုနှင့် စိန်ခေါ်သူ စပိန်နိုင်ငံသား မီညာလက်စ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အန်တိုနီယိုသည် WLC ပြိုင်ပွဲတွင် ထိုးသတ်ထားသည့် သုံးပွဲစလုံး အလဲထိုးဖြင့် အနိုင်ရထားပြီး စောထူးအောင်ကို အနိုင်ရကာ ကမ္ဘာ့ချန်ပီယံဖြစ်လာခြင်းဖြစ်သည်။

စိန်ခေါ်သူ မီညာလက်စ်သည် ၁၀ စုနှစ် နှစ်ခုကြာ တိုက်ခိုက်ရေးပြိုင်ပွဲများတွင် ကျင်လည်နေသူဖြစ်ပြီး WLC လိုက်ဝယ်လ်တာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စိန်ခေါ်ထိုးသတ်ခြင်း ဖြစ်သည်။ မြန်မာလက်ခမောင်းသည် WLC-14 ပြိုင်ပွဲတွင် ပါဝင်မည့် အခြားတွဲဆိုင်းများကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

ရှိုင်းထက်ဇော်